

လူငယ်တွေပဲဖတ်ဖတ် လူကြီးတွေပဲဖတ်ဖတ်
နည်းနည်းဖတ်ပြီး များများတွေးဖို့

# တွင်း

## အတွေးစာစကား

ဦးဘုန်း၊ဓာတု၊
မန္တလေး

ဒုတိယအကြိမ်

# တွင်း

အတွေးစာစကား

ဦးဘုန်း၊ဓာတု၊
မန္တလေး

design Antt Bwere Zin

လင်းလွန်းခင်စာပေ

အမှတ်-၄၉၊ ပထမထပ် (ဝဲ)၊

လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၂၉၃၄၀၁၊ ၀၉ ၂၂၀ ၁၇၃၀

အကြံပြု ဝေဖန်စာများ ရေးသားပေးပို့လိုပါလျှင်


ဦးဘုန်း ၊ဓာတု၊ မန္တလေး

သံယောဇဉ်နွယ်ဂေဟာ

ယ/၅၊ ခြံအမှတ် (၄၂)၊ လမ်းသွယ် (၁၄)၊

အရှေ့ကျွဲဆည်ကန်၊ မန္တလေး။

ဖုန်း (စာရေးသူ) - ၀၉ ၆၈၀၁၀၈၂၊ ၀၉ ၄၄၄၀၂၆၄၀၉

ဖုန်း (အိမ်) - ၀၉ ၆၈၀၁၁၄၃၊ ၀၉ ၉၁၀၂၇၄၅၉၊

ဖုန်း (မန်နေဂျာ) - ၀၂ ၉၁၀ ၁၁၁၃၅



လူငယ်တွေပဲဖတ်ဖတ်...

လူကြီးတွေပဲဖတ်ဖတ်...

နည်းနည်းဖတ်ပြီး... များများတွေးဖို့...

# တွင်း အတွေးစာစကား

## ဦးဘုန်း (ဓာတု) မန္တလေး

**ထုတ်ဝေသည့်အကြိမ်**
ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးသိန်းလွင် (လင်းလွန်းခင်စာပေတိုက်)
အမှတ် (၆၃)၊ ၅-လွှာ(ဝဲ)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။

**ပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်)
အမှတ် (၁၈၄/ဘီ)၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာ**
ပုံရိပ်ရှင်

**မျက်နှာဖုံးဒီဇိုင်း**
အံ့ဘွယ်ဇင်

**အတွင်းသရုပ်ဖော်**
ကိုဝင်းကို

**အတွင်းဖလင်**
A-7 Group

**မျက်နှာဖုံးဖလင်**
Eagle

**တန်ဖိုး**
၁၅၀၀ ကျပ်

၀၀၈.၈၄
ဦးဘုန်း(ဓာတု) မန္တလေး
တွင်း/ဦးဘုန်း(ဓာတု) မန္တလေး။ - ရန်ကုန်။
လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၃။
စာ-၁၅၂၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) တွင်း

# မာတိကာ


| | | |
|---|---|---|
| - | သိုက်ထွန်းသက်၏ အမှာစာ (ပထမအကြိမ်) | ၉ |
| - | စာရေးသူ၏ အမှာစာ (ပထမအကြိမ်) | ၁၅ |
| - | စီစဉ်သူ၏ အမှာစာ (ပထမအကြိမ်) | ၁၇ |
| ၁။ | တွင်း | ၂၁ |
| ၂။ | ရက်လည်ဆွမ်း | ၂၉ |
| ၃။ | မန်ကျည်းစေ့ကလေးများ | ၃၅ |
| ၄။ | ဦးဘုန်း(ခေတ္တ)မှာ မိန်းမသုံးယောက် ရှိပါသည် | ၄၁ |
| ၅။ | ဝမ်းတေဘယ်လ် | ၄၉ |
| ၆။ | ရေမွှေး | ၅၅ |
| ၇။ | တိုက်တန်းနစ် | ၆၁ |
| ၈။ | လောဘသေတ္တာ | ၆၇ |
| ၉။ | ဒူးရင်းသီးပုံပြင် | ၇၃ |
| ၁၀။ | ရှားပါးခေတ်ပုံ | ၈၁ |
| ၁၁။ | ပန်းသီး | ၈၇ |
| ၁၂။ | အာဖတာ-ယူ | ၉၅ |
| ၁၃။ | ပရဲဇင့် | ၁၀၁ |
| ၁၄။ | လိပ်စာကတ် | ၁၀၇ |
| ၁၅။ | အမှိုက်ပုံ | ၁၁၃ |
| ၁၆။ | သားသမီးပခုံးထက်က... | ၁၁၉ |
| ၁၇။ | အတ္တဥခွံ | ၁၂၅ |

၁၈။ မုန်လာဥနှင့် ကြက်ဥ ၁၃၃
၁၉။ ဥတ်… မောနင်း ၁၃၉
၂၀။ ပန်းကန်ပြားတီးတဲ့ အရူး ၁၄၇


■

# ရပ်တန့်မနေသော စာရေးဆရာနှင့် ရွှေလျှားနေသော စာဖတ်ပရိသတ်

ကျွန်တော် စာရေးစက မဂ္ဂဇင်းကြီးတစ်ခု၏ စာမူလက်ခံဌာနမှ စာမူ မှတ်ပုံတင်ထားသော စာအုပ်ကြီးတစ်အုပ်ကို ကြည့်ရှုလေ့လာခွင့် ရရှိခဲ့သည်။ ထိုစာအုပ်ကြီးတွင် မဂ္ဂဇင်းတိုက်သို့ ပို့သမျှစာမူများကို မှတ်တမ်းပြုစုထားသည်မှာ စနစ်ကျလှပါသည်။

စာမူလက်ခံသည့်ရက်စွဲ၊ ကလောင်အမည်၊ စာမူခေါင်းစဉ်၊ ပေးပို့သူ၏ လိပ်စာ၊ အယ်ဒီတာချုပ်ထံ တင်ပြသည့်ရက်စွဲ၊ ရွေး/ပယ် စသည်ဖြင့် ခေါင်းစဉ် အသီးသီးအောက်မှာ ရေးသွင်းထားသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။ မကောင်းသည်မှာကား မှတ်တမ်းစာအုပ်ကြီး၏ စာမျက်နှာတိုင်းလိုလို ပယ်စာမူတွေချည်း ဖြစ်နေခြင်းပင်။ တစ်ကြောင်းချင်း ကြည့်သော်လည်း ရွေးစာမူ မတွေ့ရ။ တစ်ရွက်၊ နှစ်ရွက် လှန်ကြည့်သော်လည်း ရွေးစာမူ မတွေ့ရ။ လေးငါးခြောက်ရွက်အထိ လှန်ကြည့်သည့်တိုင် ရွေးစာမူ မတွေ့ရ။

စာမူတွေ အများကြီးထဲမှာ ရွေးစာမူ မတွေ့ရဘူး ဆိုတော့ မိမိ ပို့ထားမိသော ဝတ္ထုလေးအတွက် စိုးရိမ်စရာ ဖြစ်လာမိသည်။ မှတ်တမ်းစာအုပ်ကြီးကိုလှန်ရင်း ကျွန်တော့် လက်ကလေးတွေ တုန်လာသည်။ ရင်ခုန်သံကလည်း မြန်ပါဘိ။

တစ်နေရာမှာတော့ ကျွန်တော့်ဝတ္ထုလေးကို မှတ်ပုံတင်ထားတာ တွေ့ရသည်။ ကျွန်တော့်စာမူကို မည်သည့်နေရက်က အယ်ဒီတာချုပ်ထံ တင်ပြထားပြီး ဖြစ်သည်ကိုလည်း မှတ်ပုံတင်စာအုပ်ထဲက ရေးသွင်းချက်အရ သိလိုက်ရသည်။ အယ်ဒီတာချုပ်စားပွဲပေါ် ရောက်နေသည်မှာပဲ တစ်လနီးပါးလောက် ရှိပါပကော။

လင်းလွန်းခင်စာပေ

အရွေးကော ခံရပါ့မလား။ ထုံးစံအတိုင်း ဝါးလုံးသိမ်း ရိုက်ချခံရခြင်းဖြင့် အပယ်ခံဘဝ ရောက်ရဦးမှာလား။

ကျွန်တော်သည် မိမိစာမူလေးအတွက် အတော်လေး စိုးရိမ်သွားသည်။ မည်သည့်နည်းနှင့်မျှ အပယ်မခံနိုင် ဟူသောမာနကလည်း ရုတ်ခြည်း ငယ်ထိပ်ရောက်လာသည်။

တကယ်ဆို ကျွန်တော့်ဝတ္ထုလေးတွေက ဟိုမဂ္ဂဇင်းပါ၊ သည်မဂ္ဂဇင်းပါ ဖြစ်နေပြီ။ ကျွန်တော် ရန်ကုန်ရောက်တော့ အလည်သွားသည့် မဂ္ဂဇင်းတိုက်တိုင်းလိုလိုက ကျွန်တော့်ဝတ္ထုများကို လိုလိုချင်ချင် တောင်းနေကြပြီ။ သည်မဂ္ဂဇင်းမှာမှ ငါ့စာမူ အပယ်ခံ ဖြစ်ရလျှင်ဖြင့်…။

ကျွန်တော်သည် ယခုတိုင် မှန်သည်၊ မှားသည် မဆုံးဖြတ်နိုင်သေးသော လုပ်ရပ်တစ်ခုကို ပြုမူခဲ့သည်။

'အယ်ဒီတာချုပ်စားပွဲပေါ်က ကျွန်တော့် စာမူကလေးကို ပြန်ယူလို့ မရဘူးလား ခင်ဗျာ' ဟု မှတ်ပုံတင်စာအုပ်ကြီးကို ယူပြသည့် ဦးလေးကြီးအား ပြောလိုက်မိသည်။

ကျွန်တော့်စကားကြောင့် ဦးလေးကြီး အတော် အံ့သြသွားပုံရသည်။ 'ဘာလို့ ပြန်ယူနေမှာလဲ၊ နည်းနည်းစောင့်ပါဦး၊ အယ်ဒီတာချုပ် စားပွဲပေါ် ရောက်မင့်ပဲဟာ' ဟုလည်း နှစ်သိမ့်သည်။ ကျွန်တော်သည် ကျွန်တော့်ဝတ္ထုလေးကို ဦးလေးကြီးအား အားနာစွာ၊ ခေါင်းမာစွာဖြင့် ပြန်ယူလာခြင်းဖြင့် ထိုမဂ္ဂဇင်းအယ်ဒီတာချုပ်၏ ရွေးခြင်း၊ ပယ်ခြင်း တစ်ချက်လွှတ်အမိန့်ကို ရှောင်ကွင်းခဲ့သည်။

အဲသည်နောက်မှာတော့ မဂ္ဂဇင်းများစွာမှာ ဝတ္ထုတိုများ ဖော်ပြခံရသော စာရေးဆရာတစ်ယောက်၊ စာပေအကဲဖြတ်ဆရာများ၏ အထိုက်အလျောက် အသိအမှတ်ပြုခံရသော ဝတ္ထုတိုသမားတစ်ယောက် ဖြစ်လာသည်။ သို့သော် တစ်ခုသောမဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ်စားပွဲပေါ် ရောက်ရှိနေသော ကိုယ့်ဖန်တီးမှုအနုပညာ လက်ရာတစ်ခုကို မှတ်ကျောက်တင်မခံရဲဘဲ ထွက်ပြေးခဲ့သည့်အဖြစ်ကို အကြောင်းတိုက်ဆိုင်လာတိုင်း သတိရနေမိသည်။

ကျွန်တော်ကိုယ်တိုင် ဂျာနယ်တစ်စောင်၏ အယ်ဒီတာချုပ်တစ်ယောက် ဖြစ်လာသည့် အခါမှာမူကား…

ကျွန်တော်သည် ဂျာနယ်တစ်စောင်ကို ဝယ်ယူဖတ်ရှုလာမည့် စာဖတ်ပရိသတ်များအတွက် စာမူရွေးချယ်ရာတွင် အလွန်ကြေးထူသူတစ်ဦး ဖြစ်လာသည်။ ကျွန်တော် ပယ်ထားသည့် စာမူတွေကို တစ်နေ့တစ်နေ့ သိမ်းပေးနေရသည့် မောင်အေးလွင်လေးကပင် နားမလည်နိုင်သည့် မျက်လုံးတစ်စုံဖြင့် တစ်ခါတစ်ခါ လှမ်းကြည့်တာကို ခံရဖူးသည်။ ကိုယ့်ဆရာ အပယ်ကြမ်းလှချေလားရယ်လို့ပေါ့ . . .။

မတတ်နိုင်။ ကျွန်တော် ဘာမျှ မတတ်နိုင်။ ကျွန်တော့် ဂျာနယ်မှာ မဖြစ်မနေ ပင်တိုင်ပေးထားရသောနေရာများ (ဆရာများ) ရှိသည်။ ထိုနေရာများ (ဆရာများ) ကို ခပ်လွယ်လွယ်ပေးခဲ့သည် မဟုတ်။ ကျွန်တော့် ဂျာနယ်မှာ ပါသင့်ပါထိုက်သော စာမူများ ပုံမှန်ပါဝင်နိုင်ရေးအတွက် စာရေးဆရာနှင့် အယ်ဒီတာအဖွဲ့ ပြောဆိုညှိနှိုင်းပြီးမှ ထည့်သွင်းခဲ့တာဖြစ်သည်။ စာမူတစ်ပုဒ်စီအပေါ်မှာ စာဖတ်ပရိသတ်များ အကြိုက်ချင်း တူညီကြမည် မဟုတ်သော်လည်း ထိုစာမူအားလုံး သူ့တန်ဖိုးနှင့်သူ ရှိကြသည်ဟု မိမိကိုယ်တိုင် ယုံကြည်ထားသည်။ ထိုဆရာများ၏ စာမူများကို နေရာပေးရသည့်အပြင် အထွေထွေသော သတင်းများ၊ အင်တာဗျူးများအတွက်လည်း စာမျက်နှာများ ဖဲ့ပေးထားရသည်။ ကလောင်သစ်၊ ကလောင်စိမ်းတစ်ယောက်၏ စာမူ တစ်ပုဒ်တလေမျှကိုပင် နေရာပေးရန် အခက်အခဲ ရှိနေတတ်သည်။

ထိုအနေအထားထဲကမှ ဦးဘုန်း(ဓာတု)၏ စာတစ်ပုဒ်ကို ကျွန်တော်က ရွေးမိသွားသည်။ ဦးဘုန်း(ဓာတု)အတွက် နေရာလေးတစ်ခု ပေးလိုက်မိသည်။ ဦးဘုန်း(ဓာတု)က သူ ရရှိထားသော နေရာလေးတစ်ခုအပေါ်မှာ ရဲရဲကြီး ရပ်လိုက်သည်။ သူ့စာမူတစ်ပုဒ် ပါလာပြီးသည့်အခါ မေတ္တာလက်ဆောင် ဂျာနယ်နှင့် စာမူခ လာထုတ်ရင်း နှစ်ပုဒ်ထပ်ပေးသည်။

'အယ်ဒီတာက ဂျာနယ်မှာ တစ်ပုဒ်တလေ သုံးရုံမျှဖြင့် ဆက်တိုက် သုံးလိမ့်မယ်လို့ထင်ရင် ကိုယ့်ဆရာ မှားသွားလိမ့်မယ်' ဟုလည်း စိတ်ထဲက ကျိတ်ပြီး ပြောမိသည်။ အပြင်ပန်းမှာတော့ အယ်ဒီတာတို့မာယာနှင့် သူ ဆေးသည့်စာမူကို လိုလိုလားလား လှမ်းယူလိုက်သည်။

ထိုစာမူနှစ်ပုဒ်ကိုတော့ ဝတ္တရားရှိသည့်အတိုင်း ဖတ်လိုက်ပါသည်။ ဖတ်ပြီးသွားပါပြီ။ သည်စာမူနှစ်ပုဒ်ကိုကော မောင်အေးလွင်လေး သိမ်းဆည်း

ရန် ပယ်စာမူဖိုင်တွဲထဲဆီသို့ ပို့ရဦးမည်လော။ မပို့ပါ။ ဆရာကောင်းဇော်ဂျာနယ်တိုက်အလာကိုပင် မစောင့်နိုင်ဘဲ ဖုန်းနှင့် လှမ်းအကြောင်းကြားကာ ဦးဘုန်း(ဓာတု)၏ စာမူနှစ်ပုဒ်အတွက် သရုပ်ဖော်ပုံများ ရေးပေးရန် အပ်ဖြစ်လိုက်သည်။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ စာပေလက်ရာအနုပညာများကို ပြသရန် အယ်ဒီတာစားပွဲများအား ဖြတ်သန်းရပါသည်။ အယ်ဒီတာမင်းများသည် စာရေးဆရာ၊ စာရေးဆရာလောင်းများ၏ စာမူများအတွက် အဆုံးအဖြတ်ပေးသူများ ဖြစ်ပါသည်။ သို့သော် တကယ်ဆုံးဖြတ်ပေးသူမှာ စာဖတ်ပရိသတ်သာလျှင် ဖြစ်ပါသည်။ စာဖတ်ပရိသတ်များစွာက ဦးဘုန်း(ဓာတု)၏ စာများကို စဉ်ဆက်မပြတ် ထည့်ပေးပါဟု တောင်းဆိုလာသောအခါ ကျွန်တော့်ဘက်က ထည့်ပေးနိုင်ဖို့ စာမျက်နှာများ ညှိယူရသည်။ ထို့ပြင် စာရေးသူဦးဘုန်း(ဓာတု)နှင့်လည်း ဆွေးနွေးရသည်။

ကျွန်တော်တို့သည် ဂျာနယ်တစ်စောင်တွင် ထမင်းပွဲတစ်ပွဲပမာ သဘောထားပြီး အစပ်အဟပ်လည်း တည့်အောင်၊ အရသာလည်း စုံလင်အောင်၊ အာဟာရဓာတ်လည်း ပြည့်စုံအောင်၊ မြင်ရုံမျှနှင့်လည်း စားချင်စိတ်ပေါ်လာအောင်၊ တစ်ခါစားဖူးသည်နှင့် နောက်လည်း စားချင်အောင် ပေါင်းစပ်ဖန်တီးပေးရပါသည်။ အင်မတန် ခက်ခဲလှသည့် အလုပ်ကြီးတစ်ခုဟု မဆိုနိုင်စေကာမူ သိပ်တော့လည်း မလွယ်လှပါ။

တစ်ခါတစ်ခါတော့ ဘောလုံးနည်းပြတစ်ယောက်လို စဉ်းစားရသည်များလည်း ရှိပါသည်။ ရွေးထားမိသည်ကတော့ အကောင်းတွေချည်း။ သို့သော် သုတတွေချည်း ဖြစ်နေလျှင်၊ သမိုင်းတွေချည်းဖြစ်နေလျှင်၊ ပညာပေးချည်းဖြစ်နေလျှင် စုပြုံထည့်လို့မဖြစ်ပါ။ တစ်ဦးချင်း အရည်အသွေး မည်မျှကောင်းကောင်း ကစားပုံချင်း ထပ်နေ၍ တွဲဖက်မသုံးသင့်သည့် ဘောလုံးသမားများလို ဆရာများလည်း ရှိသည် မဟုတ်ပါလား။

ဦးဘုန်း(ဓာတု)၏ စာတွေကတော့ ဘယ်ဆရာ့စာနှင့်တွဲတွဲ တွဲဖက်သုံးလို့ရသည်။ စာဟောင်းစာကောင်းတွေနဲ့လည်း တွဲသုံးလို့ရသည်။ အအီပြေပါသည်။ အတွေးရဲရဲ၊ အရေးရဲရဲစာများနှင့်လည်း တွဲသုံးလို့ရပါသည်။ အစပ်ပြေပါသည်။ တချို့က ဦးဘုန်းမှဦးဘုန်း ဖြစ်လာကြသည်။ ဦးဘုန်း

(ဓာတု) ၏စာမှ စာဟု ထင်သူများပင် ရှိလာကြသည်။ ကိုယ်တိုင်ကြုံဖူး၊ အပြောခံရဖူးသဖြင့် ထည့်ရေးရခြင်း ဖြစ်ပါသည်။ ဦးဘုန်း (ဓာတု) က စီရော်နယ်လ်ဒိုလို နာမည်ကြီးလာလေတော့ မောင်ပိုင်စီးထားချင်စိတ်များပင် ပေါ်လာသေးတော့သည်။

စာရေးဆရာကို အယ်ဒီတာက မောင်ပိုင်စီးထားလို့ ရစကောင်းလား။ တကယ်လည်း ဦးဘုန်း(ဓာတု)ကို ဘယ်အယ်ဒီတာမှ မပိုင်ပါ။ ဦးဘုန်း (ဓာတု) ရေးချင်သည့်ဂျာနယ်မှာ စိတ်ရှိတိုင်း ရေးခွင့်ရှိနေပါသည်။ ရေးလည်း ရေးရပါမည်။ ဂျာနယ်သာမက သတင်းစာမှာလည်း ဝင်ရေးတာ တွေ့ရပါသည်။

ဦးဘုန်း(ဓာတု)ကို ဦးဘုန်း(ဓာတု)ကိုယ်တိုင်ကော ပိုင်ပါသလား။ ကျွန်တော် စွဲစွဲမြဲမြဲ လက်ခံထားတာကတော့ စာရေးသူကိုရော၊ အယ်ဒီတာကိုရော ဂျာနယ်ကိုပါ စာဖတ်ပရိသတ်သာလျှင် ပိုင်သည်ဟူသော အယူအဆ ဖြစ်သည်။

ဦးဘုန်း(ဓာတု)ကို ပိုင်ဆိုင်သူမှာ စာဖတ်ပရိသတ်များသာလျှင် ဖြစ်ပါသည်။ ဦးဘုန်း(ဓာတု) သတိပြုစေရန် အလေးအနက် ပြောလိုသည်မှာလည်း စာဖတ်ပရိသတ်များနှင့် ပတ်သက်သောအချက်သာ ဖြစ်ပါသည်။

စာရေးသူ တစ်ယောက်သည် စာဖတ်ပရိသတ် အကြိုက်နောက် တကောက်ကောက်လိုက်ပြီး ရေးသွားမည်လော။

စာဖတ်ပရိသတ်အချို့မှာ နေမြဲနေရာမှာပင် ရပ်တန့်နေတတ်ကြပါသည်။ စာဖတ်ပရိသတ်အချို့ကား ရှေ့သို့မှန်မှန် ရွေ့လျားလျက် ရှိတတ်ကြပါသည်။ စာရေးဆရာဆိုသည်မှာ ရှေ့သို့ရွေ့လျားနေသော စာဖတ်ပရိသတ်နှင့် အတူ ရှင်သန်နိုင်ဖို့ လိုအပ်ပါသည်။

ရွှေမန္တလေး သတင်းဂျာနယ်တွင် ဖော်ပြပါရှိပြီးသော ဦးဘုန်း(ဓာတု) ၏ စာများသည် စာအုပ်တစ်အုပ်အဖြစ် တစုတစည်းတည်း ရောက်ရှိလာပါသည်။

ဦးဘုန်း(ဓာတု)၏ စာဖတ်ပရိသတ်များသည် သူတို့မြတ်နိုးသည့် စာရေးဆရာ၏ စာတွေကို တစုတစည်းတည်း တွေ့မြင်ရပြီ ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဝယ်ယူအားပေးကြပါလိမ့်မည်။

လင်းလွန်းခင်စာပေ

ထိုစာဖတ်ပရိသတ်များထဲမှာ ရွှေ့လျားနေသော စာဖတ်ပရိသတ် အများဆုံး ပါဝင်မည်ဟု မျှော်လင့်မိပါသည်။

သိုက်ထွန်းသက်
၁၆-၆-၂၀၀၉

■

## စာရေးသူ၏ အမှာစာ

ကျွန်တော့်ရဲ့စာတွေကို ဘယ်လိုပြောရမှန်း မသိပါ။ အက်ဆေးလည်း မဟုတ်ပါ။ ဝတ္ထုတိုလည်း မဟုတ်ပါ။ ဒါပေမဲ့ နေ့စဉ် ကြုံတွေ့ရတဲ့ အဖြစ်အပျက်ကလေးတွေကို ကျွန်တော် တွေးတတ်သလိုတွေးပြီး ရေးတတ်သလို ရေးထားတဲ့စာတွေ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့စာတွေကို မန္တလေးမြို့မှာ ထုတ်ဝေတဲ့ ရွှေမန္တလေး သတင်းဂျာနယ်ကို ပို့ကြည့်တယ်။ ပထမတော့ အရွေးချယ်မခံရပါဘူး။ ဒီလိုနဲ့ ၂၀၀၆ ခုနှစ်လောက်မှာ ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပါတယ်။ ကိုယ့်စာလေးတွေ ဂျာနယ်စာမျက်နှာပေါ်မှာ ပါလာတယ်ဆိုတော့ ပျော်တာပေါ့။ ရေးချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ တွန်းအားတွေ ဖြစ်လာတယ်။ ဒီလိုနဲ့ စာရေးဖြစ်လာပါတယ်။

စာတွေ ရေးချင်လာတော့ မြင်သမျှ တွေ့သမျှကို အမှတ်တမဲ့ မနေတတ်တော့ဘူး။ ကိုယ့်ပတ်ဝန်းကျင်ကို သတိနဲ့ကြည့်တတ်တဲ့အကျင့် ရလာတယ်။ ဉာဏ်နဲ့ဆင်ခြင်တတ်တဲ့အကျင့် ရလာတယ်။ စာတွေရေးရင်းနဲ့ စာတွေလည်း ပိုပြီး ဖတ်ဖြစ်လာတယ်။ စာရေးချင်နေတဲ့သူဆိုတော့ သူများတွေရဲ့ တွေးဟန်၊ ရေးဟန်၊ တင်ပြဟန်တွေကို လေ့လာချင်တဲ့သဘောနဲ့၊ စူးစမ်းတဲ့သဘောနဲ့ ဖတ်တတ်၊ မှတ်တတ်လာပါတယ်။ ရေးရင်းရေးရင်းနဲ့ ရေးတတ်လာပါတယ်။ ယခု စာအုပ်ထဲရှိစာများမှာ ရွှေမန္တလေး သတင်းဂျာနယ်မှာ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်၊ ဧပြီလအထိ ဖော်ပြပြီးဖြစ်တဲ့ အတွေးစာတားများ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့စာတွေဟာ ဖတ်ပြီးရင် တွေးစရာလေးတွေ ကျန်နေတတ်တယ်။ စာတွေက အရှည်ကြီး မဟုတ်ဘူး။ ဒါကြောင့် စာဖတ်သူတွေ မငြီးငွေ့

ဘူး။ ဖတ်ရတာ ပျော်တယ်။ ဖတ်ပြီးရင် အချင်းချင်း ဆွေးနွေးစရာလေးတွေ၊ ငြင်းခုံစရာလေးတွေ၊ အပြန်အလှန်ပြောစရာ စကားလေးတွေ ရှိနေတတ်တယ်လို့ စာဖတ်ပရိသတ်က အမျိုးမျိုးဝေဖန်ကြတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဘာရေးရတာ ပျော်ပါတယ်။

ဒီစာအုပ်ဖြစ်ဖို့အတွက် ကျေးဇူးတင်ရမယ့်လူတွေ အများကြီးပါပဲ။ ပထမဆုံး ကျေးဇူးတင်ရမယ့်သူကတော့ ဆရာသိုက်ထွန်းသက်ပါပဲ။ သူ့ကြောင့် ကျွန်တော် စာရေးဖြစ်ခဲ့တာပါ။ သူ့ရဲ့အားပေးမှုကြောင့် ကျွန်တော် စာတွေကို ပိုပြီး ဖတ်ဖြစ်တယ်၊ ရေးဖြစ်လာတယ်။ ဒုတိယကျေးဇူးတင်ရမယ့် သူကတော့ ရွှေမန္တလေးသတင်းဂျာနယ်က မိတ်ဆွေ၊ သူငယ်ချင်းတွေကိုပါပဲ။ သူတို့က ကျွန်တော့်စာကို ဖတ်ချင့်စဖွယ်ဖြစ်အောင် စာအလှပြင်ဆင်ပေးကြတယ်။ တတိယကျေးဇူးတင်ရမယ့်သူကတော့ ကျွန်တော့်စာကို သရုပ်ဖော်ပုံ အမြဲရေးဆွဲပေးတဲ့ ပန်းချီနဲ့ကာတွန်းဆရာ (ဦး)ကောင်းဇော် (ခေါ်) (ကို)လေရှူးပါပဲ။

နောက်ပြီး အမြဲတမ်း သတိတရနဲ့ ကျေးဇူးတင်နေရမယ့်သူတွေကတော့ မန္တလေးမြို့က မန္တလေးမြို့ကိုချစ်တဲ့ ရွှေမန္တလေး သတင်းဂျာနယ် စာဖတ်ပရိသတ်ပါပဲ။ သူတို့ကြောင့်သာ ဦးဘုန်း(ဓာတု)ဆိုတဲ့ စာပေကလောင် တစ်ချောင်း ဖြစ်လာခဲ့ရတာပါ။ ဒီစာအုပ်ကို ထုတ်ဝေဖြစ်ဖို့လည်း ဆရာသိုက်ထွန်းသက်မှ အကြံဉာဏ်ပြုပါတယ်။ ယခုစာများသည် ရွှေမန္တလေးသတင်းဂျာနယ်ထဲမှာသာ ရေးသားခဲ့တဲ့ အတွေးစာစကားများ ဖြစ်ပါတယ်။

စာဖတ်သူတွေ အားလုံးအတွက် ကျွန်တော် စာရေးနေဦးမှာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးဘုန်း(ဓာတု) မန္တလေး

■

# စိစဉ်သူ၏ အမှာစကား

ကျွန်တော်နဲ့ ဆရာဦးဘုန်း(ဓာတု)တို့ လူချင်း တွေ့ဆုံရင်းနှီးခဲ့ရတာ သိပ်တော့ မကြာလှသေးပါဘူး။ သူ့စာတွေနဲ့ကတော့ မန္တလေးရောက်ကတည်းက ထိတွေ့ဖြစ်နေတယ် ဆိုပါတော့။ မန္တလေးမှာ နေဖြစ်တော့လည်း ရွှေမန္တလေးဂျာနယ်ကို အမြဲလိုဖတ်ဖြစ်နေတာမို့ ဦးဘုန်းရဲ့ ဆောင်းပါးတွေနဲ့ ရင်းနှီးနေခဲ့တာပါ။

လူချင်းကတော့ ဆရာမောင်သင်းထုံ(ကျောက်မဲ) မိတ်ဆက်ပေးလို့ ခင်မင်လာတာနဲ့အမျှ ဆရာ ပြင်ဦးလွင်ကို စာသင်လာတဲ့အခါတိုင်း ရံဖန်ရံခါ တွေ့ဖြစ်ကြပါတယ်။ ဆရာ လက်ဆောင်ပေးထားလို့ 'နီးနီးဝေးဝေး အတွေးလက်ဆောင်' စာအုပ်လေး ရခဲ့ပေမယ့် တော်တော်နဲ့ မဖတ်ဖြစ်သေးပါဘူး။ အလုပ်သာ မည်မည်ရရ မပြနိုင်တာ၊ ကျွန်တော်ဖြင့် သိပ်အားလှတယ်လို့ မရှိပါဘူး။ အဲဒီ မအားတာကလည်း ထွက်သမျှတွေထဲက စိတ်ကြိုက်တွေ့တဲ့ မဂ္ဂဇင်း၊ ဂျာနယ်တွေ ဝယ်ဖတ်ဖြစ်နေတာကြောင့်ပါပဲ။ တစ်ခါတစ်ရံမှာတော့ ကိုယ်ထုတ်ဝေပေးမယ့် စာမူလေးတွေ ဖတ်ရှု၊ စိစစ်၊ ပရု(ဖ်)ဖတ်၊ အချောပြင် ဒါတွေနဲ့ပဲ ဘယ်ကိုမှလည်း သိပ်မသွားဖြစ်ပါဘူး။

စိတ်အေးလက်အေးရှိတဲ့ တစ်နေ့မှာတော့ ဆရာ့စာအုပ်လေးကို ဖတ်ကြည့်လိုက်ပါတယ်။ စာအုပ်မျက်နှာဖုံးမှာ တင်ထားတဲ့ 'လူငယ်တွေပဲ ဖတ်ဖတ်၊ ငွေကြေးတွေပဲဖတ်ဖတ် နည်းနည်းဖတ်ပြီး... များများတွေးဖို့...' ဆိုတဲ့ စာပိုဒ်တလေးကခုပြီး ငြိသွားတာ၊ လက်က မချဖြစ်တော့ပါဘူး။

တကယ်တော့ စာဖတ်သူများ သိကြတဲ့အတိုင်း ကျွန်တော်က စကားပြေ သုတစာပေတွေကို တရိုက်မက်မက် ရင်ခုန်ဖတ်ရှု ထုတ်ဝေနေတဲ့သူ တင်ဆက်မှု ဒီဘာစုလေးတွေကို တွေ့တွေ့ချင်း ရင်မခုန်ခဲ့ပါဘူး။ လူဆိုတာ

အမြဲတွေးတော ကြံဆနေတတ်တဲ့ သတ္တဝါတစ်မျိုးပဲလေ။ ကျွန်တော်လည်း တွေးတတ်တာပါပဲ။ တွေးလည်း တွေးချင်တာပါပဲ။ ဒါပေမဲ့ ကျွန်တော့် ဝါသနာကိုက ရင်ထဲမှာခံစားရတဲ့ ရသစာပေလောက်ကိုပဲ အားသန်နေတာမို့ ဒီလောက် တစ်ဆက်တည်း ဖတ်ဖြစ်လိမ့်မယ်၊ ဖတ်နိုင်လိမ့်မယ်လို့ မထင်ခဲ့မိတာကိုတော့ ရိုးသားစွာပဲ ဝန်ခံရမှာပါ။

ဆရာက စာအသင်အပြကောင်းလွန်းသူမို့ ထင်ပါရဲ့။ ဆရာ့စာတွေက ဖတ်လိုက်ရင် ရှင်းရှင်းလင်းလင်းနဲ့ သိမြင်သွားပြီး ကိုယ့်ကို ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သလိုပါပဲ။ အဲဒီမှာ ကျွန်တော် ဘာကို တွေးမိသွားသလဲဆိုတော့ ကျွန်တော့်ရဲ့ လင်းလွန်းခင်စာပေတိုက်အနေနဲ့ ဒီလိုစာမျိုးလေးတွေလည်း ထုတ်ဝေဖြန့်ချိလိုက်မယ်ဆိုရင် စာဖတ်သူ အနည်းနဲ့အများ အသိလေးတွေ ရနိုင်သွားမှာပဲလို့။

ဒီဘက် စာဖတ်ပရိသတ်တွေအနေနဲ့ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ရသစာတမ်းနဲ့ တက်ကျမ်းတွေအပြင် မဂ္ဂဇင်း၊ ဂျာနယ်ပေါင်းစုံကို ရွေးချယ်ဖတ်ရှုနေကြတာဆိုတော့ ကျွန်တော်တို့ထက် အသိတရား ပိုပြည့်စုံထားတဲ့သူလည်း အများကြီးပါ။ အဲဒီမှာမှ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို ကျန်ခဲ့တာလေးတွေ၊ လုံးဝကို မတွေ့မမြင် မဖတ်ရှုရသေးတဲ့ စာဖတ်ပရိသတ်တွေလည်း ရှိဦး၊ ဖတ်ချင်ဦးမှာပဲ ဆိုပြီး ထုတ်ချင်သွားတာပါ။

ဒါနဲ့ ဆရာနဲ့ ဆွေးနွေးကြည့်လိုက်တော့ ဆရာ့မှာ ဂျာနယ်ထဲပါပြီးပေမယ့် ထုတ်ဝေဖြန့်ချိခြင်း မပြုရသေးတဲ့စာတွေ အများကြီးပဲ ဆိုတာ သိလိုက်ရတာမို့ ဖတ်ကြည့်ဖို့ တောင်းဆိုရပါတယ်။ ဖတ်ကြည့်ပြီးတော့လည်း စိတ်အားထက်သန်နေတာမို့ 'တွင်း အတွေးစာစကား' ဆိုတဲ့ စာအုပ်လေးကို စထုတ်ဖြစ်ဖို့ အကြောင်းတိုက်ဆိုင်သွားပါတယ်။ ဘာပဲပြောပြော မြန်မာပြည်တစ်နံတစ်လျား ဒီစာအုပ်လေး ရောက်သွားရင်တော့ ဖတ်ရှုရတဲ့ပရိသတ်လည်း ပိုများသွားမယ်၊ ပိုပြီးလည်း ကျေနပ် နှစ်သက်သွားကြလိမ့်မယ်လို့လည်း ထင်မိပါတယ်။


စာဖတ်သူရဲ့လက်ထဲကို ဒီစာအုပ်လေး ပို့နိုင်ဖို့အတွက် ဆရာဦးဘုန်း (ဓာတု) ကို ဦးစွာ ကျေးဇူးတင်စကား ပြောလိုပါတယ်။ စီစဉ်ပေးတဲ့ ဆရာကောင်းကျော် (စီးပွားရေးတက္ကသိုလ်)၊ မျက်နှာဖုံးဒီဇိုင်း ဆရာလင်းဝဏ္ဏ၊

အတွင်းပန်းချီသရုပ်ဖော် ဝင်းကို၊ စာအုပ်ဖြန့်ချိပေးတဲ့ မျိုးဆက်သစ်စာပေ တို့ကို အထူးပဲ ကျေးဇူးတင်ပါကြောင်း ပြောကြားရင်းနဲ့ ရပ်နားပါရစေ။

သိန်းလွင် (ကျောက်ပုထိုး)
လင်းလွန်းခင်စာပေ
၉၊ ဩဂုတ်၊ ၂၀၀၉။

■

# တွင်း



အရောင်တောက်ပနေတဲ့ မြွေတွေရဲ့မျက်လုံးတွေကို
စိန်ရွှေအမှတ်နဲ့ ရယူဖို့ ကြိုးစားရင်း
ဆုံးရှုံးမှုတွေ၊ နောင်တတွေ၊ မျက်ရည်တွေ၊
ဆင်းရဲခြင်းတွေ၊ ခံစားချက်တွေနဲ့ရင်းလို့
သိလာခဲ့ရတဲ့ လူကြီးတွေရဲ့ ဆုံးမစကားကို
လူငယ်လေးတွေ နားလည်စေချင်လို့
ဒီပုံပြင်လေးနဲ့ ပြောပြလိုက်ပါတယ်။
မယုံရင်... တွင်းထဲကို ခုန်ဆင်းလိုက်။

## တွင်း

ကိုယ်ချင်းလည်း မစာဘူး။
သူတို့တုန်းကတော့ နေချင်သလိုနေပြီး
ငါတို့ကျမှ ဟိုလို မနေနဲ့၊ ဒီလို မနေနဲ့။
ဟိုလိုလေး လုပ်ကြည့်ပါလား။
ဒီလိုလုပ်တာ မှားတယ်။
တော်တော်ကို ကိုယ်ချင်းမစာကြတဲ့ လူကြီးတွေပဲ။

■

''ဒီအရွယ်မှာ ရည်းစား မထားရဘူးနော်''
သူတို့တုန်းကတော့ ထားခဲ့ကြတယ်။
ကျွန်တော်တို့ကျမှ မထားနဲ့တဲ့ဗျာ။
''မပျင်းကြနဲ့၊ ပျင်းရင် ပညာ မရဘူး''

သူတို့လည်း ကျွန်တော်တို့အရွယ်တုန်းက ပျင်းခဲ့ကြတာပဲ မဟုတ်လား။

''ပိုက်ဆံစုကြ၊ မဖြုန်းကြနဲ့''

တော်တော် အပြောကောင်းတယ်။ သူတို့ ပိုက်ဆံမစုခဲ့ကြလို့၊ ငွေတွေကို ဖြုန်းတီးခဲ့ကြလို့ ကျွန်တော်တို့ ဒီလိုနေနေကြရတာ မဟုတ်ဘူးလား။

''အရက်မသောက်နဲ့ ငါ့သား''

အဖေ့ပါးစပ်မှာ အရက်နံ့တွေနဲ့၊ ကျွန်တော့်ကို လာပြီး ဆုံးမနေတယ်။

''ဆေးလိပ်သောက်တာ မကောင်းဘူး''

သူ့အိတ်ထောင်ထဲမှာ စီးကရက်ဘူးကြီးနဲ့။ ဆေးလိပ်မကောင်းကြောင်း တရားလာပြီး ဟောတယ်။ ရယ်စရာကောင်းလိုက်တာ။

''မနေနိုင်ရင် ကွန်ဒုံး သုံးကြနော်''

လာလာချေသေး။ လူကြီးတွေက လူငယ်တွေကို ဆုံးမကြတယ်။

လူငယ်တွေရဲ့ရင်ထဲမှာ 'စောဒက' တွေ အများကြီးပဲ။ လူကြီးတွေရဲ့ ဆုံးမစကားကို တစ်ဖက်သတ် ပြောတယ်လို့ မြင်ကြတယ်။ ကိုယ်ချင်း မစာဘူးလို့လည်း ခံစားကြတယ်။ သူတို့ လုပ်ချင်ရာလုပ်ခဲ့ပြီးမှ ငါတို့အလှည့်မှာ လုပ်ချင်ရာ လုပ်ခွင့် မပေးဘူး။ မတရားဘူး။

ဒီလို လူငယ်တွေအတွက် ကျွန်တော် ပုံပြင်လေးတစ်ပုဒ်လောက် ပြောပြပါရစေ။

■

တစ်ခါတုန်းကပေါ့...။ ရတနာသိုက်ရှိတယ်လို့ နာမည်ကြီးနေတဲ့ ဒေသတစ်ခု ရှိတယ်။ အဲဒီဒေသမှာ ရတနာတွေကို လိုက်ပြီးရှာကြတဲ့ ရတနာ မုဆိုးတွေလည်း ရှိတယ်။ တစ်ရက်မှာ မိုးကြီးလေကြီး ကျပါလေရော။ မိုးတွေကလည်း သဲသဲမဲမဲ ရွာတယ်။ ချောင်းရေတွေ ဒလဟောစီးလို့ မြေတွေ ပြိုတယ်။ သစ်ပင်တွေ လဲတယ်။ အဲဒီအခါမှာ တောစပ်တစ်ခုရဲ့ ချောင်းနံဘေးမှာ ရေတွင်းဟောင်းကြီးတစ်ခု ပေါ်လာတယ်။ အဲဒီတွင်းရဲ့ နှုတ်ခမ်းဝမှာ လူတွေဝိုင်းအုံပြီး တွင်းထဲကို စိုက်ပြီး ကြည့်နေကြတယ်။

''ဟာ... တွင်းထဲမှာ လက်လက် လက်လက်နဲ့ ရွှေတွေဖြစ်မယ်ကွ''

''မဟုတ်ဘူး၊ ပတ္တမြားခဲတွေ နေမှာပါ''

''ငါကတော့ စိန်ရောင်တွေ တောက်နေတယ် ထင်တာပဲ''

''မဟုတ်ဘူးကွ၊ ရှေးဟောင်း ရွှေငွေပစ္စည်းတွေ နေမှာ''

''ငါတို့ရှာနေတဲ့ ရတနာသိုက် တွေ့ပြီကွ''

တွင်းနှုတ်ခမ်းဝမှာ ဝိုင်းအုံပြီး ကြည့်နေကြတဲ့ လူတွေအားလုံးဟာ တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။ အားလုံးဟာလည်း 'လောဘ' မျက်လုံးတွေ ကိုယ်စီနဲ့ပေါ့။

အဲဒီအချိန်မှာ လူတစ်ယောက်က ပြောပြောဆိုဆို တွင်းထဲကို ခုန်ဆင်းမယ် လုပ်တယ်။

''ဟိတ်ကောင်... မင်း မဆင်းနဲ့၊ ငါ အရင်ဆင်းမယ်။ ငါ အရင် ရောက်တာကွ''

“ဘယ်ရမလဲ၊ ဒီလိုဆိုရင် ငါ အရင် ဆင်းရမှာကွ”

“ဒီတွင်းပေါက်ဝကို မင်းထက် ငါ အရင် ရောက်တာလေ”

ဘာမပြော ညာမပြောနဲ့ လူတစ်ယောက်ဟာ တွင်းထဲကို ‘ဝုန်းခနဲ’ ခုန်ဆင်းလိုက်ပါတော့တယ်။

တွင်းအောက်ခြေကိုလည်း ရောက်ရော… လင်းလက်နေတဲ့အရာတွေဟာ ရွှေတွေလည်း မဟုတ်ဘူး၊ ပတ္တမြားတွေလည်း မဟုတ်ဘူး၊ စိန်တွေလည်း မဟုတ်ဘူး၊ မိုးရွာလို့ မြေပြိုပြီး တွင်းထဲမှာရှိတဲ့ မြွေပွေးတွေ၊ မြွေဟောက်တွေ အကောင်တွေ ပေါက်နေကြတာ။ ‘မြွေပွေး၊ မြွေဟောက်’ အကောင်ပေါက်တွေရဲ့ ‘မျက်လုံး’ တွေ အရောင်တောက်နေတာသာ ဖြစ်တယ်။ တွင်းထဲကို ရောက်နေတဲ့သူက တွင်းအပေါ်ကို အော်ပြီး ပြောလိုက်တယ်။

“ဟိတ်ကောင်တွေ… ဆင်းမလာကြနဲ့။ ရွှေတွေ၊ စိန်တွေ မဟုတ်ဘူးကွ။ ‘မြွေပွေး’ တွေရဲ့ မျက်လုံးတွေ၊ ‘မြွေဟောက်’ တွေရဲ့ မျက်လုံးတွေ။ သူတို့မျက်လုံးတွေရဲ့ အရောင်တွေကို ငါတို့က ‘စိန်’ တွေ ထင်နေတာ၊ ရွှေတွေ ထင်နေတာ၊ ပတ္တမြားတွေ ထင်နေတာ။ ငါတို့ ထင်သလို မဟုတ်ဘူးကွ။ တွင်းထဲကို ဆင်းမလာကြနဲ့။ ငါ့ကိုတော့ မြွေကိုက်ကုန်ပြီ။ မင်းတို့ ဆင်းမလာကြနဲ့”

တွင်းနှုတ်ခမ်းဝက လူတွေက မယုံကြဘူး။ ဒီကောင် တစ်ယောက်တည်း လိုချင်လို့ လိမ်ပြောတာပဲ ဖြစ်မယ်။ နောက်တစ်ယောက် ထပ်ခုန်ချလိုက်တယ်။

“ဟုတ်တယ်ဟေ့၊ ဆင်းမလာကြနဲ့။ ‘စိန်’ တွေ မဟုတ်ဘူး။ ရတနာတွေ မဟုတ်ဘူး။ သူ ပြောတာ မှန်တယ်ကွ။ ဒီကောင် သေနေပြီ။ ငါ့ကိုလည်း မြွေတွေ ဝိုင်းပြီး ပေါက်ကုန်ပြီ။ ‘မြွေ’ ရဲ့မျက်လုံးတွေကွ။ သူတို့ရဲ့မျက်လုံးတွေကို ငါတို့က ရတနာတွေလို့ ထင်နေတာ။ မင်းတို့ တွင်းထဲကို ဆင်းမလာကြနဲ့၊ အားလုံး သေကုန်ကြလိမ့်မယ်”

တွင်းနှုတ်ခမ်းဝက လူတွေအားလုံးဟာ တွင်းထဲက လူတွေပြောတဲ့ စကားကို မယုံကြဘူး။ ဒီနှစ်ကောင် အပိုင်စီးချင်လို့ ‘လီဆယ်’ ပြီးတော့ ပြောတယ်လို့ပဲ ထင်နေကြတယ်။

ဒီလိုနဲ့…

တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလိုက်ကြတာ။ တွင်းနှုတ်ခမ်းဝက လူတွေအကုန်လုံး တွင်းထဲမှာ သေကုန်ကြတော့တယ်။

■

လူကြီးဆိုတာ…

မြွေတွေရဲ့ အရောင်တောက်နေတဲ့ မျက်လုံးတွေကို 'စိန်' တွေမှတ်ပြီး၊ ရတနာတွေမှတ်ပြီး တွင်းအနက်ထဲကို ခုန်ဆင်းခဲ့ဖူးတဲ့သူတွေ။

သူတို့က မြွေအကိုက်ခံရပြီးမှ တွင်းနက်ထဲကနေ အော်ပြောတဲ့ စကားဖြစ်တယ်။

ဒါကြောင့် ခုန်မဆင်းနဲ့လို့ ပြောတာ။

လူငယ်တွေက မယုံကြည်ဘူး။

ဒီတော့ ခုန်ဆင်းကြဦးမယ်ပေါ့။

■

လူငယ်၊ လူလတ်၊ လူကြီးကို ဘယ်လိုအဓိပ္ပာယ် သတ်မှတ်သင့်သလဲ။

ကျွန်တော်ကတော့ ဒီလို အဓိပ္ပာယ် ဖွင့်ချင်တယ်ဗျာ။

မသိလို့ လုပ်လိုက်မိတဲ့ အမှား၊ မှန်တယ်ထင်လို့ လုပ်လိုက်မိတဲ့ အမှား၊ အမှားတွေကို အမှန်ဖြစ်အောင် ကြိုးစားရင်း ထပ်ပြီး မှားသွားမိတဲ့အမှား၊ မှားမှန်းသိရက်နဲ့ မထူးပါဘူးဆိုပြီး ဇွတ်တိုးပြီး မှားမိတဲ့အမှား၊ အဲဒီ အမှားတွေကို ရင်မှာပိုက်ပြီး **အမှားများစွာဖြင့် နောင်တတရားများနဲ့ ရှင်သန်နေထိုင်သူကို လူကြီးဟု ခေါ်သည်။**

**အမှားကို အမှားမှန်း မသိဘဲ အမှားကို အမှန်ထင်ပြီး အဲဒီ အမှားတွေနဲ့ ပျော်ရွှင်ကျေနပ်နေသူများကို လူလတ်ဟု ခေါ်သည်။**

**အမှားများကို မှားရန်အတွက် ကြိုးစားပမ်းစား လိုက်လံရှာဖွေနေသူများအား လူငယ်ဟု ခေါ်သည်။**

ဒီတော့…

နောင်တနဲ့ရင်းပြီး၊ အမှားနဲ့ရင်းပြီး ရထားတဲ့ ဘဝသင်ခန်းစာတွေကို လူငယ်လေးတွေအတွက် မမှားဖို့၊ လိုက်နာဖို့၊ ရှောင်ကြဉ်ဖို့၊ သတိပြုဖို့ ပြောကြားတာကို လူငယ်တွေ နားလည်သင့်တယ်။

လင်းလွန်းခင်စာပေ

တကယ်တော့…


အရောင်တောက်ပနေတဲ့ မြေတွေရဲ့မျက်လုံးတွေကို စိန်ရွှေအမှတ်နဲ့ အရယူဖို့ ကြိုးစားရင်း ဆုံးရှုံးမှုတွေ၊ နောင်တတွေ၊ မျက်ရည်တွေ၊ ဆင်းရဲခြင်းတွေ၊ ခံစားချက်တွေနဲ့ရင်းလို့ သိလာခဲ့ရတဲ့ လူကြီးတွေရဲ့ ဆုံးမစကားကို လူငယ်လေးတွေ နားလည်စေချင်လို့ ဒီပုံပြင်လေးနဲ့ ပြောပြလိုက်ပါတယ်။

မယုံရင် တွင်းထဲကို ခုန်ဆင်းလိုက်။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၆၅)၊ ၉-၆-၂၀၀၈။*

■

# ရက်လည်ဆွမ်း



မသေခင်မှာ ကျေးတာ ပိုကောင်းတာပေါ့။
သေပြီးမှတော့ ကိုယ့်မိဘလောက်
ကိုယ့်အပေါ် မစောင့်ရှောက်တဲ့၊ ကိုယ့်ကို မပြုစုခဲ့တဲ့
တခြားလူတွေကို ငွေကုန်ကြေးကျခံပြီးကျွေးတာ
အဓိပ္ပာယ်မဲ့နေသလို အဖေ ခံစားရတယ်ကွာ။
တကယ်တော့ ကိုယ့်အပေါ်ကို အသက်နဲ့ရင်းပြီး ချစ်ခဲ့တဲ့၊
စောင့်ရှောက်ခဲ့တဲ့ မိဘကို ကျွေးသင့်တာကွ...

## ရက်လည်ဆွမ်း

“ငါ့သား၊ အဖေ့သူငယ်ချင်း အသုဘကို ငါ သွားချင်တယ်၊ လိုက်ပို့”

ပြီးခဲ့တဲ့နေ့က အဖေ ကျွန်တော့်အိမ် ရောက်လာပါတယ်။ သူ့သူငယ်ချင်း ဆုံးလို့ အသုဘကို လိုက်ပို့ပေးချင်ကြောင်း လာပြောပါတယ်။ ကျွန်တော့်အဖေနဲ့ ရွယ်တူဆိုတော့ အသက် ၇၀ ကျော်ပါ။ ကျွန်တော့်ရဲ့ကားပေါ်မှာ အဖေနဲ့ စကားပြောဖြစ်ကြတယ်။

“အဖေ၊ အဖေ့သူငယ်ချင်းက သားသမီးတွေ မရှိဘူးလား”

“သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်”

“အတူမနေကြဘူးလား”

“မနေကြဘူးကွ”

“ဘာဖြစ်လို့လဲ အဖေ”

“ဒီလိုကွ၊ ဒီကောင်ကြီးက နောက်မိန်းမ ယူထားတာ။ သားသမီးတွေက သူ့ကို အမြင်မကြည်ဘူး။ ဒါကြောင့် သားသမီးတွေနဲ့ ဒီကောင် အဆင်မပြေဘူး။ အခု သေတော့လည်း သူ့သားနဲ့သမီးဆီကို ငါပဲ အကြောင်းကြားထားတယ်”

“သူက ဘာဖြစ်လို့ နောက်မိန်းမ ယူတာလဲ အဖေ”

“ဒါတော့ ငါ ဘယ်သိမလဲ၊ ငါသိတာတော့ သူ့ရဲ့ ဝထမမိန်းမ ဆုံးပြီးမှ ဒီမိန်းမကိုယူတာ၊ အဲဒီလို ယူလိုက်တာကြောင့် သားနဲ့သမီးဟာ သူ့အဖေကို လုံးဝ လှည့်မကြည့်တော့ဘူး”

“ဒါဆိုရင် ဘာဖြစ်လို့ သူ့သားနဲ့သမီးကို စောင့်နေရမှာလဲ အဖေရ”

“ဒါကတော့ သူ့ဆန္ဒပေါ့ကွာ၊ ဒီကောင်ကြီးက မှာသွားလို့ ငါလည်း သူခိုင်းတဲ့အတိုင်း လုပ်ရတာပေါ့။ မိဘက သားသမီးကိုချစ်တာ သဘာဝက

ဖြစ်လာတဲ့စိတ်၊ တားဆီးလို့ မရဘူး။ သားသမီးက မိဘကို ပြန်ပြီး ပြုစုတာ၊ စောင့်ရှောက်တာ၊ ချစ်တာကျတော့ သဘာဝစိတ် မဟုတ်ဘူး၊ မြင့်မြတ်တဲ့ လူသားတွေမှာသာ ရှိတဲ့စိတ်ကွ''

အဲဒီနေ့က တောင်မြင့်သုသာန်မှာ မီးသင်္ဂြိုဟ်ပါတယ်။ အဖေဟာ သူ့သူငယ်ချင်းကို မီးရှို့ပြီးတဲ့အထိ စောင့်ကြည့်ပါတယ်။ သူ့သူငယ်ချင်းရဲ့ သားနဲ့သမီးဟာ ငါးရက်နဲ့ ရက်လည်ချင်ပါတယ်လို့ ပြောတယ်။ ဒါကြောင့် အဖေဟာ ဆက်ပြီး ကူညီပြန်တယ်။

ရက်လည်တဲ့နေ့က လူတော်တော်စည်ကားပါတယ်။ အသုဘရှင်ရဲ့ သားနဲ့သမီးဟာ ငွေကြေးရှိသူတွေဆိုတော့ ရက်လည်ဆွမ်းမှာ ရက်ရက်စက်စက်ကို လှူပါတယ်။ သူ့အဖေက အသက် ၇၂ နှစ်မို့လို့ သံဃာ ၇၂ ပါးကို ပင့်တယ်။ ဆွမ်းကပ်တယ်။ သင်္ကန်းလှူတယ်။ အရပ်ထဲက လူတွေကို ရက်လည်တရားနာဖို့ ဖိတ်တယ်။ နေ့လယ်စာနဲ့ ဧည့်ခံတယ်။ ဒီလိုတွေ စည်စည်ကားကားဖြစ်ဖို့၊ စနစ်တကျဖြစ်ဖို့ ကျွန်တော့်အဖေက အားတက်သရော ကူညီပါတယ်။

ရက်လည်တဲ့နေ့မှာ ရေစက်ချကြတယ်။ သေဆုံးသူ အဖေအတွက် အမျှပေးတယ်။

အဲဒီ ရက်လည်ဆွမ်းသွတ်ပြီးတဲ့ညမှာ အဖေနဲ့ကျွန်တော် စကားတွေ အများကြီး ပြောဖြစ်တယ်။

''ငါ့သား၊ ရက်လည်ဆွမ်းကို မင်း ဘယ်လိုမြင်တုံး''

ကျွန်တော် ဘာမှ မဖြေတတ်ပါ။ ကျွန်တော် နားလည်တာ မိရိုးဖလာပါပဲ။ အိမ်တိုင်း အိမ်တိုင်း လူသေဖူးကြတယ်။ ရက်လည်ဆွမ်းသွတ်ကြတယ်။ တချို့လည်း သုံးရက်၊ တချို့လည်း ငါးရက်၊ ခုနစ်ရက်မှာ ရက်လည်တယ်။ သေဆုံးသူတွေအတွက် ကောင်းမှုကုသိုလ်လုပ်တယ်။ အမျှပေးတယ်။ အမျှရပြီး ကျွတ်ဖို့လွတ်ဖို့ ရည်ရွယ်ချက်နဲ့ သံဃာတော်တွေကို ပင့်တယ်။ ကျွန်တော်က ဒီလောက်ပဲသိတာ။ ကျွန်တော် သိသလောက် အဖေလည်း သိနေတာမို့ ကျွန်တော် ဘာမှ မဖြေတာ ဖြစ်ပါတယ်။

''ငါ စဉ်းစားမိတယ်။ သားသမီးအတွက် ငါတို့ မိဘတွေသေရင် သားသမီးဝတ်ငါးပါးထဲက မွေခံထိုက်စေ ဆိုတဲ့စကားနဲ့ လှူမျှဝေ ဆိုတဲ့

စကားကိုသာ လိုက်နာကြတာ။ သားသမီးဝတ်ငါးပါးထဲမှာ ကျန်တဲ့ဝတ် သုံးပါးကို ဂရုမစိုက်ကြဘူး''

''ဘာကို ဆိုလိုတာလဲ အဖေ''

''ဒီလိုကွာ၊ မိဘတွေ သေမှ သိန်း ၄၀၊ ၅၀ ဖိုး အကုန်အကျခံပြီး သားသမီးတွေဟာ မိဘတွေသေရင် မိဘတွေကို မြေကြီးထဲမြှုပ်ပစ်လိုက်ကြတယ်။ သားသမီးတွေသာ ငါတို့ထက် အရင်သေခဲ့ရင် သားသမီးတွေကို ငါတို့ မြေကြီးထဲ မြှုပ်မပစ်ဘူး၊ ရင်ဘတ်ထဲက အသည်းနှလုံးထဲမှာ မြှုပ်နှံထားကြတာ။ ရက်လည်ဆွမ်း လုပ်တာထက် မိဘတွေမသေခင် သူတို့စားချင်တာ ကျွေးဖို့၊ သူတို့ဝတ်ချင်တာ ဝတ်ဖို့၊ သူတို့စိတ်ချမ်းသာဖို့က ပိုပြီး အရေးမကြီးဘူးလား၊ အခုတော့ကွာ…''

''ဒါဆိုရင် အဖေရယ်၊ မိဘတွေ သေမှ အမျှအတန်း ဝေတာထက် ကောင်းတာ ရှိသေးလို့လား အဖေရယ်''

''ကျွေးမွေးမပျက်ဆိုတဲ့ သားသမီးဝတ်ငါးပါးထဲက ပထမတာဝန်ကို မကျေပွန်တဲ့သားသမီးက အများကြီးပါကွာ။ ငါတို့ မိဘတွေ သားသမီး မကြိုက်တာ တစ်ခုလောက် လုပ်မိရုံနဲ့ ပုံကြီးချဲ့ပြီး ပစ်ထားကြတဲ့ သားသမီးက များတာပါ။ မိဘသေမှ အမျှဝေတာထက် မိဘတွေ မသေခင် ကျန်တဲ့ သားသမီးဝတ်သုံးပါးကို လိုက်နာသင့်တယ်။ အခုတော့ မိဘတွေသေမှ ရက်လည်ဆွမ်းကို ကြီးကြီးကျယ်ကျယ် ဆောင်ရွက်ပေးရုံနဲ့ သားသမီးတာဝန် ကျေပြီလို့ ထင်ကြတယ်။ မသေခင်မှာ ကျွေးတာ ပိုကောင်းတာပေါ့။

သေပြီးမှတော့ ကိုယ့်မိဘလောက် ကိုယ့်အပေါ် မစောင့်ရှောက်တဲ့၊ ကိုယ့်ကို မပြုစုခဲ့တဲ့ တခြားလူတွေကို ငွေကုန်ကြေးကျခံပြီးကျွေးတာ အဓိပ္ပာယ်မဲ့နေသလို အဖေ ခံစားရတယ်ကွာ။ တကယ်တော့ ကိုယ့်အပေါ်ကို အသက်နဲ့ရင်းပြီး ချစ်ခဲ့တဲ့၊ စောင့်ရှောက်ခဲ့တဲ့ မိဘကို ကျွေးသင့်တာကွ''

အဖေ့စကားဟာ အဓိပ္ပာယ်တွေ ရှိပါတယ်။

မိဘကို အသက်ရှင်နေတုန်းမှာ ကျွေးမွေးခြင်းလည်း မရှိ၊ စောင့်ရှောက်ခြင်းလည်း မရှိ၊ မိဘသေမှ မိဘပိုင်ဆိုင်တာတွေကို အမွေခွဲဖို့ ရင်ထဲမှာက လောဘမီးတွေနဲ့၊ မျက်နှာမှာက မျက်ရည်တွေနဲ့ မပြေမလည်ဖြစ်နေကြတဲ့ မောင်နှမတွေ အများကြီးပါ။

'မွေခံထိုက်စေ' ဆိုတဲ့စကားကို တိတိကျကျလိုက်နာပြီး ကျွေးမွေး မပျက်၊ ဆောင်ရွက်စီမံနဲ့ စောင့်လေမျိုးနွယ်ကို မေ့နေကြတဲ့ သားသမီးတွေက အများစုပါ။ မွေခံထိုက်စေနဲ့ လှူမျှဝေကိုတော့ လိုက်နာကြတယ်။

အဖေပြောတဲ့ စကားတစ်ခွန်း ပြောပါရစေ။

"ငါ့သား… သားသမီးတွေဟာ မိဘတွေ သေရင် မိဘတွေကို မြေကြီးထဲ မြှုပ်ပစ်လိုက်ကြတယ်၊ မီးရှို့ပစ်လိုက်ကြတယ်။ သားသမီးတွေသာ ငါတို့ထက် အရင်သေခဲ့ရင် သားသမီးတွေကို ငါတို့ မြေကြီးထဲ မြှုပ်မပစ်ဘူး၊ ရင်ဘတ်ထဲက အသည်းနှလုံးထဲမှာ မြှုပ်နှံထားကြတာ"


ကျွန်တော်တို့လို သားတွေ၊ သမီးတွေ စဉ်းစားကြည့်ကြရအောင်နော်။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၃၄)၊ ၂၉-၁၀-၂၀၀၇။*

■

# မန်ကျည်းစေ့ကလေးများ



ကျောင်းသင်ရိုး တော်ရုံနဲ့ လူငယ်တစ်ယောက်ဘဝ
မပြည့်စုံနိုင်ပါဘူး။
ကျောင်းသင်ရိုး မလိုက်နိုင်တဲ့ ကလေးများကိုလည်း
ခွဲခြားပြီး မဆက်ဆံသင့်ပါဘူး။
ကျောင်းသားတိုင်း စာတော်သူ မဖြစ်နိုင်ပေမယ့်
ကျောင်းသားတိုင်း စိတ်ဓာတ်ခိုင်မာသူ၊ စိတ်ကောင်းရှိသူ၊
စည်းကမ်းကောင်းသူဖြစ်အောင်
လေ့ကျင့်သင်ကြားပေးလို့ ရနိုင်ပါတယ်။

# မန်ကျည်းစေ့ကလေးများ

တစ်ခါတုန်းက ကလေးတစ်သိုက် ရွာလယ်လမ်းမှာ မန်ကျည်းစေ့တောက်တမ်း ကစားနေကြတယ်။ (မန်ကျည်းစေ့တောက်တယ်ဆိုတာ မြေကြီးမှာ တွင်းသေးသေးတိမ်တိမ်လေး တူးရတယ်။ တစ်ယောက်ကို မန်ကျည်းစေ့အရေအတွက် ဆတူထည့်ပြီး အဲဒီတွင်းထဲဝင်အောင် လက်မကလေးနဲ့ ကလော်ပြီး ကစားရတဲ့နည်းပါ။) အဲဒီလို ကစားနေကြရင်း ပိန်ပိန်ခြောက်ခြောက် သေးသေးငယ်ငယ် မန်ကျည်းစေ့ကလေးတစ်စေ့ ပါလာတယ်။ 'စံမမီတဲ့ မန်ကျည်းစေ့' ကလေးပေါ့။ အဲဒီ မန်ကျည်းစေ့ကို အားလုံးက မကြိုက်ကြဘူး။ အားလုံး သဘောတူ လွှင့်ပစ်လိုက်ကြတယ်။

လွှင့်ပစ်ခံလိုက်ရတဲ့ မန်ကျည်းစေ့ကလေးဟာ မည်းမည်းသေးသေးလေးမို့ မြေကြီးနဲ့ရောပြီး နေတယ်။ ဒီလိုနဲ့ မိုးဦးကျ တစ်နေ့မှာ အဲဒီမန်ကျည်းစေ့လေးဟာ မာကျောတဲ့မြေကြီးကို ကုပ်တွယ်ပြီး အမြစ်ကလေးတွေ ထွက်လာတယ်။ အစေ့ရွက်စိမ်းစိမ်းလေးနှစ်ရွက်ကိုထောင်လို့ အသက်ကို ရှူသွင်းပြီး အပင်ဘဝကို ရဲဝံ့စွာ ထူထောင်လိုက်တယ်။ နေဒဏ်၊ လေဒဏ်၊ သဘာဝရဲ့ဒဏ်ကို ကြံ့ကြံ့ခံပြီး အပင်ဘဝကိုရောက်အောင် ကြိုးစားရှာတော့တယ်။ အစိမ်းနုရောင် ပင်စည်သေးသေးလေးနဲ့ ကမ္ဘာမြေမာမာကြီးကို ထိုးဖောက်လို့ လောကအလယ်မှာ ရပ်တည်ဖို့၊ ရှင်သန်ဖို့ မကြောက်မရွံ့ ရုန်းကန်နေပါတော့တယ်။

ဒီလိုနဲ့… တစ်ရက်… နှစ်ရက်။ တစ်လ… နှစ်လ။ တစ်နှစ်…. နှစ်နှစ်… အနှစ် (၃၀) လောက်ကြာတဲ့အခါ ရွာလယ်လမ်းမှာ အရိပ်ကောင်းကောင်း မန်ကျည်းပင်ကြီး ဖြစ်လာပါတော့တယ်။ အရွက်တွေက စိမ်းလို့ဝေလို့။ အပင်ကြီးက မြင့်မြင့်မားမား၊ ပင်စည်ကြီးက တုတ်တုတ်ခိုင်

ခိုင်၊ အသီးတွေက ညိုညိုကောက်ကောက်နဲ့ ရွာရဲ့အလှကို ဖန်တီးပေးနေရှာတယ်။ ဒီအပင်ရဲ့ အရိပ်အောက်မှာ နားခိုသူတွေ၊ ဆော့ကစားနေသူတွေ၊ ခရီးသွားဧည့်သည်တွေဟာ တစ်ချိန်တုန်းက စံမမီလို့ လွှင့်ပစ်ခံလိုက်ရတဲ့ မန်ကျည်းစေ့ကလေးဆိုတာ ဘယ်သူမှ သတိမပြုမိကြပါဘူး။

ဖြစ်စဉ်ကလေးကတော့ ဒီလောက်ပါပဲ။

ဒီဖြစ်စဉ်လေးကိုကြည့်ပြီး ကျောင်းနေဖက်သူငယ်ချင်းတွေကို သတိရမိတယ်။ မန်ကျည်းစေ့လိုသူငယ်ချင်းတွေ အများကြီးပါပဲ။ စာသင်ခန်းထဲမှာ မတော်တဲ့ သူငယ်ချင်းတွေ၊ ဉာဏ်ရည်သင့်တဲ့ သူငယ်ချင်းတွေ၊ သာမန်မိသားစုဘဝကိုသာ ပိုင်ဆိုင်ခွင့်ရတဲ့ သူငယ်ချင်းတွေ အခုဆိုရင် ထင်ရှားကြီးပွားနေကြတယ်။ တချို့ဆိုရင် ကျောင်းသားဘဝတုန်းက ဆံပင်ရှည်ထားတယ်။ ဆရာ အရိုက်ခံရတယ်။ သနပ်ခါးပါးကွက်ကျားနဲ့ ကျောင်းကိုလာတယ်။ လမ်းထိပ်အုတ်ခုံမှာ ဂီတာတီးတယ်။ အခု သူတို့က တိုင်းသိပြည်ကျော် သီချင်းရေးဆရာကြီးတွေ၊ တေးပြုစာဆိုကြီးတွေ၊ အဆိုတော်ကြီးတွေ ဖြစ်နေကြတယ်။ ရည်းစားစာအရေးကောင်းလို့ ကျောင်းအုပ်ကြီး ရုံးခန်းရောက်ခဲ့ရတဲ့ သူငယ်ချင်းတစ်ယောက် ဝတ္ထုရေးတဲ့ စာရေးဆရာ အကျော်အမော်ကြီး ဖြစ်နေတယ်။ စာမလုပ်ဘဲ ကာတွန်းတွေ၊ အရုပ်တွေ အမြဲဆွဲတဲ့ သူငယ်ချင်းတချို့ နာမည်ကျော် ပန်းချီပညာရှင်တွေ၊ ကာတွန်းရေးဆွဲသူတွေ ဖြစ်နေကြတယ်။ သင်္ချာအလွန်ညံ့တဲ့ သူငယ်ချင်းတစ်ယောက်ကတော့ စက်မှုလုပ်ငန်းနဲ့ ကြီးပွားနေတယ်။ စကားအလွန်များပြီး လက္ခဏာကြည့်တာ ဝါသနာပါတဲ့ သူငယ်ချင်းတစ်ယောက်ကတော့ နက္ခတ္တဗေဒပညာရှင်ကြီး ဖြစ်နေရှာတယ်။

အမှတ်များများနဲ့ ဆယ်တန်းကို မအောင်ခဲ့ကြလို့ မန္တလေးတက္ကသိုလ်ကိုသာ တက်ရောက်ခွင့်ရခဲ့ကြတဲ့ သူငယ်ချင်းတွေဟာ အခုဆိုရင် တက္ကသိုလ်ကြီးတွေမှာ ပါမောက္ခကြီးတွေ၊ ကထိကကြီးတွေ ဖြစ်နေကြသလို အထက်တန်းကျောင်းတွေမှာ ကျောင်းအုပ်ဆရာကြီးတွေ၊ ဆရာမကြီးတွေ၊ ဘာသာပြဆရာတွေ ဖြစ်နေကြတယ်။ တချို့သူငယ်ချင်းတွေဆိုရင် တပ်မတော်ထဲမှာ အရာရှိကြီးတွေဖြစ်လို့ တိုင်းပြည်အကျိုး သယ်ပိုးနေကြပြီ။ ကျွန်တော်ကတော့ စာသင်ဆရာ ဖြစ်နေပြန်တယ်။ ကျွန်တော်တို့အားလုံးဟာ စာသင်ခန်းထဲမှာ

မထင်မရှား နေခဲ့ကြရတဲ့ မန်ကျည်းစေ့လေးတွေပါ။ နှစ် (၃၀) လောက်ကြာမှ ပြန်တွေ့ကြတဲ့အခါ အရိပ်ကောင်းတဲ့ မန်ကျည်းပင်ကြီးတွေ ဖြစ်နေပြီး လောကအလှကို ဖန်တီးပေးနေကြတယ်။

ဒါကြောင့် စာသင်ခန်းထဲက တပည့်တွေရဲ့တန်ဖိုးကို မြင်စေချင်ပါတယ်။ သူငယ်ချင်း အချင်းချင်းလည်း အထင်မသေးသင့်ဘူး။ ကိုယ်ကိုယ်တိုင်လည်း အားမငယ်သင့်ဘူး။ စာသင်ခန်းထဲမှာ ဉာဏ်ရည်သင့်တဲ့ လူငယ်တွေ၊ ဆင်းရဲနွမ်းပါးတဲ့ကလေးတွေ၊ စာမတော်ပေမယ့် ကျောင်းစည်းကမ်းလိုက်နာတဲ့ ကျောင်းသားတွေ၊ ကျောင်းစာထက် ကိုယ်ဝါသနာပါတာကို လုပ်ချင်နေတဲ့ကလေးတွေ အများကြီးရှိပါတယ်။ ပြုစုတတ်ရင် အရိပ်ကောင်းတဲ့ မန်ကျည်းပင်ကြီး ဖြစ်လာနိုင်တဲ့ မန်ကျည်းစေ့ကလေးတွေပါ။

စာသင်ကျောင်းတွေမှာရှိတဲ့ 'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ' ဆိုတဲ့ ဆောင်ပုဒ်ကို တကယ်နားလည်ဖို့ လိုပါတယ်။ စိတ်ကောင်းရှိဖို့၊ စိတ်ဓာတ်ခိုင်မာဖို့က ပထမ၊ စည်းကမ်းလိုက်နာဖို့က ဒုတိယ၊ ပညာလို့ ဆိုကြတဲ့ ကျောင်းသင်ရိုးက တတိယလို့ အဓိပ္ပာယ်ရပါတယ်။ ကျောင်းသင်ရိုး တော်ရုံနဲ့ လူငယ်တစ်ယောက်ဘဝ မပြည့်စုံနိုင်ပါဘူး။ ကျောင်းသင်ရိုး မလိုက်နိုင်တဲ့ ကလေးများကိုလည်း ခွဲခြားပြီး မဆက်ဆံသင့်ပါဘူး။ ကျောင်းသားတိုင်း စာတော်သူ မဖြစ်နိုင်ပေမယ့် ကျောင်းသားတိုင်း စိတ်ဓာတ်ခိုင်မာသူ၊ စိတ်ကောင်းရှိသူ၊ စည်းကမ်းကောင်းသူဖြစ်အောင် လေ့ကျင့်သင်ကြားပေးလို့ ရနိုင်ပါတယ်။

ထို့ကြောင့် စာသင်ခန်းထဲက မန်ကျည်းစေ့လေးတွေကို တန်ဖိုးထားတတ်ကြပါစေ။

*ရွှေမန္တလေးဂျာနယ်၊*
*အမှတ်စဉ် (၂၃၀)၊ ၂၆-၁၁-၂၀၀၇။*

■

# ဦးဘုန်း(ဓာတု) မှာ
# မိန်းမသုံးယောက် ရှိပါသည်



ဝိပဿနာတရားစခန်းကို တစ်နှစ် တစ်ခေါက်လောက်သာ
ကျွန်တော်တို့ ရောက်ကြတာ မဟုတ်လား။
ဆယ်ရက်လောက် စခန်းဝင်တာတောင်
အိမ်က သားတွေ၊ သမီးတွေ၊ အလုပ်တွေ၊
စည်းစိမ်တွေ၊ ဥစ္စာတွေကို
သတိရနေတတ်ကြတယ် မဟုတ်လား။

## ဦးဘုန်း(ဓာတု)မှာ မိန်းမသုံးယောက် ရှိပါသည်

ရိုးသားစွာ ဝန်ခံပါရစေ…
အထင်တော့ မသေးကြပါနဲ့။
ကျွန်တော့်မှာ မိန်းမသုံးယောက် ရှိပါတယ်။
ဒီစာကိုတော့ ဆုံးအောင် ဖတ်ပေးပါ။

■

အဲဒီသုံးယောက်ထဲမှာ နောက်ဆုံးယူထားတဲ့ အငယ်ဆုံးကောင်မလေးကို အချစ်ဆုံးပါ။ သူက တွတ်တီးတွတ်တာလည်း ပြောတတ်တယ်။ လှလည်းလှတယ်။

ကျွန်တော် ငွေတွေ ရှာနေတာ၊ အလုပ်တွေ လုပ်နေတာ ဘယ်သူ့အတွက်များ ထင်သလဲ။ သူ့အတွက်ချည်းပါပဲ။ ညအိပ်ရာဝင်ရင်လည်း သူ့ကို သတိရတယ်။ နံနက်မိုးလင်းရင်လည်း သူ့ဆီပဲ စိတ်က အမြဲရောက်နေတယ်။ စားစား၊ သွားသွား၊ ဘာပဲလုပ်လုပ် သူ့စိတ်နဲ့ ကျွန်တော် ရှင်သန်နေရသူပါပဲ။ သူ ဘာပဲ တောင်းဆို တောင်းဆို ချက်ချင်း လိုက်လျောမိတယ်။ သူ လိုချင်တာမှန်သမျှ၊ သူ ဖြစ်ချင်တာမှန်သမျှ ကျွန်တော် လုပ်ပေးချင်တယ်။ Sky Walk နဲ့ 78 Shopping ကြီးကို ဝယ်ပေးဖို့ တောင်းဆိုရင်တောင် ဝယ်ပေးလိုက်ချင်တာ။ အဲဒီလောက်ထိ ချစ်တာ။

ဒုတိယယူထားတဲ့ ကောင်မလေးကိုလည်း ချစ်တာပါပဲ။ ဘာလို့ချစ်တာလဲဆိုတော့ သူက ကျွန်တော့်ရဲ့ ဂုဏ်သတင်းကျော်စောအောင်၊ ကျွန်တော့် အလုပ်တွေ အောင်မြင်အောင် အမြဲ အကူအညီပေးလို့ပါပဲ။ ကျွန်တော် ဒီလောက်ထိ အလုပ်တွေ များများလုပ်နိုင်တာ သူ ကူညီလို့ပါ။ ကျွန်တော် သွားလေရာမှာ သူ အမြဲပါတယ်။ ကျွန်တော် ဖြစ်ချင်တာမှန်သမျှ သူ

လုပ်ပေးတယ်။ ကျွန်တော့်စိတ်ကူးတွေအားလုံးကို သူက အကောင်အထည် ဖော်ပေးတယ်။ အဲဒါကြောင့် ချစ်တာ။

ပထမယူထားတဲ့ မိန်းမကြီးကတော့ သိကြတဲ့အတိုင်းပါပဲ။ ကျွန်တော့် အလိုကို မလိုက်ဘူး။ ကျွန်တော် မလုပ်ချင်တာတွေကိုပဲ ခိုင်းတယ်။ စကား လည်း အလွန်များတယ်။ နားပူတယ်။ သူ ပြောတဲ့စကားတွေက အမှန်တွေပါ၊ ဒါပေမဲ့ ကျွန်တော် သူ့စကား နားမထောင်ချင်ဘူး။ သူခိုင်းတဲ့အလုပ်တွေက တကယ့်ကို တန်ဖိုးရှိတဲ့ အလုပ်တွေပါ၊ ဒါပေမဲ့ ကျွန်တော် မလုပ်ချင်ဘူး။ အဲဒီမိန်းမကြီးရဲ့အိမ်ကို တစ်နှစ် တစ်ခေါက်လောက်သာ ကျွန်တော် ရောက် တယ်။ (၁၀) ရက်လောက်ပဲ ကြာတယ်။ အဲဒီ (၁၀) ရက်မှာတောင် ကျွန်တော့် စိတ်ဟာ အငယ်ဆုံးကောင်မလေးဆီပဲ ရောက်ရောက်နေတယ်။ သူ့ကို ချစ် လားလို့ မေးရင်တော့ ကျွန်တော် မဖြေတတ်တော့ဘူး။ ချစ်သင့်မှန်းတော့ ကျွန်တော် သိတယ်။

■

ဒီလိုနဲ့ . . .

ပြီးခဲ့တဲ့လက ကျွန်တော် ကျောက်ကပ်မကောင်းလို့ ခွဲစိတ်ကုသ ရတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် အားမရဘူး။ သေမယ်လို့ပဲ ထင်မိနေ တယ်။

သေမယ်ဆိုတော့ ထုံးစံအတိုင်းပဲ စွဲလမ်းမှုတွေကို သတိရတော့တာပေါ့။ ဘယ်သူ့ကို အရင်ဆုံး သတိရတယ် ထင်သလဲ။ တီတီတာတာ ချွဲချွဲနွဲ့နွဲ့ ပြောတတ်တဲ့ အငယ်ဆုံးကောင်မလေးကို သတိရတာပေါ့။ သူ ကျွန်တော့် အနားကို ကပ်လာတဲ့အချိန်၊ ကျွန်တော် စကားသံတိုးတိုးလေးနဲ့ သူ့ကို မေးမိတယ်။

"အချစ်ရယ် . . . ကိုယ် သေမယ်ထင်တယ်။ မင်းလေးသာ ကိုယ့် အနားမှာရှိရင် ငရဲပြည်ကိုလည်း တို့ . . . အတူသွားရဲတယ်။ ဘယ်နေရာ သွားရ သွားရ မင်းလေးနဲ့ပဲ သွားချင်တယ်၊ မင်း လိုက်ခဲ့ပါ"

ကောင်မလေးက ခါးခါးသီးသီးပဲ မဲ့ပြုံးလေး ပြုံးပြီး ငြင်းတယ်။

"ရှင့်ကို ကျွန်မ ချစ်ပါတယ်။ ဒါပေမဲ့ ရှင့်ကို အဲဒီလောက်ထိ မချစ်ဘူး" တဲ့။

ခင်ဗျားတို့ အသည်းကွဲဖူးသလား။ အဲဒီစကားနဲ့ပဲ ကျွန်တော့်အသည်းတွေ ဟက်တက်ကွဲသွားတယ်။ ကျွန်တော်ကဖြင့် ချစ်လိုက်ရတာ။ အင်းပေါ့လေ… သူက ငယ်တာကိုး။

ဒီလိုနဲ့ ဒုတိယကောင်မလေး ကျွန်တော့်အနားကို ရောက်လာတဲ့အချိန်မှာ ကျွန်တော့်ရင်ထဲက ဆန္ဒတွေကို ထုတ်ပြောမိပြန်တယ်။

''မိန်းကလေးရယ်၊ ကိုယ်တော့ သေမယ်ထင်တယ်။ သေခြင်းရဲ့ဟိုဘက်မှာ ကိုယ်… တစ်ယောက်တည်း မသွားချင်ဘူး။ မင်းနဲ့အတူ သွားရရင် ကိုယ် အရမ်းအားရှိမှာ။ မင်းကို… ကိုယ် အားကိုးပါတယ်၊ မင်းလိုက်ခဲ့ပါလား''

သူက ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေတယ်။ ဘာစကားမှမပြောဘူး။

''အချစ်ရယ်၊ မင်း… ကိုယ်နဲ့အတူ လိုက်ခဲ့ပါကွာ''

သူက ကျွန်တော့်အနားက ပြန်ခါနီးမှာ တစ်ခွန်းတည်းသောစကားကို ဆိုသွားတယ်။

''မလိုက်ချင်လို့၊ မလိုက်ရဲလို့ မဟုတ်ပါဘူး။ ကျွန်မ… ရှင့်ကို အဲဒီလောက်ထိ ချစ်ရဲ့လားလို့ စဉ်းစားလိုက်ဦးမယ်''

ကျွန်တော် အရမ်းခံစားရတယ်ဗျာ။ မျှော်လင့်မထားတဲ့ စကားကို ကျွန်တော် ကြားလိုက်ရတယ်။ ခင်ဗျားတို့ ကိုယ်ချင်းစာကြည့်ပါ။ သေတော့မယ့် ကျွန်တော် ဘယ်လောက်များ အားငယ်နေလိုက်မလဲ။ အားကိုးရှာတော့လည်း ထင်သလို ဖြစ်မလာဘူး။

ဒီအချိန်မှာ ကျွန်တော်က မချစ်တဲ့၊ ကျွန်တော့်ကို ချစ်တဲ့ ပထမမိန်းမကြီး ကျွန်တော့်အနား ရောက်လာတယ်။ ကျွန်တော် သူ့ကို လှည့်မကြည့်ဘူး။ သူက ကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

''ရှင်… အားမငယ်ပါနဲ့၊ ရှင်နဲ့အတူ ကျွန်မ ရှိနေမှာပါ။ သံသရာတစ်လျှောက်လုံး ရှင့်အနားမှာ ကျွန်မ ထာဝရ ရှိနေမှာပါ''

ကျွန်တော် အံ့ဩသွားတယ်။ ကျွန်တော် မချစ်တဲ့မိန်းမက ကျွန်တော့်အနားမှာ ထာဝရ ရှိနေမယ်တဲ့ဗျာ။

စာဖတ်သူ ခင်ဗျား…

ကျွန်တော့်မှာ တကယ် မိန်းမသုံးယောက် ရှိတာပါ။

ခင်ဗျားမှာလည်း မိန်းမသုံးယောက် ရှိပါတယ်။

စဉ်းစားမိရဲ့လား…။

ကျွန်တော်တို့ အမြဲသတိတရရှိနေတဲ့ အချစ်ဆုံးဆိုတာ ဘယ်သူလဲ၊ ကျွန်တော်တို့ နေ့စဉ်ရှာဖွေနေတာ အဲဒီအချစ်ဆုံးအတွက်ဆို။ သူ ဘာတွေပဲ တောင်းဆို တောင်းဆို လိုက်လျောနေမိတာ၊ ပေးနေမိတာ၊ ကျွေးနေမိတာ၊ အချိန်တိုင်း သတိတရနဲ့ ခံစားနေရတဲ့ အချစ်ဆုံးဆိုတာ ကျွန်တော်တို့ရဲ့ သားသမီးတွေ၊ အိမ်ထောင်ဖက်တွေပေါ့။ ကျွန်တော်တို့ကသာ သူတို့ကို ချစ်ရတာပါ။ သူတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရတာပါ။ သူတို့လေးတွေက ကျွန်တော်တို့ကို တကယ်မချစ်ပါဘူး။ တွတ်တီးတွတ်တာ ပြောလို့ချစ်ရတယ်။ စိတ်မချလို့ ချစ်ရတယ်။ စိတ်ကောက်လို့ ချစ်ရတယ်။ ကျွန်တော်တို့ဟာ သူတို့ကို ပုံစံအမျိုးမျိုးနဲ့ ချစ်နေတာ။ သူတို့က ကျွန်တော်တို့ကို တကယ် ချစ်တယ်လို့များ ထင်နေလို့လား။ ကျွန်တော် သေရင် သူတို့က ခဏလေး ငိုမယ်။ ပြီးရင် မေ့မယ်။ ကျွန်တော် ရှာဖွေထားတာတွေကို ခွဲယူကြမယ်။ နောက်… သတိမရကြတော့ဘူး။

ဒုတိယမိန်းမ ဘယ်သူလဲဆိုတာ တွေးမိရဲ့လား။ ဒုတိယမိန်းမဆိုတာ ကျွန်တော်တို့ရဲ့ အလုပ်တွေပေါ့။ အောင်မြင်မှုတွေ၊ ကျော်ကြားမှုတွေ၊ စည်းစိမ်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ ပိုင်ဆိုင်မှုတွေ၊ ပစ္စည်းတွေပေါ့။ သူတို့ဟာလည်း ကျွန်တော်တို့နဲ့ အတူလိုက်ပြီး မသေပါဘူး။ ကျွန်တော်တို့သေရင် ထားပစ်ခဲ့ရမှာ။ ကျွန်တော်တို့က တကယ်ပိုင်တယ်လို့ ထင်နေကြတာ။

ဒါဖြင့်ရင်…

ကျွန်တော်တို့ မချစ်တဲ့… ပထမဆုံး မယားကြီးဆိုတာ ဘယ်သူလဲ၊ တွေးကြည့်ကြရအောင်။

ကျွန်တော်တို့ လုပ်ခဲ့တဲ့၊ လုပ်နေတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပေါ့။ သေပြီးတဲ့နောက် သံသရာအဆက်ဆက်ထိ အတူလိုက်လာမယ့် 'ချစ်သူ' ပဲ။ ဝိပဿနာတရားစခန်းကို တစ်နှစ် တစ်ခေါက်လောက်သာ ကျွန်တော်တို့ ရောက်ကြတာ မဟုတ်လား။ ဆယ်ရက်လောက် စခန်းဝင်တာတောင် အိမ်က သားတွေ၊ သမီးတွေ၊ အလုပ်တွေ၊ စည်းစိမ်တွေ၊ ဥစ္စာတွေကို သတိရနေ

တတ်ကြတယ် မဟုတ်လား။ အဲဒီ မယားကြီးပြောတာတွေက အမှန်တရား တွေပါ။ သူ ခိုင်းတာတွေကသာ လောကရဲ့ အဆီအနှစ်တွေပါ။ ဒါပေမဲ့ နားငြီးတယ်ဗျာ၊ နားပူတယ်ဗျာ။

စာဖတ်သူဟာ အသက် ၄၀၊ ၅၀ ကျော်ပြီ။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ ဥစ္စာဓနတွေ ပိုင်ဆိုင်နေရသူဆိုရင်တော့ ဒီစာရဲ့သဘောကို နားလည်မှာပါ။


■

ဒါကြောင့် ပြောတာပေါ့။
ဦးဘုန်း(ဓာတု)မှာ မိန်းမသုံးယောက် ရှိပါတယ်။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၅၂)၊ ၃-၃-၂၀၀၀*

■

# ဝမ်းတောဘယ်(လ်)



တစ်သက်မှာ တစ်ခါလောက်သာ ကျွေးတဲ့
သူငယ်ချင်းတစ်ယောက်ရဲ့ 'ဝမ်းတေဘာယ်လ်' ကိုတော့
ကျေးဇူးတင်လိုက်ကြတာ။ ပြောလို့ကို မဝကြဘူး။
တစ်သက်လုံး နေ့စဉ်နေ့တိုင်း
ဒီစားပွဲခုံပေါ်မှာ မရေမတွက်နိုင်အောင် ကျွေးခဲ့တဲ့
အဖေတို့၊ အမေတို့ရဲ့
'တေဘာယ်လ်' ကျတော့ မင်းတို့ တန်ဖိုးမထားကြဘူးနော်။

## ဝမ်းတေဘာယ်လ်

ည (၁၁) နာရီကျော်မှ ကျွန်တော်တို့လင်မယား ပြန်ရောက်ကြတယ်။ အဲဒီညက ကျွန်တော် နည်းနည်းမူးလာတယ်။

သူငယ်ချင်းတစ်ယောက်က သူ့ရဲ့စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်တဲ့အတွက် သူ့သူငယ်ချင်းတွေဖြစ်တဲ့ ကျွန်တော်တို့လင်မယားကို ကန်တော်ကြီးစောင်းမှာရှိတဲ့ အကောင်းဆုံးဆိုတဲ့ စားသောက်ဆိုင်မှာ ညစာကျွေးတယ်။ ကြက်ကောက်ရိုးမီးကင်လည်း ပါတယ်။ ဘဲကင်လည်း ပါတယ်။ ယိုးဒယားပုံစံ ချက်ပြုတ်ထားတဲ့ အစားအစာတွေ အစုံပါတယ်။ Black Label, Green Label လို့ခေါ်ကြတဲ့ နိုင်ငံခြားဖြစ် အရက်အကောင်းစားတွေလည်း ပါတယ်။

သူငယ်ချင်းတွေ တွေ့ကြတော့ ပြောကြဆိုကြ၊ သောက်ကြစားကြနဲ့ အလွန်ပျော်စရာကောင်းပါတယ်။ စားသောက်ဆိုင်ကလည်း စင်တင်တေးဂီတပါတော့ လှတပတ ကောင်မလေးတွေရဲ့ မပီမသ သီချင်းသံကြားမှာ ရီဝေဝေယစ်မူးနေတဲ့ ဦးနှောက်နဲ့ ဝိုးတဝါးအလှကို ခံစားရင်း ည (၁၁) နာရီထိုးသွားပါတော့တယ်။

ကားကို ဖြည်းဖြည်းလေးမောင်းပြီး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အဖေ မအိပ်သေးဘူး။ အဖေက ကျွန်တော်တို့လင်မယားကို မျှော်နေတယ်။ ညဉ့်နက်လေ စိတ်မချလေဖြစ်ပြီး ကျွန်တော်တို့ကို စောင့်နေတာ ဖြစ်မယ်။ ကျွန်တော်တို့လည်း အိမ်ကိုရောက်ရောက်ချင်း ဝင်အိပ်လိုက်ကြတယ်။

■

ကျွန်တော်တို့အိမ်မှာ ထုံးစံတစ်ခု ရှိတယ်။ နံနက် ၆ နာရီဆိုရင် ထမင်းစားခန်းထဲမှာ အတူတူဝိုင်းဖွဲ့ပြီး ကော်ဖီသောက်ကြရတယ်၊ စကား

ပြောကြရတယ်။ ပြီးမှ အလုပ်သွားကြရတယ်။ အဲဒီနေ့နံနက်မှာ မနေ့ညက အကြောင်း ပြောဖြစ်တယ်။

"အဖေရေ… သိလား။ ကျော်နိုင်ကြီးလေ… ရေနံမှော် အောင်တယ်။ ဒါကြောင့် မနေ့ညက ကျွန်တော်တို့ကို 'ဝမ်းတေဘယ်လ်' ပေးတယ် အဖေရ။ ကောင်းလိုက်တဲ့ အစားအစာတွေ။ အရက်ဆိုတာကလည်း အပျံစား၊ အဝ သောက်လို့ရတယ်"

အဲဒီအချိန်မှာ ကျွန်တော့်မိန်းမက ဝင်ပြောတယ်။

"ကြက်ကောက်ရိုးမီးကင်ဆိုတာ တော်တော်ကောင်းတာပဲ။ ယိုးဒယား အစားအစာတွေကလည်း 'ရှယ်' ပဲ၊ ကောင်းလိုက်တာ လွန်ရော"

"ဟုတ်တယ် အဖေရ၊ ကျော်နိုင်ကြီးရဲ့ 'ဝမ်းတေဘယ်လ်' ကတော့ တစ်သက် မမေ့စရာပါပဲ အဖေရာ"

အဖေ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ပြီး ကျွန်တော့်စကားကို ခေါင်း တညိတ်ညိတ်နဲ့ နားထောင်နေပါတယ်။

"Green Label ဆိုတာ အရက်လို့သာ ပြောတာပါ။ တအားကြီး မမူးဘူးဗျ။ နိုင်ငံခြားဖြစ်အရက်မို့လား မသိဘူး၊ ယဉ်ယဉ်လေးနဲ့ ရစ်တစ် တစ်ကလေး၊ နံနက်အိပ်ရာထတော့လည်း ဘာမှ မဖြစ်ဘူးဗျ… အဖေရ သိလား"

ဒီအချိန်မှာ အဖေက ကျွန်တော့်ကို စကား စပြောပါတယ်။

"ကျော်နိုင်ဆိုတာ ၂၂ လမ်းက ကျော်နိုင်ကို ပြောတာလား။ ဝမ်းသာ ပါတယ်ကွာ။ မင်းတို့တစ်တွေ အဲဒီလိုကြီးပွားကြတာ၊ ပျော်နိုင်ကြတာ၊ စားနိုင် သောက်နိုင်ကြတာ၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးစရာရှိတယ်"

အဖေဟာ ကော်ဖီကို သောက်လိုက်တယ်။ သားသမီးတွေနဲ့ မြေး တွေကို တစ်ယောက်ချင်းလိုက်ပြီး ကြည့်တယ်၊ စိုက်ကြည့်တယ်။

"အားလုံး သေချာနားထောင်ကြ။ ငါ့သားကြီးက ပြောတယ်၊ သူ့ သူငယ်ချင်းကျွေးတဲ့ 'ဝမ်းတေဘယ်လ်' ဘယ်လိုကောင်းကြောင်း၊ ဘယ်လို ကျေးဇူးတင်ကြောင်း၊ ဘယ်လိုပျော်စရာကောင်းကြောင်း၊ အားလုံး ကြားကြ တယ်နော်"

"ဟုတ်ကဲ့ အဖေ"

"ကျော်နိုင်ရဲ့ 'ဝမ်းတောဘယ်လ်' ကိုတော့ ကျေးဇူးတင်ရကောင်းမှန်း သိတယ်၊ တစ်သက် မမေ့နိုင်ဘူးလို့လည်း ပြောတယ်၊ တကယ်ကို ဝမ်းပန်းတသာကြီး အူလှိုက်သည်းလှိုက် ခံစားပြီး ပြောတယ်။ ဟုတ်ရဲ့လား... ငါ့သားကြီး"

"ဟုတ်ပါတယ် အဖေ"

"ဒါဆိုရင် မင်းတို့အားလုံးကို ငါမေးမယ်။ မင်းတို့တစ်တွေကို ငါတို့ မိဘနှစ်ပါးက နေ့စဉ်နေ့တိုင်း 'ဝမ်းတောဘယ်လ်' မကဘူး၊ 'သရီးတောဘယ်လ်' ကျွေးနေတယ်၊ ကျွေးခဲ့တယ်၊ ကျွေးနေဦးမှာ။ မင်းတို့ ပျော်ပျော်ပါးပါး စားသောက်နေတာတွေ့ရရင် ငါတို့ အရမ်းပျော်တယ်။ မင်းတို့ အဲဒီလို နေ့တိုင်း တစ်နေ့ကို 'သရီးတောဘယ်လ်' စားနေကြတာကိုတော့ အခုလို ဝမ်းပန်းတသာကြီးပြောဖို့ သတိမရကြဘူးနော်"

ကျွန်တော် တော်တော်လန့်သွားတယ်။

အဖေ့ရဲ့မျက်လုံးမှာ အဓိပ္ပာယ်တွေ ရှိနေတယ်။

အဖေက ဆက်ပြောတယ်။

"တစ်သက်မှာ တစ်ခါလောက်သာ ကျွေးတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ ဝမ်းတောဘယ်လ်ကိုတော့ ကျေးဇူးတင်လိုက်ကြတာ ပြောလို့ကို မဝကြဘူး။ တစ်သက်လုံး နေ့စဉ်နေ့တိုင်း ဒီစားပွဲခုံပေါ်မှာ မရေမတွက်နိုင်အောင် ကျွေးခဲ့တဲ့ အဖေတို့၊ အမေတို့ရဲ့ 'တောဘယ်လ်' တွေကို မင်းတို့ တန်ဖိုးမထားကြဘူးနော်"

အဖေပြောမှ ကျွန်တော် စဉ်းစားမိတော့တယ်။

ဟုတ်ပါတယ်၊ အဖေနဲ့အမေ ကျွေးခဲ့တဲ့ ထမင်းတွေ နည်းမှ မနည်းဘဲ။ 'တောဘယ်လ်' ပေါင်း များစွာ ကျွန်တော်တို့ စားခဲ့ကြပြီးပြီ၊ နောင်လည်း စားနေဦးမှာပဲ။

ဒါပေမဲ့ ဘာကြောင့်များ ကျေးဇူးတင်ပါတယ်လို့ မတွေးမိကြတာလဲ၊ မစဉ်းစားမိကြတာလဲ၊ မပြောမိကြတာလဲ။

မြန်မာစကားပုံမှာ 'တစ်လုတ်စားဖူး သူ့ကျေးဇူး' ဆိုတာ ကျွန်တော်တို့ သိကြပါတယ်။ ထမင်းအလုတ်ပေါင်းများစွာ ကျွေးခဲ့တဲ့၊ ကျွေးနေဦးမယ့် အဖေတို့၊ အမေတို့ရဲ့ကျေးဇူးကို ကျွန်တော်တို့ မတွေးမိကြဘူးနော်။

သူငယ်ချင်းတစ်ယောက်က ကျွေးတဲ့ 'ဝမ်းတောဘယ်လ်' ကိုတော့ ရင်ထဲမှာ မှတ်တမ်းတင်မိတယ်။ အဖေနဲ့အမေ ကျွေးနေတဲ့ 'တောဘယ်လ်' များစွာကိုတော့ ရင်ထဲမှာ မှတ်တမ်းမတင်မိခဲ့ဘူး။

ကျွန်တော် ဒီစာကို နှောင်တမျှားစွာဖြင့် ရေးသားခြင်း ဖြစ်ပါတယ်။


တွေးကြည့်ကြရအောင်ဗျာ…။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၆၃)၊ ၂၆-၅-၂၀၀၈*

■

# ရေမွှေး



လူတွေဟာ...

သူများ ကဲ့ရဲ့မှာကြောက်လို့ အလုပ်လုပ်နေတဲ့သူ ရှိတယ်။

သူများ ချီးကျူးတာကို ခံချင်လို့ အလုပ်လုပ်နေတဲ့သူ ရှိတယ်။

အဲဒီလို လူတွေဟာ လူများစုတွေပဲ...။

ငါ့သား၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို ထည့်မတွက်ဘဲ

အဓိပ္ပာယ်ရှိတဲ့အလုပ်ကို ရဲရဲဝံ့ဝံ့လုပ်တဲ့သူကတော့ ရှားတယ်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ရေမွှေး

စာပေဟောပြောပွဲ ရာသီတုန်းကပေါ့။ ကျွန်တော်က စာသင်တဲ့ဆရာ ဆိုတော့ တခြားအလုပ်များနဲ့မတူပါ။ နေမကောင်းရင်လည်း ကျောင်းပျက်လို့ မရဘူး။ မိုးရွာရွာ၊ နေပူပူ၊ လေတိုက်တိုက် စာသင်ခန်းဆီကို အရောက် သွားရတယ်။ ကျောင်းသား၊ ကျောင်းသူတွေ ဆိုတာကလည်း ကျွန်တော် လာမှပဲ စိတ်အာရုံပြည့်ကြတယ်။ ကျွန်တော့်ကိုယ်စား အခြားလူကို အစား ထိုးလို့ မရဘူး။

ဒီလိုနဲ့ စာပေဟောပြောပွဲရာသီ ရောက်လာပါတော့တယ်။ ဟိုနယ်က ခေါ်၊ ဒီနယ်ကခေါ်နဲ့ စာပေဟောပြောပွဲတွေ ဖိတ်ကြားခံရပါတော့တယ်။ အရမ်းလည်း သွားချင်တယ်။ ကျောင်းလည်း မပျက်ချင်ဘူး။

ကျောင်းပျက်ရင် တည်ထောင်အုပ်ချုပ်တဲ့ဆရာတွေက ငြိုငြင်မယ်။ မိဘတွေက ကဲ့ရဲ့မယ်။ ကျောင်းသားတွေက ဒီဆရာကြီး သူတို့ကို ဂရုမစိုက် ဘူးလို့ မြင်မယ်။ ကျွန်တော့်စိတ်ထဲမှာ အရမ်းကို တွေဝေနေမိတယ်။ အဲဒီ အကြောင်း အမေ့ကို ပြောပြမိတယ်။

"ငါ့သားကို အမေ ပြောမယ်၊ မင်း ငယ်ငယ်တုန်းက မင်းဘဝဟာ ငါ့ရဲ့ပါးစပ်ဖျားပဲ။ ငါနေဆိုနေ၊ ငါထိုင်ဆိုထိုင်၊ ငါသွားဆိုသွား၊ ငါ မကြိုက် တာ မလုပ်နဲ့၊ ငါ့စကား နားထောင်၊ ဒါဟာ သဘာဝကျတယ်။ မင်းဟာ ကလေးရှိသေးတာကိုး။ ဒီလိုနဲ့ ကျောင်းနေတဲ့အရွယ်ရောက်တော့ မင်းဘဝ ဟာ ဆရာတွေရဲ့ ပါးစပ်ဖျားပဲ။ ဆရာတွေက ခိုင်းရင်လုပ်၊ သူတို့မကြိုက် တာ မလုပ်နဲ့၊ ကျောင်းစည်းကမ်း လိုက်နာ၊ သူတို့က စာကျက်ဆိုရင် ကျက် ရတယ်၊ ဒါလည်း သဘာဝကျတယ် ငါ့သား"

"အခုကိစ္စက သားလုပ်ရပ်ဟာ သဘာဝမကျလို့လား အမေ"

‘‘နားထောင်ဦး၊ အမေ ဆက်ပြောမယ်၊ ဒီလိုနဲ့ မင်း အိမ်ထောင်ကျတော့··· မင်းမိန်းမရဲ့ ပါးစပ်ဖျားဟာ မင်းဘ၀ဖြစ်ပြန်ရော။ ဘယ်အချိန်ပြန်လာဆို ပြန်လာရတယ်၊ ဘယ်သူနဲ့ မပေါင်းနဲ့ဆို မပေါင်းရဘူး၊ သူခိုင်းတာမှန်သမျှ မင်း လုပ်ရတယ်။ ‘သူ့စိတ်နဲ့ မင်းကိုယ်’ ဆိုတာ မင်းသတိမထားမိပြန်ဘူး။ အဓိပ္ပာယ်နည်းနည်းမဲ့လာတယ်’’

ဟုတ်သားပဲ။ ငယ်ငယ်တုန်းကတော့ အမေ့ပါးစပ်ဖျားဟာ ကျွန်တော့်ဘ၀။ ကျောင်းနေတဲ့အရွယ်ရောက်တော့ ဆရာတွေရဲ့ပါးစပ်ဖျားဟာ ကျွန်တော့်ဘ၀။ မိန်းမရတော့လည်း မိန်းမပါးစပ်ဖျားက ကျွန်တော့်ဘ၀။

အမေက ဆက်ပြောတယ်။

‘‘မင်း သားသမီးတွေ ရလာတော့လည်း သား၊ သမီးတွေရဲ့ ပါးစပ်ဖျားက မင်းဘ၀ဖြစ်ပြန်ရော။ မင်း စဉ်းစားကြည့်စမ်း၊ ဖေဖေကြီး··· အရက်မသောက်နဲ့ဆို မင်း မသောက်ရပြန်ဘူး။ ဖေဖေကြီး ကောင်မလေးတွေ မငမ်းနဲ့ဆိုရင် မင်း မငမ်းရပြန်ဘူး။ ဖေဖေကြီး ဟိုဟာ၀ယ်ခဲ့၊ ဒီဟာ၀ယ်ခဲ့ ဆိုရင် မင်း ၀ယ်ခဲ့ရတယ်။ မင်းဘ၀ဟာ မင်း သားသမီးတွေရဲ့ ပါးစပ်ဖျား ဖြစ်နေပြန်တယ်’’

‘‘အခုတော့ကော··· အမေရာ’’

‘‘အခုတော့ ပိုဆိုးတာပေါ့။ စဉ်းစားကြည့်၊ အလုပ်ရှင်ရဲ့ ပါးစပ်ဖျားက မင်းဘ၀၊ ကျောင်းသားတွေရဲ့ ပါးစပ်ဖျားက မင်းဘ၀၊ ကျောင်းသားမိဘတွေရဲ့ ပါးစပ်ဖျားက မင်းဘ၀။ မင်း ဒီအသက် ဒီအရွယ်ထိ မလွတ်လပ်သေးပါဘူး’’

အမေ့စကားကိုကြားပြီး ကျွန်တော် တော်တော် ၀မ်းနည်းမိတယ်။ တစ်နေ့မှာ (၂၄) နာရီ ရှိတယ်။ အိပ်ချိန် ခြောက်နာရီ နုတ်လိုက်။ ကျန်တဲ့ ၁၈ နာရီလုံးလုံးဟာ ကျွန်တော့်စိတ်နဲ့ကျွန်တော် နေခွင့်မရပါလား။ ငွေရဖို့အတွက်၊ ထမင်းစားရဖို့အတွက် ကျွန်တော့်ဘ၀ကို လူတွေရဲ့လက်ထဲ ထိုးအပ်နေရတဲ့သူပါလား။

အမေက ဆက်ပြောတယ်။

‘‘မင်းအသက် (၄၉) နှစ်၊ (၅၀) နားနီးပြီ။ အမေ ပြောပြမယ်။ လူဆိုတာ တစ်နှစ်ကနေ (၁၀) နှစ်အထိ ဘာမှ မသိဘဲ ကြီးပြင်းခဲ့တယ်။

(၁၀) နှစ်ကနေ (၂၀) အတွင်း ကျောင်းစာတွေ အဓိပ္ပာယ်ရှိရှိ သင်ရတယ်။ (၂၀) ကနေ (၃၀) အတွင်း ငွေရှာတဲ့ပညာ သင်ရတယ်၊ ငွေရှာတယ်။ (၃၀) ကနေ (၄၀) အတွင်း ဘဝကို အခြေတကျဖြစ်အောင် ရှာဖွေရတယ်၊ ကြိုးစားရတယ်၊ စုဆောင်းရတယ်။ (၄၀) ကနေ (၅၀) အတွင်းမှာ လူတစ်ယောက်ဘဝရဲ့ အကောင်းဆုံးတွေကို ဖန်တီးကြရတယ်။

(၅၀) ကနေ (၆၀) အတွင်း ဆိုရင်တော့ ပိုင်ဆိုင်မှုတွေကို အဓိပ္ပာယ်ရှိရှိ သုံးပေတော့ ငါ့သား။ (၆၀) ရဲ့ဟိုဘက်ဆိုရင်တော့ သေဖို့အတွက် ပြင်ထားပေတော့။ အခု… ငါ့သားက အကောင်းဆုံးတွေ ဖန်တီးရမယ့် ကာလကို ရောက်နေပြီ"

"ဒါဆိုရင် အမေရယ်… ကျွန်တော် စာပေဟောပြောပွဲ သွားရမလား"

"ဒါကတော့ မင်း ဆုံးဖြတ်လေ။ ဒီအရွယ်ထိ မင်းဟာ ထမင်းစားဖို့ အလုပ်လုပ်ခဲ့တယ်၊ အလုပ်လုပ်ဖို့ ထမင်းစားခဲ့တယ်။ မင်း လူဖြစ်ရကျိုး မနပ်ပါဘူး"

"ဒါဆိုရင် လူဖြစ်ရကျိုးနပ်အောင် ဘယ်လိုနေရမလဲ အမေ"

"အတွေးဉာဏ်ရင့်သန်သွားတဲ့သူတွေဟာ ထမင်းစားဖို့ အလုပ်လုပ်နေကြတာ မဟုတ်ဘူး။ အလုပ်လုပ်ဖို့လည်း ထမင်းစားနေကြတာ မဟုတ်ဘူး။ ထမင်းစားရသည် ဖြစ်စေ၊ ထမင်းမစားရသည် ဖြစ်စေ လုပ်သင့်တဲ့ အလုပ်ဆိုရင် ရဲရဲဝံ့ဝံ့ကို လုပ်သင့်တယ် ငါ့သား"

အမေ့စကားဟာ တော်တော်လေးနက်တယ်။

အမေက ဆက်ပြောတယ်။

"လူတွေဟာ သူများကဲ့ရဲ့မှာကြောက်လို့ အလုပ်လုပ်နေတဲ့သူ ရှိတယ်။ သူများ ချီးကျူးတာကို ခံချင်လို့ အလုပ်လုပ်နေတဲ့သူ ရှိတယ်။ အဲဒီလို လူတွေဟာ လူများစုတွေပဲ ငါ့သား။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို ထည့်မတွက်ဘဲ အဓိပ္ပာယ်ရှိတဲ့အလုပ်ကို လုပ်တဲ့သူကတော့ ရှားတယ် ငါ့သား"

အမေ့စကား အသွားအလာအရဆိုရင် ကျွန်တော်ဟာ အဓိပ္ပာယ်မဲ့စွာ ဘဝကို ဖြတ်သန်းနေသူပဲ။ ကိုယ့်စိတ်နဲ့ကိုယ် နေခွင့်မရသေးတဲ့ မလွတ်လပ်သူပဲ။

''မင်း… 'ရေမွေး' ဆွတ်ဖူးတယ် မဟုတ်လား။ ဘယ်သူ့အတွက် ဆွတ်တာလဲ။ မင်း မွေးဖို့ဆိုရင် အိမ်မှာနေရင်းလည်း မင်း ဆွတ်ရမှာပဲ။ အခုတော့ လမ်းထွက်မှ 'ရေမွေး' ဆွတ်ကြတယ်ဆိုတော့… 'ရေမွေး' ဆွတ်ခြင်းဆိုတာ ကိုယ့်အတွက် မဟုတ်ဘူး။ သူများတွေ မွေးဖို့၊ မွေးလိုက်တာလို့ ချီးမွမ်းခံရဖို့၊ အကဲ့ရဲ့လွတ်ဖို့ ဆွတ်တာ မဟုတ်ဘူးလား''

အမေပြောမှ စဉ်းစားမိတယ်။

''ကဲ-ဒီတော့ ငါ့သား၊ ဒီအရွယ်ကြီးရောက်မှတော့ 'ရေမွေး' မလိုတော့ပါဘူးကွယ်။ အဓိပ္ပာယ်ရှိတဲ့အလုပ်ဆိုရင် 'ရဲရဲသာလုပ်'။ အလုပ်တစ်ခုကို လုပ်ပြီးတဲ့အခါ အဲဒီအလုပ်ဟာ ပိုက်ဆံရချင်မှရမယ်၊ အဲဒီအလုပ်ကြောင့် လူ့ပတ်ဝန်းကျင်မှာ အဓိပ္ပာယ်တစ်ခု ပြည့်ဝသွားပြီဆိုရင် မင်းအလုပ်ဟာ အဓိပ္ပာယ်ရှိတယ်။ ကဲ့ရဲ့ခြင်း၊ ချီးကျူးခြင်းတွေကို 'ရေမွေး' ဆွတ်ခြင်းလို့သာ သဘောထားလိုက်တော့ ငါ့သား''

အမေ့စကားကြောင့် 'အဓိပ္ပာယ်ရှိသော ဘဝတစ်ခု' ကို ကျွန်တော် ပျော်ရွှင်စွာ ဖန်တီးလျက် ရှိပါတယ်။


'ရေမွေး' မဆွတ်တော့ပါ။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၆၄)၊ ၂-၆-၂၀၀၀။*

■

# တိုက်တာန်းနစ်

၈



သဘော်ကပေါ်မှာ

ပျော်စရာတွေ၊ ကြည်နူးစရာတွေ၊

ရင်ခုန်စရာတွေကြားထဲမှာ

စိတ်ညစ်နေတဲ့သူ၊ ပျော်ဖို့ မေ့နေတဲ့သူ

ရှိကော ရှိနိုင်လို့လား။

ရှိခဲ့ရင်ကော... ဘယ်သူများ ဖြစ်မလဲ...

## တိုက်တန်းနစ်

ကျွန်တော် ပြီးခဲ့တဲ့နွေရာသီတုန်းက ဗုဒ္ဓဂယာကို ဘုရားဖူးသွားခဲ့တယ်။ သံဝေဇနီယ လေးဌာနစလုံးကို ရောက်ခဲ့ပါတယ်။ ရန်ကုန်ကနေ ဂယာ လေဆိပ်ကို တိုက်ရိုက်လေယာဉ်စီးခဲ့ရတယ်။ ၂ နာရီခွဲလောက် ကြာတယ်။ ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်၊ နာဠန္ဒာ၊ ပါဋ္ဌလိပုတ်၊ ဝေသာလီ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ ဗာရာဏသီ၊ နေရာအနှံ့ ရောက်ခဲ့ပါတယ်။ ၁၂ ရက် ခရီးပါ။ ကျွန်တော်တို့သွားတဲ့ ဘုရားဖူးအဖွဲ့ဟာ ၂၄ ယောက်ပဲ ပါပါတယ်။ ဆန် ကုန်သည်လည်း ပါတယ်။ သစ်ကုန်သည်လည်း ပါတယ်။ ဘဏ်လုပ်ငန်းရှင် လည်း ပါတယ်။ အငြိမ်းစားအရာရှိတွေလည်း ပါတယ်။ ကားပွဲစားလည်း ပါတယ်။ ပန်းချီဆရာလည်း ပါတယ်။ စာသင်ဆရာလည်း ပါတယ်။

ကျွန်တော်တို့အဖွဲ့ကို လမ်းညွှန်ဖို့အတွက် ဗုဒ္ဓဂယာမှာရှိတဲ့ ရခိုင် ဦးပဉ္ဇင်းများက တာဝန်ယူပါတယ်။ အဲဒီ ဦးပဉ္ဇင်းတွေဟာ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓစာပေတွေကို နိုင်ငံတကာအဆင့်မီ လေ့လာနေကြသူများ ဖြစ်ကြတယ်။ ဗုဒ္ဓရဲ့ဒဿနတွေကို အင်္ဂလိပ်လို ဟောပြောနိုင်ဖို့ ကြိုးစားနေသူတွေ ဖြစ် ကြတယ်။

ကျွန်တော် ဗုဒ္ဓဂယာမှာ ဘုန်းကြီး ကိုးရက် ဝတ်ခဲ့တယ်။ အဲဒီတော့ ဗုဒ္ဓဂယာမှာရှိတဲ့ ရဟန်းများနဲ့ ခင်မင်ခဲ့တယ်။ စကားပြောခွင့် ရခဲ့တယ်။ ကျွန်တော်တို့အဖွဲ့ဟာ တစ်နေရာတည်းတိုင်း ကိုယ်တည်းခိုတဲ့ကျောင်းမှာ ကိုယ်တတ်နိုင်တာကို လှူကြတယ်။ ရေစက်ချကြတယ်။ ကျောင်းထိုင်ဘုန်းကြီး များက တရားပေးကြတယ်။ သူတို့ပေးတဲ့ တရားတွေထဲက ကျွန်တော် သဘော ကျတဲ့ 'တိုက်တန်းနစ်' တရားကို ပြောပြပါရစေ။ ဗုဒ္ဓဂယာအတွေ့အကြုံတွေ ရေးစရာအများကြီးပဲ ရှိပါသေးတယ်။

လင်းလွန်းခင်စာပေ

ဗုဒ္ဓဂယာရှိ မဟာအောင်မြေ ရခိုင်ဘုန်းကြီးကျောင်းမှာ ကျွန်တော်တို့ တည်းကြတယ်။ အဲဒီမှာ ကျွန်တော် 'သိမ်' ဝင်တယ်။ 'သိမ်' အဆင်း နေ့ဆွမ်းဘုဉ်းပေးအပြီးမှာ ကျောင်းထိုင်ဘုန်းကြီးက ရခိုင်အသံနဲ့ တရားပေးတယ်။

"ဘုရားဖူးအဖွဲ့မှ ဒကာ၊ ဒကာမအပေါင်းတို့၊ သင်တို့ဟာ သင်တို့နေတဲ့နေရာမှာ အကျော်အမော်တွေ ဖြစ်မှာ သေချာတယ်။ ငွေကြေးသုံးစွဲနိုင်လို့လည်း ဒီနေရာကို ရောက်လာကြတာပေါ့။ နယ်နယ်ရရ ပုဂ္ဂိုလ်တွေတော့ ဟုတ်ဟန်မတူဘူး။ ဒီတော့ သင်တို့စရိုက်နဲ့ ကိုက်ညီတဲ့တရား ပေးမယ်။ ဒီတရားကို 'တိုက်တန်းနစ်' တရားလို့မှတ်။ ကဲ-'တိုက်တန်းနစ်' ရုပ်ရှင်ကို ကြည့်ဖူးပါတယ် မဟုတ်လား"

ကျွန်တော်တို့ထဲက ဆန်ကုန်သည်က အသက်အကြီးဆုံး ဆိုတော့ သူကပဲ ဦးဆောင်ပြီး ဖြေပါတယ်။

"ကြည့်ဖူးပါတယ် ဘုရား"

"ကဲ... ဒါဆိုရင် ဇာတ်လမ်းအကျဉ်းပြောစမ်း"

"ကိတ်ဝင်းစလက်နဲ့ လီယိုနာဒိုတို့ရဲ့ အချစ်ဇာတ်လမ်းပါ"

"ဒကာကြီးက အချစ်သဘောနဲ့ ကြည့်တာကိုး၊ တရားသဘောနဲ့ ကြည့်စေချင်တာ။ ကဲ... ဘုန်းကြီးပဲ ပြောမယ်။ 'တိုက်တန်းနစ်' သင်္ဘောဆိုတာ သူဌေးတွေမှ စီးနိုင်တာနော်။ သင်္ဘောပေါ်မှာ သူဌေးတွေချည်းပဲ ပါတယ်။ 'ဘားခန်း' ထဲမှာ အရက်သောက်သူကသောက်၊ 'ကာစီနို' ဝိုင်းမှာ လောင်းကစားတဲ့သူက ကစား၊ စားသောက်ခန်းထဲမှာ ကတဲ့သူက က၊ သုံးလိုက်ဖြုန်းလိုက်နဲ့ ပျော်နေလိုက်ကြတာ။ အချစ်အတွက် စွန့်စားတဲ့သူနဲ့၊ အချစ်အတွက် ဒေါသဖြစ်နေတဲ့သူနဲ့၊ 'တိုက်တန်းနစ်' သင်္ဘောကြီးဟာ မကြာခင်မှာ ရေခဲတောင်နဲ့တိုက်ပြီး ပင်လယ်ထဲ စုံးစုံးမြုပ်တော့မယ် ဆိုတာ ဘယ်သူမှ မတွေးမိကြဘူး။ စဉ်းလည်း မစဉ်းစားမိကြဘူး။ ဒီလောက် ခိုင်ခံ့ပြီး နည်းပညာအပြည့်နဲ့ တည်ဆောက်ထားတဲ့ သင်္ဘောကြီးကို အားလုံးက ယုံကြည်ကြတယ်၊ စိတ်ချကြတယ်။ အဲဒီသင်္ဘောပေါ်က လူတွေဟာ ဘယ်သူတွေနဲ့ တူလဲ စဉ်းစားကြည့်ကြစမ်း"

ဒီတစ်ခါ ဘဏ်လုပ်ငန်းရှင်ကြီးက ဖြေတယ်။

လင်းလွန်းခင်စာပေ

“အကုသိုလ်များတဲ့ သူတွေပါ ဘုရား”

“ဘယ်က ဟုတ်ရမှာတုံး။ ‘တိုက်တန်းနှစ်’ သင်္ဘောပေါ်က လူတွေက ဘုန်းကြီးတို့၊ ဒကာကြီးတို့နဲ့ အတူတူပဲ”

ကျွန်တော်တို့တစ်ဖွဲ့လုံး တဝါးဝါးနဲ့ ရယ်မိကြတယ်။

“ဟုတ်တယ်၊ ဘုန်းကြီးတို့၊ ခင်ဗျားတို့ဟာ မသေချာတဲ့ ခရီးသွားတွေ။ မရေရာတဲ့ မနက်ဖြန်ကိုမေ့ပြီး ကိုယ့်ကိုယ်ကိုယ် သူဌေးကြီး၊ အရာရှိကြီး၊ လုပ်ငန်းရှင်ကြီးဆိုပြီး ပျော်နေကြတာ။ ငါ ဘာလဲ၊ မင်း ဘာလဲဆိုပြီး အတ္တတွေပြိုင်၊ လောဘတွေပြိုင်၊ ဒေါသတွေပြိုင်ပြီး မောဟစိတ်နဲ့ အသက်ရှင်နေကြတာ။ မတွေးမိကြလို့ပါ၊ မကြာခင်မှာ ရေခဲတောင်နဲ့ တိုက်မိပြီး ပင်လယ်ထဲမြုပ်တော့မယ့် ကိုယ့်အခြေအနေကို မေ့နေကြတဲ့သူတွေပါ။ သေဖို့ဘာမှ မပြင်ဆင်ရသေးတဲ့သူတွေ။ ဟုတ်ရဲ့လား ဒကာကြီး”

ကျွန်တော်တို့တစ်ဖွဲ့လုံး ငြိမ်နေကြတယ်။ ရခိုင်ဘုန်းကြီး ပြောမှပဲ စဉ်းစားမိတော့တယ်။ ဘုန်းကြီးက ဆက်ပြောတယ်။

“ဒီနေရာမှာ မေးစရာရှိတယ်၊ ‘မနက်ဖြန်ကို မသိသူ’ အချင်းချင်း ပျော်ပျော်နေတာ မကောင်းဘူးလားလို့။ ပျော်ပျော်နေတာထက် သတိနဲ့နေတာ ပိုကောင်းတယ်။ မြတ်ဗုဒ္ဓက ပြောတယ်။ ‘သတိ’ ဆိုတဲ့စကားပဲ။ တကယ်တော့ ‘သတိ’ နဲ့ နေပါဆိုတာ ‘ဉာဏ်’ နဲ့ နေပါလို့ပြောတာ။ ‘ဉာဏ်နည်း’ တဲ့သူဟာ ‘သတိမဲ့’ ပြီး ပျော်နေကြတာ။ ‘ဉာဏ်ရှိ’ တဲ့သူတွေဟာ ‘သတိ’ နဲ့ ပျော်တတ်ကြတယ်”

ကျွန်တော်တို့အားလုံး သဘောပေါက်သလိုတော့ ဖြစ်လာတယ်။

“ကဲ··· ဟို ဆန်ကုန်သည်ဒကာကြီးက အသက်အကြီးဆုံး ဆိုတော့ ဒကာကြီးရဲ့ဘဝမှာ ဘယ်လိုပျော်ခဲ့သလဲ၊ စဉ်းစားကြည့်စမ်း၊ ‘သတိ’ နဲ့ ပျော်ခဲ့တာလား၊ ‘သတိမဲ့’ ပျော်ခဲ့တာလား၊ ‘ဉာဏ်’ နဲ့ ပျော်ခဲ့တာလား၊ ‘ဉာဏ်မဲ့’ ပျော်ခဲ့တာလား”

“သတိမဲ့ ပျော်ခဲ့တာပါ ဘုရား”

“ဘုန်းကြီးတရား မပြီးသေးဘူး၊ သာဓု မခေါ်ကြနဲ့ဦး။ ဘုန်းကြီး နောက်ဆုံးမေးခွန်းတစ်ခု မေးမယ်၊ ဒီ ‘တိုက်တန်းနှစ်’ သင်္ဘောကြီးပေါ်မှာ ရှိတဲ့လူတွေအားလုံးဟာ မသေခင်အချိန်ထိ ပျော်နေခဲ့ကြတယ်။ သင်္ဘောကြီး

ရေခဲတောင်နဲ့ တိုက်မိမှ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ပြီး ဒုက္ခနဲ့တွေ့မှ ပျာယာခတ်ကုန်ကြတယ်၊ အပျော်တွေ ပျောက်ကုန်ကြတယ်။ ဒီသင်္ဘောပေါ်မှာ မပျော်တဲ့လူတစ်ယောက်ရှိတယ်၊ ဘယ်သူသိတုံး၊ ပြောကြစမ်း''

အားလုံး စဉ်းစားနေကြတယ်။ အဖြေထွက်မလာဘူး။

''ကဲ… ဘုန်းကြီးပဲ ဖြေမယ်၊ သင်္ဘောကြီး ရေခဲတောင်နဲ့ တိုက်သည်ဖြစ်စေ၊ မတိုက်သည်ဖြစ်စေ မပျော်တဲ့လူတစ်ယောက် ရှိတယ်။ အချိန်တိုင်း စိုးရိမ်စိတ်နဲ့ သောကရောက်နေရတဲ့ လူတစ်ယောက်ရှိတယ်။ ပျော်ချင်တိုင်း ပျော်ခွင့်မရတဲ့သူပေါ့၊ ပျော်ဖို့ မေ့နေတဲ့သူပေါ့''

ဒီနေရာမှာ ပန်းချီဆရာက ဝင်ပြောတယ်။

''လီယိုနာဒိုလား ဘုရား''

''ဘယ်က ဟုတ်ရမှာလဲ''

''ဒါဆိုရင် ကိတ်ဝင်းစလက်လား ဘုရား''

''မဟုတ်ဘူး ဒကာကြီး၊ ပန်းချီဆရာပီပီ အနုအရွကို တယ်စဉ်းစားသကိုး''

ကျွန်တော်လည်း စဉ်းစားနေမိတယ်။ သင်္ဘောပေါ်မှာ ပျော်စရာတွေ၊ ကြည်နူးစရာတွေ၊ ရင်ခုန်စရာတွေ ကြားထဲမှာ စိတ်ညစ်နေတဲ့သူ၊ ပျော်ဖို့ မေ့နေတဲ့သူ ရှိကော ရှိနိုင်လို့လား။ ရှိခဲ့ရင်ကော… ဘယ်သူများ ဖြစ်မလဲ။ ရခိုင်ဘုန်းကြီးက ပြုံးပြုံးကြီး ဖြေလိုက်တယ်။


''ဒီသင်္ဘောပေါ်မှာ အချိန်တိုင်း စိုးရိမ်စိတ်နဲ့ သောကရောက်နေတဲ့သူဟာ 'တိုက်တန်းနစ်' သင်္ဘောပိုင်ရှင်တွေပေါ့ကွ။ ဒီတော့ အခု ဒကာ၊ ဒကာမတွေဟာ ဗုဒ္ဓဂယာကို ဘုရားဖူးထွက်လာခဲ့တာ နောက်ဆံတင်းနေရတဲ့ 'တိုက်တန်းနစ်' သင်္ဘောပိုင်ရှင်တွေလား၊ ဒါမှမဟုတ် မေ့မေ့လျော့လျော့နဲ့ ပျော်ချင်တိုင်းပျော်နေတဲ့ သတိမဲ့၊ ဉာဏ်မဲ့ သံသရာခရီးသွားတွေလား စဉ်းစားကြ၊ သေဖို့အတွက် ဘာတွေပြင်ဆင်ပြီးပြီလဲ။ ကဲ… ဘုန်းကြီးတရား ပြီးပြီ''

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၂၅)၊ ၂၀-၇-၂၀၀၇*

■

# လောဘသေတ္တာ



အခုတော့ တော်တော်ခက်တယ်ဗျာ။

တစ်ဖက်လူကို အနိုင်ရဖို့ ကြိုးစားနေရင်းနဲ့

ကျွန်တော်တို့ရဲ့တန်ဖိုးရှိတဲ့အချိန်တွေ ကုန်ဆုံးခဲ့ရပြီ။

တစ်ဖက်လူရဲ့ပိုင်ဆိုင်မှုကို အားကျရင်း၊ မနာလိုဖြစ်ရင်းနဲ့

အဓိပ္ပာယ်ရှိတဲ့ လူ့ဘဝကို အဓိပ္ပာယ်မဲ့စွာ ဖြုန်းတီးနေခဲ့ကြပြီ။

## လောဘသေတ္တာ

တော်တော်အသုံးမကျတဲ့ ငါပဲ။

ကြည့်စမ်းပါဦး၊ သူများတွေမှာဖြင့် တိုက်ကြီးကလည်း အကြီးကြီး။ ငါ့မှာက နံကပ်တိုက်သေးသေးလေး။ ပုအိုက်အိုက်အိမ်ကလေးထဲမှာ ငါ မနေချင်ဘူး၊ သူ့လို တိုက်ကြီးဖြစ်ရမယ်။

ကြည့်စမ်းပါဦး၊ ငါ့ရဲ့ကားက မော်ဒယ်လ်အောက်နေပြီ၊ နံပါတ်ကလည်း နိမ့်လိုက်တာ။ ဟိုအကောင်ရဲ့ကားက အော်တိုဂီယာနဲ့။ ပြီးတော့ ဒီဇယ်အင်ဂျင် တပ်ထားတယ်ဆိုတော့ အဲယားကွန်းကလည်း ကောင်းမှကောင်း။ ငါ့ကားကတော့… အဲယားကွန်းလည်း မနိုင်။ ဒီကားကို ငါ မစီးချင်ဘူး။ ဟိုကောင့်ကားမျိုးဆိုရင် သိပ်ကောင်းမှာ။

ကြည့်စမ်းပါဦး၊ သူ့ဆိုင်မှာ လူတွေအများကြီး ဝယ်လိုက်ကြ၊ ဝင်လိုက်ကြ၊ ထွက်လိုက်ကြနဲ့ ရောင်းကောင်းနေလိုက်တာ။ ငါ့ဆိုင်ကျတော့ သူ့ဆိုင်လောက်လည်း ရောင်းမကောင်းဘူး၊ သူ့ဆိုင်လောက်လည်း လူမစည်ဘူး၊ သူ့ဆိုင်လောက်လည်း ပစ္စည်းမစုံဘူး။ သူ့ဆိုင်ထက် ငါ သာချင်တယ်။

ကြည့်စမ်းပါဦး၊ သူ့သမီးက ဆေးကျောင်းတက်ရတယ်တဲ့။ ငါ့သားကတော့ ရိုးရိုးတက္ကသိုလ်ပဲ တက်ရမယ်တဲ့။ တော်တော်ညံ့တဲ့ ငါ့သားပဲ။ ငါတို့ ဒီလောက်လုပ်ပေးနေတာတောင် သူတို့ကို ငါ့သားက ဘာလို့ မမီရတာလဲ။

ကြည့်စမ်းပါဦး၊ သူတို့ထမင်းဝိုင်းက ဟင်းတွေက ကောင်းလိုက်တာ၊ စုံနေတာပဲ။ စားပွဲခုံကြီးကလည်း အပျံစားကြီး။ ထမင်းတွေ၊ ဟင်းတွေကလည်း မွှေးကြိုင်နေတာပဲ။ ငါတို့အိမ်က ထမင်းဝိုင်းကတော့ကွာ ထုံးစံအတိုင်းပါပဲ၊ ချဉ်ပေါင်ဟင်းလား၊ ဘဲဥကြော်လား၊ စိတ်ညစ်စရာကောင်းလိုက်တာ။

ကြည့်စမ်းပါဦး၊ ငါထုတ်တဲ့ ဂျာနယ်ကတော့ စောင်ရေက နည်းနည်းလေးရယ်။ သူ ထုတ်တဲ့ဂျာနယ်ကျတော့ စောင်ရေက ထောင်ဂဏန်းကြီးကြီး၊ ထွက်ပြီဆိုရင် အလုအယက် ဝယ်ကြတယ်၊ အလုအယက် ဖတ်ကြတယ်။ ငါ ထုတ်တဲ့ဂျာနယ်ဟာ သူတို့ဂျာနယ်လောက် လူကြိုက်လည်း မများဘူး။ ငါလည်း ကြိုးစားတာပဲ။ သူ့ဂျာနယ်ထက် ငါ့ဂျာနယ်က သာစေရမယ်ကွ။

ကြည့်စမ်းပါဦး…

ကြည့်စမ်းပါဦး…

ငါ… သူ့ကို နိုင်စေရမယ်။

■

ကျွန်တော် ဆယ်တန်းအောင်တော့ မန္တလေးတက္ကသိုလ် တက်ရတယ်။ အပြင်ဆောင်မှာ နေရတယ်။ အဲဒီတုန်းက အကြောင်းလေး ပြောပြချင်တယ်။

အဖေက ပြောတယ်။

"ငါ့သား၊ မင်းကို အပြင်ဆောင်မှာ ထားပေးမယ်။ ကဲ… ဒီတော့ ပြင်ဆင်စရာရှိတာ ပြင်ဆင်။ ဒီလဆန်းရင် မန္တလေးကို သွားရမယ်၊ 'အသည်းပန်း' ဘော်ဒါမှာ နေရမယ်"

ကျွန်တော် အရမ်းကို ပျော်သွားတယ်။

ဒါနဲ့ အိမ်မှာ 'ဝေခွဲရေး' စလုပ်ရတော့တယ်။ ကျွန်တော့်မှာ ကိုယ်ပိုင် အင်္ကျီ၊ ပုဆိုး မရှိပါ။ အဖေနဲ့ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ ဒီလိုပဲ အဆင်ပြေသလို လှည့်ပတ်ပြီး ဝတ်ကြရပါတယ်။ အဆောင်သွားမယ် ဆိုတော့ ကျွန်တော့်အတွက် အများပိုင်ပစ္စည်းတွေကို ကိုယ်ပိုင်အဖြစ် ခွဲပေးပါတော့ တယ်။ မလေးရှားပုဆိုးက နှစ်ထည်၊ အိန္ဒိယ ပလေကတ်က သုံးထည်၊ အင်္ကျီအဖြူက နှစ်ထည်၊ လေယာဉ်မောင်းအစနဲ့ ချုပ်ထားတဲ့ အရောင်ပါတဲ့ အင်္ကျီက သုံးထည်၊ အဆောင်မှာနေရင်း အကြမ်းဝတ်ဖို့ ပုဆိုးအစုတ်က နှစ်ထည်၊ စွပ်ကျယ်လက်ပြတ်က သုံးထည်။

ခက်တာက အဲဒီပစ္စည်းတွေထည့်ဖို့ 'သေတ္တာ' မရှိခြင်းပါပဲ။ အဲဒီ အချိန်မှာ အမေက စာအုပ်တွေထည့်ဖို့ သိမ်းထားတဲ့ သံသေတ္တာတစ်လုံးကို ကျွန်တော့်ပေးတယ်။

ပျော်လိုက်တာ။

အဲဒီ 'သေတ္တာ' ကို ရေဆေးတယ်၊ ဆေးသုတ်တယ်၊ ကျွန်တော့် နာမည်ရေးလိုက်တယ်။ ဆေးခြောက်အောင်လို့ နေပူထဲကို ခဏခဏ နေပြ ရတယ်။ ရင်ထဲမှာပျော်တဲ့ စိတ်တွေနဲ့ပေါ့။ ကျွန်တော့်ဘဝမှာ ကိုယ်ပိုင်အင်္ကျီ၊ ကိုယ်ပိုင်သေတ္တာနဲ့ နေခွင့်ရပြီ။

အဆောင်သွားရဖို့ တစ်ပတ်အတွင်းမှာ အိပ်လို့တောင် မပျော်ဘူး။ 'သေတ္တာ' ကို ဖွင့်လိုက်၊ ပိတ်လိုက်။ အင်္ကျီတွေကို ပုံစံမျိုးစုံ ခေါက်လိုက်။ ဟိုလိုထည့်ကြည့်လိုက်၊ ဒီလိုထည့်ကြည့်လိုက်နဲ့။ ကျွန်တော် ပျော်နေတာကို စာဖတ်သူတို့ ခံစားကြည့်လို့ရပါတယ်။

ဒီလိုနဲ့ အဆောင်ကို ရောက်လာခဲ့တယ်။

ကျွန်တော့်ရဲ့အခန်းဖော်က ကျွန်တော့်ထက်အရင် ရောက်နှင့်နေတယ်။ ဒီကောင်က ကျွန်တော့်ကို ဦးစွာ မိတ်ဆက်တယ်။

"ငါ့နာမည် နော်ဘောက်။ ကွတ်ခိုင်မှာ နေတယ်။ မင်းနာမည် ဘယ်သူလဲ"

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ခုတင်ပေါ် ဒီကောင့်ရဲ့သေတ္တာကြီးနှစ်လုံး တင်ထားတယ်။

"ငါ့နာမည် ဘုန်းနိုင်ဦး၊ ပြင်ဦးလွင်မှာ နေတယ်။ မင်း သေတ္တာကြီး နှစ်လုံး ငါ့ခုတင်ပေါ်က အောက်ချပေးကွာ"

ဒီလိုနဲ့ ရင်းနှီးသွားကြတယ်။

ညနေပိုင်းရောက်တော့ လက်ဖက်ရည်သောက် ထွက်ကြတယ်။

'နော်ဘောက်' က သူ့သေတ္တာကို ဖွင့်လိုက်တယ်။

အားပါးပါး… အင်္ကျီတွေ အများကြီးပါလား။ ဂျင်းဘောင်းဘီက လည်း သုံးထည်လောက် ပါတယ်။ ကျွန်တော် အရမ်းဝတ်ချင်တဲ့ ဂျင်းဂျာကင် ကလည်း ပါလိုက်သေးတယ်။ ဂျင်းစနဲ့ချုပ်ထားတဲ့ ရှပ်အင်္ကျီကလည်း ပါ လိုက်သေးတယ်ဗျ။

နောက်ထပ် 'သေတ္တာ' တစ်လုံးကို ဖွင့်လိုက်တယ်။

အားလားလား… မလေးရှားပုဆိုး တစ်ထပ်ကြီးပါလား။ တီရှပ် တွေလည်း မနည်းဘူး။

ကျွန်တော် တော်တော်သိမ်ငယ်သွားတယ်။

တစ်ပတ်လုံး ပျော်ခဲ့သမျှအပျော်တွေ သူ့သေတ္တာကို မြင်လိုက်ရတော့ လွင့်ပျောက်ကုန်တော့တယ်။ လက်ဖက်ရည်ဆိုင်ကို အတူတူသွားကြပေမယ့် ကျွန်တော် မပျော်ဘူး။ စာကျက်လို့လည်း မရဘူး။ အိပ်လို့လည်း မရဘူး။

သူ့သေတ္တာကို ကျွန်တော့်သေတ္တာနဲ့ယှဉ်ပြီး ကျွန်တော့်စိတ်တွေ ဆင်းရဲ နေခဲ့ဖူးတယ်။

■

စာဖတ်သူ ခင်ဗျား…

ကျွန်တော်တို့အားလုံးမှာ 'လောဘသေတ္တာ' တွေ ကိုယ်စီ ရှိကြပါတယ်။

ကိုယ့်သေတ္တာနဲ့ကိုယ်၊ သူ့သေတ္တာနဲ့သူ ဆိုတဲ့စိတ်မျိုး မထားမိကြဘူး။ ကိုယ့်သေတ္တာပြည့်ရင် တော်ပြီပေါ့။ ကိုယ့်အထွာနဲ့ကိုယ်၊ သူ့အထွာနဲ့သူပေါ့။

အခုတော့ တော်တော်ခက်တယ်ဗျာ။

တစ်ဖက်လူကို အနိုင်ရဖို့ ကြိုးစားနေရင်းနဲ့ ကျွန်တော်တို့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ ကုန်ဆုံးခဲ့ရပြီ။

တစ်ဖက်လူရဲ့ ပိုင်ဆိုင်မှုကို အားကျရင်း၊ မနာလိုဖြစ်ရင်းနဲ့ အဓိပ္ပာယ်ရှိတဲ့ လူ့ဘဝကို အဓိပ္ပာယ်မဲ့စွာ ဖြုန်းတီးနေခဲ့ကြပြီ။

အရင်တုန်းကလည်း ဒီလိုပဲ။

အခုလည်း…။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၆၆)၊ ၁၆-၆-၂၀၀၈။*

■

# ဒူးရင်းသီးပုံပြင်



ဘယ်ဘဝပဲရောက်ရောက်၊

ဘယ်အခြေအနေပဲရောက်ရောက်၊

ဘယ်လိုစည်းစိမ်တွေကို ပိုင်ဆိုင်ပိုင်ဆိုင်

သူငယ်ချင်းဆိုတာ သူငယ်ချင်းပဲ ဖြစ်သင့်တယ်။

သူငယ်ချင်းတွေအကြားမှာ ဂုဏ်တွေ၊ အရှိန်အဝါတွေ၊

အောင်မြင်မှုတွေ၊ ပိုင်ဆိုင်မှုတွေနဲ့

စည်းခြားမထားသင့်ဘူး။

## ဒူးရင်းသီးပုံပြင်

ရုပ်သေးပညာရှင် ဒေါ်မမနိုင်ရဲ့ ရုပ်သေးရုံမှာ တနင်္ဂနွေနေ့တိုင်း 'ဟက်ပီးဆန်းဒေး' ကျင်းပတယ်။ သီချင်းတွေ ဆိုကြတယ်။ သီချင်းတွေက ရေဒီယိုသီချင်းဟောင်းတွေ များပါတယ်။ မြို့မသီချင်းတွေကလည်း ပါတယ်။ သီချင်းလာပြီး ဆိုကြတဲ့သူတွေလည်း မန္တလေးမြို့ရဲ့ မျက်နှာဖုံးတွေ များပါတယ်။ ပျော်စရာလည်း ကောင်းတယ်။ ကျွန်တော်တို့လို အသက်အရွယ်တွေအတွက် စိတ်ဖိစီးမှု သက်သာစေပါတယ်။

အလုပ်ထဲမှာ စိတ်တွေနှစ်ပြီး တစ်ပတ်လုံး အလုပ်လုပ်ခဲ့သမျှ 'ဟက်ပီးဆန်းဒေး' မှာ သီချင်းဆိုရင်း ဖွင့်ထုတ်ပစ်လိုက်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့မှာ အချိန်တိုအတွင်း 'သူငယ်ချင်း' တွေ အများကြီး တိုးလာပါတယ်။

ပြီးခဲ့တဲ့ ဝါဆိုလပြည့်နေ့က ဆရာမ ရုပ်သေးပညာရှင် ဒေါ်မမနိုင်ရယ်၊ စာရေးဆရာမ ယဉ်ယဉ်နုရယ်၊ စာရေးဆရာမ သင်းသင်းရယ်၊ စာရေးဆရာမ ခင်လေးငယ်ရယ်၊ စာရေးဆရာ ဦးရာစိုးရယ်၊ ကျွန်တော်ရယ် မန္တလေးကန်တော်ကြီးရဲ့ ပြည်ကြီးမွန်ဖောင်တော်မှာ နံနက်စာစားရင်း စကားပြောဖြစ်ကြတယ်။

အဲဒီနေ့မှာ 'သူငယ်ချင်း' ဆိုတဲ့ အဓိပ္ပာယ်ကို ပေါ်လွင်စေတဲ့ 'ဒူးရင်းသီး' ပုံပြင်ကို ကျွန်တော် ပြောဖြစ်ခဲ့တယ်။ ပုံပြင်လေးက ဒီလိုပါ။

■

တစ်ခါတုန်းကပေါ့ . . .

သူငယ်ချင်း အယောက် (၃၀) ဟာ အုပ်ချုပ်သူ ဆရာ၊ ဆရာမတွေနဲ့အတူ တောစပ်တစ်နေရာကို လေ့လာရေးခရီး ထွက်ခဲ့ကြတယ်။

သူငယ်ချင်းတွေဆိုတော့ ဆော့ကြတာပေါ့။ ပတ်ဝန်းကျင်ကိုလည်း လေ့လာကြတယ်။

ပန်းပင်တွေအကြောင်း၊ သစ်ပင်တွေအကြောင်း၊ လိပ်ပြာလေးတွေအကြောင်း ပြောကြတယ်။ ပါဆယ်ဂိမ်း ကစားကြတယ်။ ပါလာတဲ့ ထမင်းဘူးတွေ ဖွင့်စားကြတယ်။

ဒီသူငယ်ချင်းတွေထဲက သူငယ်ချင်းသုံးယောက်ဟာ လှပတဲ့လိပ်ပြာလေးတွေကို လိုက်ပြီးကြည့်ရင်း တောစပ်ကနေ တောထဲကို ရောက်သွားပါတော့တယ်။ လိပ်ပြာလေးတွေကလည်း လှတော့ လိပ်ပြာလေးတွေထဲပဲ စိတ်က ရောက်နေတယ်။ ကိုယ်လာတဲ့လမ်းကို မမှတ်မိတော့ဘူး။

ဒီလိုနဲ့ ညနေစောင်းလို့ စုရပ်ကို ပြန်ကြမယ်လည်းလုပ်ရော မပြန်တတ်ကြတော့ဘူး။ သူငယ်ချင်းသုံးယောက်ဟာ ထင်ရာမြင်ရာ စမ်းမှန်းပြီး စုရပ်ကို ပြန်လာကြတယ်။

သူတို့ လာတဲ့လမ်းဟာ စုရပ်ကို မရောက်ဘဲ တောနက်ထဲကိုပဲ တဖြည်းဖြည်း ရောက်သွားပါတော့တယ်။

ညနေခင်း ရောက်လာတော့ တဖြည်းဖြည်း မှောင်လာတယ်။ သူငယ်ချင်းသုံးယောက် တစ်ယောက်လက်ကို တစ်ယောက်တွဲလို့ လမ်းရှာရင်း ခရီးဆက်ခဲ့ပါတော့တယ်။

ညဟာ တော်တော့်ကို မှောင်လာတယ်။ အဲဒီအချိန်မှာ မီးတုတ်တွေကိုင်လို့ လူတစ်စုကို သူတို့ မြင်လိုက်တယ်။ သူတို့ကို လိုက်ရှာနေတဲ့အဖွဲ့ဖြစ်မယ်ထင်တယ်။

အနီးနားလည်းရောက်ရော အဲဒီလူစုဟာ လိုက်ရှာနေတဲ့သူတွေ မဟုတ်ဘဲ လူရိုင်းတွေဖြစ်နေတယ်။ လူရိုင်းတွေဟာ သူတို့ကို တွေ့တွေ့ချင်းပဲ နွယ်ကြိုးတွေနဲ့ တုပ်လိုက်တယ်။ ခြေထောက်နဲ့ကန်တယ်။ သူတို့ နားမလည်တဲ့ စကားတွေနဲ့ သူတို့ကို ပြောတယ်။ ဖမ်းသွားကြတယ်ပေါ့။

ဒီလိုနဲ့ တစ်ညလုံး လမ်းလျှောက်လိုက်ရတာ မိုးလင်းသွားရောဆိုပါတော့။ မိုးလင်းတော့လည်း ဆက်ပြီး လျှောက်ရပြန်တယ်။ လမ်းမှာတွေ့တဲ့ အသီးတွေကို ခူးစား။ တွေ့တဲ့ရေကို သောက်။ ခရီးဆက်လိုက်တာ၊ နှစ်ညအိပ်လောက်ကြာမှာ လူရိုင်းတွေနေတဲ့ရွာကို ရောက်ပါတော့တယ်။

ရွာကိုလည်းရောက်ရော ရွာလူကြီးလို့ထင်ရတဲ့ ပုဂ္ဂိုလ်ကြီးက အဲဒီ သူငယ်ချင်းသုံးယောက်ကို လုံကြီးနဲ့ရှယ်တယ်၊ ချိန်တယ်၊ သတ်ပစ်မယ်ပေါ့။ အဲဒီအချိန်မှာ 'လူ' စကား နည်းနည်းပြောတတ်တဲ့ စကားပြန်တစ်ယောက် ရောက်လာတယ်။

"ငါတို့လူကြီးက ပြောတယ်၊ ငါတို့ရွာမှာ လူတစ်ယောက်ရဲ့ကံကြမ္မာ ကို စမ်းသပ်တဲ့နည်း ရှိတယ်။ ကံကောင်းရင် အသက်ရှင်မယ်။ ကံဆိုးရင် အသက်သေမယ်။ စမ်းသပ်တဲ့နည်းကလည်း မခက်ဘူး။ ဟိုမယ်… တွေ့လား၊ ဥယျာဉ်ခြံထဲမှာ သစ်သီးပင်တွေ စိုက်ထားတယ်။ အဲဒီ သစ်သီးပင်တွေထဲက အမျိုးအစားတူတဲ့ သစ်သီး (၁၀) လုံး ခူးခဲ့ရမယ်။ မင်းတို့ ခူးခဲ့တဲ့ သစ်သီးပေါ် မူတည်ပြီး မင်းတို့ရဲ့အသက်နဲ့ ကံကြမ္မာကို ဆုံးဖြတ်မယ်။ ကဲ-မင်းတို့ သုံးယောက် နှစ်သက်ရာ အမျိုးအစားတူ သစ်သီး (၁၀) လုံးစီ ခူးခဲ့၊ သွားကြ"

သူငယ်ချင်း သုံးယောက်ဟာ ဥယျာဉ်ခြံထဲကို အပြေးအလွှားပဲ သွားကြပါတယ်။

ပထမဆုံးတစ်ယောက်က ပန်းသီး (၁၀) လုံး ခူးလာတယ်။ စကားပြန်က ပြောတယ်။

"အဲဒီ ပန်းသီး (၁၀) လုံးကို အသံမထွက်ဘဲ အလုံးလိုက် မျိုချရ မယ်၊ အသံထွက်ရင် သတ်မယ်၊ အသံမထွက်ရင် အသက်ရှင်မယ်"

စဉ်းစားကြည့်ကြစမ်းပါဗျာ၊ ပန်းသီး (၁၀) လုံး၊ အလုံးလိုက် ဘယ်လိုလုပ် မျိုနိုင်မှာလဲ။ ဒီလိုနဲ့ အသတ်ခံရရော ဆိုပါတော့။ အသက် ထွက်ထွက်ချင်းပဲ သူဟာ ငရဲပြည်ကို ရောက်သွားပါတော့တယ်။

အဲဒီအချိန်မှာ ဒုတိယသူငယ်ချင်းက စပျစ်သီး (၁၀) လုံး ခူးပြီး ရောက်လာတယ်။ ထုံးစံအတိုင်းပဲ စကားပြန်က ပြောတယ်။

"စပျစ်သီး (၁၀) လုံးကို အသံမထွက်ဘဲ အလုံးလိုက် မျိုချရမယ်၊ အသံထွက်ရင် သတ်မယ်။ အသံမထွက်ရင် မင်း အသက်ရှင်မယ်"

စပျစ်သီးဆိုတာ သေးသေးလေးတွေဆိုတော့ တစ်လုံးပြီးတစ်လုံး အသံမထွက်ဘဲ မျိုချပါတော့တယ်။ ဒီလိုနဲ့ (၉)လုံးမြောက်အရောက်မှာ အသံထွက်ပြီး 'ရယ်' လိုက်တယ်။ အဲဒါနဲ့ အသတ်ခံရပါလေရော။ ဒီကောင် လည်း ချက်ချင်းဆိုသလိုပဲ ငရဲပြည်ကို ရောက်သွားတယ်။

ရေပြည်မှာ သူငယ်ချင်းနှစ်ယောက် တွေ့ကြတော့… ပထမ သူငယ်ချင်းက မေးတယ်။

“ဟေ့ကောင်၊ မင်း ဘာအသီးစားလို့ အသတ်ခံရတာလဲကွ”

“စပျစ်သီးကွ”

“ဟ… စပျစ်သီး (၁၀) လုံးများ အသံထွက်အောင် စားရတယ်လို့ ကွာ။ ငါကတော့… ပန်းသီးမို့ အသတ်ခံရတာ။ အံ့သြပါ့ကွာ”

“မင်း ဘာသိလို့လဲ။ ငါက… စပျစ်သီးကို အသံမထွက်ဘဲ ကြိတ်မှိတ်ပြီး မျိုချနေတုန်း ဟိုအကောင် ဘာအသီးတွေခူးပြီး ပြေးလာတယ် မှတ်တုံး၊ သူ့ကိုကြည့်ပြီး ငါ အသံထွက် ‘ရယ်’ မိလို့ အသတ်ခံရတာ”

“ဒီကောင်က ဘာအသီး (၁၀) လုံး ခူးလာလို့တုံးကွ”

“ဒူးရင်းသီး (၁၀) လုံး ခူးလာတယ်တဲ့ကွာ”

ရေပြည်ရောက် သူငယ်ချင်းနှစ်ယောက် တဟားဟားနဲ့ ရယ်လိုက်ကြတော့တယ်။

အဲဒီအချိန်မှာ တတိယသူငယ်ချင်း ရေပြည်ကို ရောက်လာတယ်။

“မင်းတို့ကမှ မင်းတို့ ခူးလာတဲ့အသီး စားခွင့်ရသေးတယ်။ ငါက တော့ ငါခူးလာတဲ့အသီး မစားရဘဲ အသတ်ခံရတာကွ”

သူငယ်ချင်းသုံးယောက် ရေပြည်မှာ ပျော်ပျော်ပါးပါးကြီး ရယ်မောလိုက်ကြပါတော့တယ်။

■

သူငယ်ချင်းဆိုတာ ဒီလိုမျိုးပါ။

ပန်းသီးပဲ စားရစားရ၊ စပျစ်သီးပဲ စားရစားရ၊ ဒူးရင်းသီးပဲ စားရစားရ၊ ဘယ်ဘဝပဲရောက်ရောက်၊ ဘယ်အခြေအနေပဲရောက်ရောက်၊ ဘယ်လို စည်းစိမ်တွေကို ပိုင်ဆိုင်ပိုင်ဆိုင် သူငယ်ချင်းဆိုတာ သူငယ်ချင်းပဲ ဖြစ်သင့်တယ်။ သူငယ်ချင်းတွေအကြားမှာ ဂုဏ်တွေ၊ အရှိန်အဝါတွေ၊ အောင်မြင်မှုတွေ၊ ပိုင်ဆိုင်မှုတွေနဲ့ စည်းခြားမထားသင့်ဘူး။ အားလုံး ပျော်ပျော်ပဲပေါ့ဗျာ။

ကျွန်တော့်ပုံပြင်ကို သူတို့နားထောင်ကြရင်း တဝါးဝါး တဟားဟား နဲ့ ရယ်မောကြပြီး နံနက်စာ စားလိုက်ကြပါတော့တယ်။

တကယ်တော့… သူငယ်ချင်းဆိုတာ…

ရင်ဖွင့်ဖော် ရင်ဖွင့်ဖက်၊ ပျော်ဖော်ပျော်ဖက်၊ ချစ်ဖော်ချစ်ဖက်၊ စိတ်ရဲ့ချမ်းသာမှုကို အမျိုးမျိုးပုံဖော်ပေးနိုင်တဲ့ သဘာဝက ဖန်တီးထားတဲ့ လူသားတွေပဲ မဟုတ်ပါလား ခင်ဗျာ…။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၆၈)၊ ၃၀-၆-၂၀၀၀*

■


ရှားပါးဓာတ်ပုံ

အမေအိုရဲ့တွန့် လိပ်နေတဲ့ ပါးရေတွေဟာ

လောကဓံကို အနိုင်ယူခဲ့တဲ့ သင်္ကေတတွေပဲ။

ဖြူဖွေးနေတဲ့ ဆံပင်တွေဟာ ...

တည်ငြိမ်မှုရဲ့အနက်အဓိပ္ပာယ်ကို ဖော်ပြတယ်။

အမေအိုရဲ့အပြုံးအောက်မှာ

ကျိုးပဲ့နေတဲ့သွားတွေ မြင်ရတယ်နော်။

ဒါတွေဟာ ...

လောကရဲ့မတည်မြဲမှုနဲ့ ဖြစ်ပျက်ပြောင်းလဲမှုကို

ခံနိုင်ရည်ရှိတဲ့အပြုံးဗျ။

## ရှားပါးဓာတ်ပုံ

ဓာတ်ပုံတိုက်မှာ ကျွန်တော် အပ်ထားတဲ့ ဓာတ်ပုံရဖို့ သုံးနာရီလောက် စောင့်ခဲ့ရတယ်။ .အနယ်နယ်အရပ်ရပ်က ဓာတ်ပုံဆရာတွေလည်း ဒီဆိုင်မှာ တွေ့ရတယ်။ အပျော်တမ်းဓာတ်ပုံသမားတွေလည်း တွေ့ရတယ်။ လူတိုင်း နီးပါးဟာ ဒစ်ဂျစ်တယ်ကင်မရာကို ကိုင်နိုင်နေကြတော့ ဓာတ်ပုံဆေးတဲ့၊ ကူးတဲ့လုပ်ငန်းဟာ တော်တော်ကို အလုပ်ဖြစ်ပါတယ်။

အရင်တုန်းကဆိုရင် ဓာတ်ပုံတစ်ပုံရိုက်ဖို့ ဓာတ်ပုံတိုက်ကို သွားရတယ်။ မီးထိုးရတယ်။ မှန်ထိုးရတယ်။

ဓာတ်ပုံရိုက်ပြီးပြီ ဆိုရင်လည်း နှစ်ရက်၊ သုံးရက် စောင့်ရတယ်။ အခုခေတ်မှာတော့ ဒီလိုမဟုတ်တော့ပါဘူး။ ဖူဂျီဖလင်တို့၊ ကိုနီကာဖလင်တို့ ဆိုရင် မသုံးသလောက်ကို ဖြစ်နေပြီ။ ဖလင်ထည့်ပြီး ရိုက်ရတဲ့ကင်မရာတွေ ရှေးဟောင်းပစ္စည်းဖြစ်ကုန်ပြီ။

အဲဒီနေ့က 'နိုက်' ဓာတ်ပုံတိုက်မှာထိုင်ရင်း မြင်မိ၊ တွေးမိတာလေးကို ရေးပြပါရစေ။

ဓာတ်ပုံဆရာတစ်ယောက်က အလှူတစ်ခုရဲ့ ဓာတ်ပုံတွေ လာကူးတယ်။ ဓာတ်ပုံပေါင်း ၃၀၀ ကျော်လောက် ရှိမယ်ထင်တယ်။ နားဖောက်တဲ့ ဓာတ်ပုံတွေလည်း ပါတယ်။ ဆံချတဲ့ဓာတ်ပုံတွေလည်း ပါတယ်။ ဝင်းခင်းပြီး စီတန်းလှည့်လည်နေတဲ့ပုံတွေလည်း ပါတယ်။ မိသားစုဓာတ်ပုံတွေလည်း ပါတယ်။ တကယ့်ကို ထောင့်စေ့အောင် ရိုက်ထားတဲ့ ဓာတ်ပုံတွေပါ။

နောက်ထပ် ဓာတ်ပုံဆရာတစ်ယောက်က မင်္ဂလာဆောင်တစ်ခုရဲ့ ဓာတ်ပုံတွေ ဖြစ်မယ်ထင်တယ်။ ညှော်ခံပွဲပုံတွေ၊ တစ်ယောက်ကိုတစ်ယောက် မုန့်ခွံ့ကျွေးနေတဲ့ပုံတွေ၊ သီချင်းဆိုနေတဲ့ပုံတွေ၊ လက်ချင်းချိတ်လို့ အတူတွဲပြီး

လမ်းလျှောက်လာတဲ့ပုံတွေ၊ ဟိုဘက်မိဘ၊ ဒီဘက်မိဘ၊ ဟိုဘက်ဆွေမျိုး၊ ဒီဘက်ဆွေမျိုးတွေနဲ့တွဲပြီး အုပ်စုဖွဲ့ရိုက်ထားတဲ့ပုံတွေ မနည်းလှပါဘူး။

နောက်ထပ် တစ်ယောက်ကတော့ ဓာတ်ပုံဆရာ ဖြစ်ဟန်မတူဘူး။ ခရီးသွားရင်း ပါလာတဲ့ ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်ထားတဲ့ပုံတွေ ဖြစ်မယ်ထင်တယ်။ ရှုခင်းပုံတွေလည်း ပါတယ်။ ဘုရားပုံတွေလည်း ပါတယ်။ စေတီပုံတွေလည်း ပါတယ်။ သူငယ်ချင်းတွေနဲ့ ပြုံးပျော်နေတဲ့ ပုံတွေလည်း ပါတယ်။ သူ့ပုံတွေကို အကဲခတ်ကြည့်ရတာ ကျိုက်ထီးရိုးက ပြန်လာတဲ့ဓာတ်ပုံတွေ ဖြစ်ဖို့များတယ်။

နောက်ထပ် တစ်ယောက်ကလည်း အပျော်တမ်းလက်ဆော့ထားတဲ့ ဓာတ်ပုံတွေ ဖြစ်မယ်ထင်တယ်။ ဒစ်ဂျစ်တယ်ကင်မရာဆိုတော့ လက်ဆော့လို့ တော်တော်ကောင်းတယ်။ ကိုယ်မကြိုက်တဲ့ ပုံတွေဆိုရင် 'ဒလိ' (Delete) လုပ်လိုက်ရုံပဲ။ ဖလင်ဖိုးလည်း မကုန်ဘူး။ ဒစ်ဂျစ်တယ်ကင်မရာရဲ့မြင်ကွင်း မှာကြည့်ပြီး ကိုယ့်စိတ်ကြိုက်ဖျက်ပစ်နိုင်တယ်။ ပုံကို ပြုပြင်ယူလို့ ရတယ်။ သူ့ပုံတွေက 78 Shopping အပေါ်မှာ ရိုက်လာတဲ့ ဓာတ်ပုံတွေပဲ။ သရဲရထား စီးရင်း အပျော်ရိုက်ထားတဲ့ပုံတွေ များတယ်။ သူတို့ဓာတ်ပုံတွေ ကြည့်ရတာ ပျော်စရာကောင်းလိုက်တာ။

ကျွန်တော့်ပုံတွေအကြောင်း ပြောရဦးမယ်။ ဗုဒ္ဓဂယာက ပြန်လာတော့ ဘုရားဖူးပုံတွေချည်းပါပဲ။ ကိုယ်နဲ့အတူ ခရီးသွားခဲ့တဲ့ ခရီးသွားဖော်တွေရဲ့ပုံတွေ၊ အိန္ဒိယနိုင်ငံရဲ့ ရှေးဟောင်းဘုရားပုံတွေ၊ ရှုခင်းပုံတွေ၊ မြတ်စွာဘုရား ဖွားမြင်ခဲ့ရာအရပ်၊ တောထွက်ရာအရပ်၊ ဘုရားဖြစ်ရာအရပ်၊ တရားဦးဟောရာအရပ်… ဓာတ်ပုံတွေကတော့ စုံနေတာပါပဲ။ ဓာတ်ပုံပေါင်း ၂၀၀ ကျော်လောက်ရှိတယ်။

အိမ်က ကွန်ပျူတာထဲမှာလည်း ဓာတ်ပုံအဖြစ် မကူးဖြစ်တဲ့ ရိုက်ထားတဲ့ပုံတွေ အများကြီးသိမ်းထားတယ်။ ဓာတ်ပုံရိုက်တာကို ကျွန်တော် ဝါသနာပါတယ်။ ကင်မရာသုံးလေးမျိုးလောက် ကျွန်တော် ကိုင်ဖူးတယ်။ အိမ်မှာဆိုရင် ဓာတ်ပုံတွေ အများကြီးပဲ။

ခရီးသွားတိုင်း၊ ခရီးထွက်တိုင်း ရိုက်ခဲ့တဲ့ မှတ်တမ်းတင်ခဲ့တဲ့ပုံတွေ တစ်ပြုံတစ်မကြီးပါပဲ။

'နိုက်' ဓာတ်ပုံတိုက်မှာ ဓာတ်ပုံရဖို့ စောင့်နေရင်း ဓာတ်ပုံဆရာတစ်ယောက်နဲ့ စကားပြောဖြစ်ကြတယ်။ ဓာတ်ပုံအကြောင်းပေါ့။ သူက ဓာတ်ပုံရိုက်တဲ့သက်တမ်း နှစ် ၃၀ ကျော်ပြီတဲ့။ ကင်မရာမျိုးစုံ ကိုင်ဖူးတယ်။ ခေတ်အဆက်ဆက် ကင်မရာအကြောင်း သူ ကျွမ်းကျင်တယ်။

ရှားပါးတဲ့ ဓာတ်ပုံတစ်ပုံအကြောင်း သူ ပြောပြတယ်။

"ဆရာ… ဆရာ့ကင်မရာနဲ့ ဓာတ်ပုံအရေအတွက် ဘယ်လောက်ရိုက်ပြီးပြီလဲ"

"မမှတ်မိတော့ပါဘူးဗျာ၊ တော်တော့်ကို များလှပြီ"

"ဆရာ… ဘယ်လိုပုံတွေ ရိုက်ဖြစ်လဲ"

"အမျိုးမျိုးပါပဲဗျာ၊ ခရီးသွားဓာတ်ပုံတွေတော့ ပိုများတယ်"

"အဲဒီလောက်များတဲ့ ဓာတ်ပုံတွေထဲမှာ ကျွန်တော် အခုပြောမယ့် ဓာတ်ပုံ ဆရာ့မှာ မရှိလောက်ဘူး"

"ဘာပုံမို့လို့လဲဗျ"

"ကျွန်တော်လည်း အသက် (၅၀) ကျော်မှ သိတဲ့အသိပါ။ ဒါပေမဲ့ ကျွန်တော့်အသိက နောက်ကျသွားပြီ"

ဘယ်လိုဓာတ်ပုံဖြစ်မလဲ ဆိုတာ ကျွန်တော် တွေးနေမိတယ်။ အဲဒီအချိန်မှာ သူဟာ သူ့အိတ်ထဲမှာပါတဲ့ ဓာတ်ပုံတစ်ပုံ ထုတ်ပြတယ်။ အသက် (၇၀) ကျော် အမေအိုနဲ့ အသက် (၅၀) ကျော် သားယောက်ျားတစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးနေကြတဲ့ ဓာတ်ပုံပါပဲ။

"ဒါက… ဒီအမျိုးသားရဲ့အမေ၊ ဒီအမျိုးသားက ကျွန်တော့်သူငယ်ချင်း။ သူက မူလတန်းကျောင်းအုပ်ဆရာကြီး။ ချပ်သင်းနယ်ဘက်ကပေါ့။ တစ်ရက်မှာ သူက သူ့အမေနဲ့သူ ဓာတ်ပုံတွဲပြီး ရိုက်ချင်တယ်လို့ပြောတယ်။ သူ့မိခင် သက်ရှိထင်ရှားရှိနေစဉ်မှာ မှတ်တမ်းတင်ချင်လို့တဲ့။ ပြီးတော့ အမေနဲ့သူနဲ့တွဲပြီး ရိုက်ခဲ့တဲ့ ငယ်ငယ်တုန်းက ပုံတွေပဲရှိတာ။ အသက် (၅၀) ကျော်တဲ့သူနဲ့ အသက် (၇၀) ကျော် အမေနဲ့ တွဲပြီးရိုက်တဲ့ပုံ လိုချင်တယ်လို့ ပြောတယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့မှာ ကိုယ့်ချစ်သူနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံတွေ၊ သားငယ် သမီးငယ်၊ မြေးငယ်တွေနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ သူငယ်ချင်းတွေနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံတွေ အများကြီးရှိကြတယ်။

ဒါပေမဲ့ အသက် (၇၀) ကျော် မိခင်၊ ဖခင်နဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း တွဲရိုက်ထားတဲ့ ဓာတ်ပုံ မရှိသလောက် ရှားတယ်ဗျာ၊ မရှိသလောက်ပါပဲ''

သူပြောမှ စဉ်းစားမိတယ်။

''ဆရာ… ဒီဓာတ်ပုံကို သေချာကြည့်စမ်းပါ။ အမေအိုရဲ့ တွန့်လိပ်နေတဲ့ ပါးရေတွေဟာ လောကဓံကို အနိုင်ယူခဲ့တဲ့ ‐သင်္ကေတတွေပဲ။ ဖြူဖွေးနေတဲ့ ဆံပင်တွေဟာ တည်ငြိမ်မှုရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ပြတယ်။ အမေအိုရဲ့ အပြုံးအောက်မှာ ကျိုးပဲ့နေတဲ့သွားတွေ မြင်ရတယ်နော်။ ဒါတွေဟာ လောကရဲ့မတည်မြဲမှုနဲ့ ဖြစ်ပျက်ပြောင်းလဲမှုကို ခံနိုင်ရည်ရှိတဲ့အပြုံးဗျ။ သူ့သားကို ပြုံးပြီး ကြည့်နေလိုက်တာများ''

သူ ပြတဲ့ဓာတ်ပုံကို ကျွန်တော် သေချာကြည့်နေမိတယ်။ တော်တော့်ကို ကြည်နူးစရာကောင်းတယ်။

''အသက် (၅၀) ကျော် သားရဲ့ပုံကိုလည်း ကြည့်ပါဦး၊ အမေ့ကို အားကိုးတဲ့အကြည့်နဲ့ ကြည့်နေလိုက်တာ၊ အမေ့ရဲ့ အနစ်နာခံမှုတွေကို အရိုအသေပေးနေတဲ့ မျက်လုံးမျိုးဗျ၊ ကျက်သရေရှိလိုက်တာ။ သေချာပြင်ဆင်ပြီးရိုက်ရင် ဒီ 'မှ(ဒ်)' ကို ရမှာ မဟုတ်ဘူး။ သူတို့သားအမိ စကားပြောနေတုန်း ၄၊ ၅၊ ၁၀ ပုံလောက် ရိုက်တဲ့ထဲက အကောင်းဆုံးပုံပဲ။ ဒီပုံကို ဒီဆိုင်မှာ ပုံကြီးလာချဲ့တာ''


ဟုတ်တယ်နော်၊ ကျွန်တော်တို့မှာ အသက်ထင်ရှား အဖေ ရှိတယ်၊ အမေ ရှိတယ်၊ ဒါပေမဲ့ ဒီအရွယ်ရောက်မှ အဖေအိုနဲ့တွဲပြီး ရိုက်တဲ့ဓာတ်ပုံ မရှိဘူး။ အမေအိုနဲ့ တွဲပြီးရိုက်တဲ့ ဓာတ်ပုံလည်း မရှိဘူး။ ရိုက်ဖို့လည်း သတိမရဘူး။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ကင်မရာတွေ ရှိကြတယ်။ အပျော်ကြည့် ဓာတ်ပုံတွေတော့ အများကြီးပဲ။ အမေအို၊ အဖေအိုနဲ့ အသက် (၄၀)၊ (၅၀) ကျော် သားသမီးနဲ့ နှစ်ယောက်တည်း တွဲရိုက်တဲ့ ဓာတ်ပုံတစ်ပုံလောက် မရှိသင့်ဘူးလားဗျာ…။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၆၉)၊ ၇-၇-၂၀၀၈*

■

# ပန်းသီး



ကိုယ် စိတ်ကြိုက်ရွေးဝယ်ခဲ့တဲ့ ပန်းသီးမှာတောင်

အပြစ်အနာအဆာ ရှိနေနိုင်သေးတာပဲ။

ပန်းသီးရဲ့အပြစ်အနာအဆာကိုတော့ လှီးဖယ်ပြီး

ကောင်းတာလေးကို ရွေးစားကြတယ်။

သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေ၊

အိမ်ထောင်ဖက်တွေကိုတော့

ပန်းသီးတစ်လုံးလောက်တောင် တန်ဖိုးမထားမိဘူးနော်။

အပြစ်တွေ့ရင် ခွင့်မလွှတ်ဘဲ မုန်းပစ်လိုက်ကြတယ်။

# ပန်းသီး

ကျောင်းမှာ သူငယ်ချင်းတွေ စကားများကြတယ်။ မခေါ်ကြဘူး။ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်ကြဘူး။

ကျောင်းဆိုတာ… နေရာပေါင်းစုံက မိဘပေါင်းစုံရဲ့ သားသမီးတွေ စုဝေးရောက်ရှိနေတဲ့ နေရာလေးတစ်ခုပါ။ ဆင်းရဲသူလည်း ပါတယ်။ ချမ်းသာသူလည်း ပါတယ်။ အရာရှိ၊ အရာခံတွေရဲ့ သားသမီးတွေလည်း ပါသလို သာမန် လက်လုပ်လက်စား မိသားစုတွေရဲ့ သားသမီးတွေလည်း ပါတယ်။ ရုပ်ချောသူလည်း ပါတယ်။ ရုပ်ဆိုးတဲ့သူတွေလည်း ပါတယ်။ စာတော်တဲ့သူလည်း ပါတယ်။ စာညံ့တဲ့သူလည်း ပါတယ်။ စာရိတ္တကောင်းတဲ့သူလည်း ပါသလို စိတ်ရိုင်းဝင်နေတဲ့သူလည်း ပါတယ်။ စာကြိုးစားတဲ့သူလည်း ပါသလို ပျင်းရိတဲ့သူတွေလည်း ပါတယ်။

ဘဝအတွက် ကြိုးစားနေတဲ့သူတွေလည်း ပါသလို ဘဝကို မေ့နေတဲ့ သူတွေလည်း ပါတယ်။ ရည်ရွယ်ချက် ကြီးမားသူလည်း ပါနိုင်သလို ရည်ရွယ်ချက်နည်းသူတွေလည်း ပါနိုင်ပါတယ်။

ကျောင်းဆိုတာ… အရောင်စုံတဲ့ ပန်းချီကားတစ်ချပ်ပါ။ လှလိုက်တာ။ မညီမျှမှုဟာ အလှတရားတစ်ခုပါ။ ကျွန်တော် ငယ်ငယ်တုန်းက နေခဲ့ရတဲ့ စာသင်ကျောင်းဟာ ဒီကနေ့ စာသင်ကျောင်းတွေနဲ့ အတူတူပါပဲ။ ပျော်စရာလည်း ကောင်းတယ်။ စိတ်ဝင်စားစရာလည်း ကောင်းတယ်။ တစ်ခါတလေတော့ သူငယ်ချင်းတွေ မခေါ်ကြ၊ မပြောကြ၊ စကားများကြ၊ ရန်ဖြစ်ကြတဲ့အခါ ပျော်စရာတွေ ပျောက်ကွယ်သွားပြန်ရော။

ကျွန်တော် ပြင်ဦးလွင် အ-ထ-က(၁)က ၁၀ တန်း အောင်ခဲ့တယ်။ ပြင်ဦးလွင်ဟာ ဝန်ထမ်းမြို့ဖြစ်တော့ ကျွန်တော်တို့စာသင်ခန်းထဲမှာ စစ်ဘက်၊

နယ်ဘက်က အရာရှိတွေရဲ့သားသမီးတွေ အများစု ပါပါတယ်။ နောက်ပြီး ကိုးကွယ်ယုံကြည်မှု ဓလေ့စရိုက်မျိုးစုံလည်း ရှိနေပါတယ်။ တိုင်းရင်းသားတွေ အများစုလည်း ပါကြပါတယ်။

တစ်နေ့…

ကျွန်တော်တို့ စာသင်ခန်းထဲမှာ သူငယ်ချင်းတွေ စကားများကြရာက တစ်ယောက်ကို တစ်ယောက် မခေါ်ကြတော့ဘူး။ စကားမပြောကြတော့ဘူး။ ဒီအကြောင်းကို ကျောင်းအုပ်ဆရာကြီးဦးဘာသိန်း သိသွားပါတယ်။

ကျွန်တော်တို့စာသင်ခန်းဟာ ကျောင်းအုပ်ကြီးရုံးခန်းနဲ့ မနီးမဝေးမှာ ရှိပါတယ်။ ဆရာကြီး ကျွန်တော်တို့စာသင်ခန်းထဲကို ရောက်လာပါတယ်။

"မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါ… ဆရာကြီး"

"ကဲ… ထိုင်ကြ၊ ဒီနေ့ ဆရာကြီးရဲ့ မွေးနေ့ဖြစ်တယ်။ ဒီတော့ ဆရာကြီးရဲ့ မွေးနေ့ပွဲကို မင်းတို့အတန်းမှာ ကျင်းပဖို့ ဆရာကြီး ရွေးချယ်ထားတယ်"

တစ်တန်းလုံး တဝါးဝါးနဲ့ သဘောကျသွားပါတော့တယ်။

"ဆရာကြီးရဲ့ မွေးနေ့ပွဲမှာ ဆရာကြီးက ဘာကျွေးရရင် ကောင်းမလဲ"

"လက်ဖက်ရည်တိုက်ပါ ဆရာကြီး"

"စမူဆာ ကျွေးပါ ဆရာကြီး"

"ဒံပေါက်ကျွေးရင် ပိုကောင်းပါတယ် ဆရာကြီး"

"ကြာဆံဟင်းခါးတိုက်ပါ ဆရာကြီး"

"ရန်ကုန်မုန့်ဟင်းခါးက ပိုကောင်းပါတယ် ဆရာကြီး"

စာသင်ခန်းထဲမှာ ကျွန်တော်တို့ရဲ့အသံတွေ တစ်ယောက်တစ်ပေါက်နဲ့ ဆူညံသွားပါတော့တယ်။

"ကဲ… ငြိမ်ကြ၊ ဆရာကြီးက ဒီလို စိတ်ကူးထားတယ်"

တစ်တန်းလုံး တိတ်ဆိတ်သွားပါတော့တယ်။

"ဆရာကြီးက ပိုက်ဆံအများကြီး မတတ်နိုင်ဘူးကွ။ ဒီတော့ နေ့လယ် ထမင်းစားဆင်းရင် မြို့မဈေးကြီးထဲကိုသွား၊ ပန်းသီးဝယ်ခဲ့၊ ပိုက်ဆံ

(၅၀) ပေးလိုက်မယ်။ တစ်ယောက်တည်း မသွားရဘူးနော်၊ ကျောင်းသား ငါးယောက်၊ ကျောင်းသူ ငါးယောက် သွားရမယ်။ နာရီဝက် အချိန်ပေးမယ်။ ထမင်းစားကျောင်းပြန်တက်ရင် မင်းတို့နဲ့အတူတူ မင်းတို့ စာသင်ခန်းထဲမှာ ဟက်ပီးဘတ်ဒေး လာလုပ်မယ်။ ကဲ… အတန်းထဲက မော်နီတာ… ရှေ့ထွက်ခဲ့၊ ပိုက်ဆံယူသွား၊ စည်းကမ်းရှိဖို့ မင်း တာဝန်ယူ''

ဒီလိုနဲ့ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ ပျော်ရွှင်စွာနဲ့ ပန်းသီး အဝယ် ထွက်ခဲ့ကြပါတော့တယ်။

ဈေးကိုရောက်တော့ ပန်းသီးတွေက အရောင် စုံပါတယ်။ အနီရောင် ပန်းသီးလည်း တွေ့ရတယ်။ အစိမ်းရောင်ပန်းသီးလည်း တွေ့ရတယ်။ အဝါရောင်ပန်းသီးလည်း တွေ့ရတယ်။ ကျွန်တော်တို့ စိတ်ကြိုက် ဈေးဆစ်ကြတယ်။ စိတ်ကြိုက်ရွေးချယ်ပြီး ပန်းသီးတွေ ဝယ်ခဲ့ကြတယ်။

နေ့လယ် ထမင်းစားကျောင်းဆင်းပြီး ပြန်အတက်မှာ အတန်းထဲက ကောင်မလေးတွေက ပန်းသီးကို အခွံနွာကြတယ်၊ ရေဆေးကြတယ်။ အဲဒီ အချိန်မှာ ဆရာကြီး ရောက်လာပါတယ်။

''ကဲ… ပန်းသီး စားကြမယ်။ တစ်ယောက်ကို တစ်စိတ်ပဲ စားကြရမှာနော်၊ ဆရာကြီးက ဒါပဲ တတ်နိုင်တာ''

တစ်တန်းလုံး ပျော်ရွှင်နေပါတယ်။ ဆရာကြီးရဲ့ ရင်းရင်းနှီးနှီး ဆက်ဆံမှုကြောင့် ပိုပြီး ပျော်ရွှင်ခဲ့ရတာပါ။

''ဒါနဲ့… ပြောရဦးမယ်၊ ပန်းသီးဝယ်တဲ့ ကျောင်းသားတွေ… သေချာ ရွေးဝယ်ခဲ့ကြရဲ့လား''

''သေချာရွေးပါတယ် ဆရာကြီး''

''သေချာရွေးတယ်သာ ပြောတယ်ကွာ… ပန်းသီးတိုင်းမှာ အနာလေးတွေ ပါနေပါလား''

''ကျွန်တော်တို့လည်း သေချာရွေးပါတယ် ဆရာကြီး။ ပန်းသီးက ကားပေါ်က အတင်အချလုပ်ရတော့ အနည်းအကျဉ်းလောက်တော့ အနာလေးတွေ ပါနိုင်ပါတယ် ဆရာကြီး''

''အနာပါတဲ့ ပန်းသီးကို ဘာလို့လွှင့်မပစ်ကြတာလဲ၊ အနာပါတဲ့ နေရာကို လှီးထုတ်ပြီး ဘာလို့ အခွံနွာကြတာလဲ၊ ဘာလို့ စားကြတာလဲ''

"အနာပါတိုင်းသာ လွှင့်ပစ်ရရင် ပန်းသီးတွေ အားလုံး စားရတော့မှာ မဟုတ်တော့ဘူး"

ဆရာကြီးက ကျွန်တော်တို့ကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်ပါတယ်။

"ကဲ… တပည့်တို့၊ သူငယ်ချင်းဆိုတာ ပန်းသီးလေးတွေနဲ့ တူတယ်။ ကိုယ့်စိတ်ကြိုက်ရွေးဝယ်ခဲ့တဲ့ ပန်းသီးကလေးမှာတောင် အနာအဆာပါသေးရင် ကိုယ့်သူငယ်ချင်းမှာလည်း ကိုယ်မကြိုက်တဲ့ အပြုအမူဆိုတာ ရှိနိုင်တာပေါ့။ ပန်းသီးကိုတော့ အနာအဆာကို ဖယ်ပြီးစားတယ်။ ကိုယ်မကြိုက်တဲ့အပြုအမူ သူငယ်ချင်းတစ်ယောက်မှာ ရှိရင်တော့ ဘာလို့များ မခေါ်ကြတော့လည်း မသိဘူး၊ အံ့သြစရာကောင်းလိုက်တာ"

တစ်တန်းလုံး ဆရာကြီးရဲ့စကားကို ငြိမ်ပြီး နားထောင်နေမိကြတယ်၊ ဟုတ်သားပဲ။

"ဆရာကြီး ဆက်ပြောဦးမယ်ကွ။ အခု… ဆရာကြီး ကိုင်ထားတဲ့ ပန်းသီးစိတ်ဟာ အခွံမနွာခင်တုန်းက အနီရောင်လား၊ အဝါရောင်လား၊ အစိမ်းရောင်လား ဘယ်သူသိလဲ"

ကျွန်တော်တို့မှာ အဖြေ မရှိပါ။

"ဒီလိုပဲ ကျောင်းထဲမှာ၊ စာသင်ခန်းထဲမှာ မင်းတို့တစ်တွေဟာ အခွံနွာထားတဲ့ ပန်းသီးတွေပဲ။ ဆင်းရဲ၊ ချမ်းသာ မရှိဘူး။ စာတော်၊ စာညံ့ မရှိဘူး။ အရှိန်အဝါကြောင့် မော်ကြွားတာ မရှိရဘူး။ သိမ်ငယ်တာ မရှိရဘူး။ ပန်းသီး အခွံနွာထားသလိုမျိုးပေါ့ကွာ"

ကျွန်တော်ကိုယ်တိုင် စာသင်ဆရာတစ်ယောက် ဖြစ်လာတော့မှ ဆရာကြီးရဲ့ ဆုံးမစကားကို တဖြည်းဖြည်းချင်း နားလည်လာပါတော့တယ်။

ဟုတ်သားပဲ။


ကိုယ် စိတ်ကြိုက်ရွေးဝယ်ခဲ့တဲ့ ပန်းသီးမှာတောင် အပြစ်အနာအဆာ ရှိနေနိုင်သေးတာပဲ။ ပန်းသီးရဲ့ အပြစ်အနာအဆာကိုတော့ လှီးဖယ်ပြီး ကောင်းတာလေးကို ရွေးစားကြတယ်။ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေ၊ အိမ်ထောင်ဖက်တွေကိုတော့ ပန်းသီးတစ်လုံးလောက်တောင် တန်ဖိုးမထားမိဘူးနော်။ အပြစ်တွေ့ရင် ခွင့်မလွှတ်ဘဲ မုန်းပစ်လိုက်ကြတယ်။

တကယ်တော့…
ကျွန်တော်တို့ အားလုံးဟာ… ပန်းသီးလေးတွေပါ။
အခွံနွာထားတဲ့ ပန်းသီးလေးတွေပါ။

ရွှေမန္တလေးဂျာနယ်
*အမှတ်စဉ် (၂၇၀)၊ ၁၄-၇-၂၀၀၈*

■

# အာဖတာ-ယူ



သူကလည်း ကိုယ့်အပေါ် "After you"

ကိုယ်ကလည်း သူ့အပေါ် "After you"

မိဘကလည်း သားသမီးအပေါ် "After you"

သားသမီးကလည်း မိဘအပေါ် "After you"

လူကြီးတွေကလည်း လူငယ်တွေအပေါ် "After you"

လူငယ်တွေကလည်း လူကြီးတွေအပေါ် "After you"

ဆရာကလည်း တပည့်အပေါ် "After you"

တပည့်ကလည်း ဆရာ့အပေါ် "After you"

အပြန်အလှန် "After you" ဆိုတဲ့...

## အာဖတာ–ယူ

ရှက်ရှက်နဲ့ ဝန်ခံပါရစေ။

ရန်ကုန် နိုင်ငံတကာလေဆိပ်မှာ တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်လေး ပါ။ လေဆိပ်ရဲ့ညှော်ခန်းမထဲမှာ မန္တလေးကိုသွားမယ့် လေယာဉ်ကို ကျွန်တော် စောင့်နေခဲ့တယ်။ ညှော်ခန်းထဲမှာ နိုင်ငံပေါင်းစုံက နိုင်ငံခြားသားတွေ အများ ကြီးပဲ။ ညှော်ခန်းထဲမှာ ရန်ကုန်မြို့တွင်းကိုဆက်တဲ့ အများသုံးတယ်လီဖုန်း တစ်ခုရှိတယ်။ အဲဒီတယ်လီဖုန်းက တယ်လီဖုန်းဆက်ခ မပေးရပါဘူး။ အဲဒီ တယ်လီဖုန်းကို ကောင်မလေးတစ်ယောက် ဆက်နေတယ်။ သူ့နောက်မှာ လည်း တယ်လီဖုန်းဆက်ဖို့ စောင့်နေတဲ့သူ လေးငါးယောက်လောက် ရှိတယ်။ ကောင်မလေးကလည်း တယ်လီဖုန်းဆက်နေတာ ပြီးကို မပြီးနိုင်ဘူး။ မိနစ် ၂၀ လောက်ကြာမှ နောက်တစ်ယောက် အလှည့်ရောက်တော့တယ်။ အဲဒီ တစ်ယောက်ကလည်း ဖုန်းပြောလိုက်တာ အကြာကြီးပဲ။

ကျွန်တော့်ဘေးနားမှာ ထိုင်နေတဲ့ နိုင်ငံခြားသားတစ်ယောက်က အဲဒီ အဖြစ်အပျက်ကို နားမလည်နိုင်အောင် ဖြစ်နေပုံရတယ်။ ကျွန်တော့် စိတ်ထဲမှာ ဖုန်းပြောနေတဲ့လူတွေကို ကြည့်ပြီး 'အားနာမှု မရှိလိုက်ကြတာ' လို့ ခံစားရတယ်။

ဒီလိုနဲ့ မန္တလေးကို သွားမယ့်လေယာဉ် ရောက်လာပါတယ်။ လေယာဉ်ပေါ်ကို တက်ဖို့ 'စပီကာ' က ကြေညာပါတယ်။ မန္တလေးကို သွားမယ့်ခရီးသည်တွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။ လေယာဉ် ပေါ်ကိုသွားဖို့ ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာတယ်။ အဲဒီကားနဲ့ လေယာဉ် ဆီကို လေယာဉ်စီးခရီးသည်တွေ သယ်ဆောင်မှာဖြစ်တယ်။ လူတွေဟာ ဘတ်စ်ကားပေါ်ကို အလုအယက်ပဲ တိုးဝှေ့တက်ကြတယ်။ နိုင်ငံခြားသား

တွေက အေးအေးဆေးဆေးပါပဲ။ တိုးဝှေ့တက်တဲ့ထဲမှာ ကျွန်တော်လည်း ပါတယ်။ ဒီလိုနဲ့ လေယာဉ်ဆီကို ကျွန်တော် ရောက်သွားတယ်။ လေယာဉ်ပျံရဲ့ နောက်အနား အပေါက်က ကျွန်တော်တို့ တက်ရတယ်။ ဒီလိုပါပဲ··· လေယာဉ် ပေါ်ကို တိုးဝှေ့ပြီး တက်လိုက်တယ်။ ကိုယ့်ထိုင်ခုံနဲ့ကိုယ်ဆိုပေမယ့် ဘာ ကြောင့်များ တိုးဝှေ့တက်ခဲ့မှန်း ကိုယ့်ကိုယ်ကိုယ် မစဉ်းစားမိဘူး။ တိုးတာ၊ ဝှေ့တာ၊ တွန်းတာ၊ တိုက်တာ အကျင့်ပါနေလို့ပဲ ဖြစ်မယ်။

ဖြစ်ချင်တော့ ကျွန်တော့်ဘေးကထိုင်ခုံမှာ နိုင်ငံခြားသားတစ်ယောက် လာထိုင်တယ်။ ဧည့်ခန်းထဲမှာ တွေ့ခဲ့တဲ့သူပါ။ သူဟာ အေးဆေးတည်ငြိမ် စွာပဲ စာအုပ်တစ်အုပ်ကို ဖတ်နေတယ်။ လေယာဉ်တက်ပြီးလို့ (၁၀) မိနစ် လောက်အကြာမှာ လေယာဉ်မယ်လေးတွေက လက်တွန်းလှည်းလေးတွေကို တွန်းပြီး အစားအသောက် လာကျွေးပါတယ်။ အပူလား၊ အအေးလား၊ ကြိုက်ရာသုံးဆောင်လို့ရတယ်။ ဖော့ဘူးလေးနဲ့ အသားညှပ် ပေါင်မုန့်တစ်လုံး စီ လိုက်ပြီး ဝေတယ်။

ကျွန်တော့်ရဲ့ထိုင်ခုံက အတွင်းဘက်မှာပါ။ အစားအသောက် လာပြီး ပေးတဲ့ လေယာဉ်မယ်လေးတွေက တစ်တန်းပြီးတစ်တန်း၊ တစ်ခုံပြီးတစ်ခုံ စနစ်တကျ ပေးဝေပါတယ်။ ကျွန်တော့်ရဲ့ ခုံအနားလည်းရောက်ရော ကျွန်တော် က ကော်ဖီတစ်ခွက်ကို လှမ်းယူလိုက်တယ်။ အသားညှပ်ဖော့ဘူးတစ်ဘူးကို လှမ်းယူလိုက်တယ်။ တကယ်တော့ အဲဒီ နိုင်ငံခြားသားက လူသွားလမ်းရဲ့ ဘေးမှာ နေရာယူထားသူ၊ သူက အရင်ယူရမှာ။ ကျွန်တော်က အတွင်းဘက် ကခုံမှာ ထိုင်တဲ့သူ။ ကျွန်တော်က နောက်မှယူရမှာ။ ဒါပေမဲ့ ကျွန်တော်က အရင် လက်ကို လှမ်းလိုက်တယ်။ အဲဒီ အချိန်မှာ နိုင်ငံခြားသားက စကား တစ်ခွန်းပြောတယ်။

"After you"

အဲဒီစကားကို ကြားကြားချင်း ကျွန်တော် နားမလည်ပါဘူး။ အစာ စားရင်း ကျွန်တော် စဉ်းစားမိတယ်။

"After you" တဲ့။

After ဆိုတာ··· ပြီးနောက်။

you ဆိုတာ··· သင်၊ မင်း၊ နင်၊ ရှင်။

ဒီတော့… "After you" ဆိုတာ 'မင်းပြီးမှ' လို့ အဓိပ္ပာယ်ရတယ်။ 'မင်းကို ဦးစားပေး' ပါတယ်။ 'မင်းအရင်လုပ်' ပါ။ ဒီလိုသဘောဆောင်တဲ့ ခေတ်ပေါ်အင်္ဂလိပ် စကားတစ်ခုပါ။

ကျွန်တော် တွေးရင်းနဲ့ ရှက်လာတယ်။

ကျွန်တော်ဟာ 'After me' သမားပဲ။

ကျွန်တော်ဟာ မီးရထားလက်မှတ် တန်းစီရင်လည်း ငါရဖို့…။

ဘတ်စ်ကားစီးရင်လည်း ငါအရင်တက်ဖို့၊ ငါအရင်နေရာရဖို့။

ကားမောင်းရင်လည်း လမ်းဆုံမှာ ငါအရင်ကူးဖို့၊ ငါအရင်ဖြတ်ဖို့။

လမ်းကူးရင်လည်း ငါ အရင် ဟိုဘက်ရောက်ဖို့။

အလုပ်လျှောက်ရင်လည်း ငါ အလုပ် အရင်ရဖို့။

ငါ အဆင်ပြေဖို့…။

"After me"...

"After me"...

ငါပြီးမှ မင်း…။ ငါအရင်…။ ငါ့ကို ဦးစားပေး။

တွေးရင်း တွေးရင်းနဲ့ ကျွန်တော် အရမ်းရှက်လာမိတယ်။

ဒီအကြောင်းကို အိမ်ရောက်တော့ အဖေနဲ့အမေကို ပြောပြမိတယ်။ အမေပြောတဲ့စကားဟာ မှတ်သားလောက်ပါတယ်။

"After you ဆိုတဲ့ စိတ်ဟာ လူကြီးလူကောင်းစိတ်ပဲ။ အိမ်မှာ ထမင်းဟင်းကို အမေက ချက်တယ်။ အမေချက်ထားတဲ့ ထမင်း၊ ဟင်းကို အမေ အရင်မစားဘူး၊ သားသမီးတွေကို အရင်ကျွေးတယ်။ "After you" ပေါ့ကွယ်။ ဒီလိုပဲ… မင်းအဖေဟာလည်း သူရှာလို့ရတဲ့ငွေကြေးကို သူ အရင်မသုံးဘူး၊ သားသမီးတွေကို အရင်ပေးတယ်၊ အရင်ကျွေးတယ်။ "After you" ပေါ့ကွယ်။ မင်းဟာလည်း မင်းညီတွေ၊ ညီမတွေနဲ့ပတ်သက်ရင် "After you" လုပ်ရမှာပဲ။ ဒီလိုပဲ မင်းဟာ ဆရာတစ်ယောက်ဆိုတော့ တပည့်တွေနဲ့ တွေ့ရင် တပည့်တွေကို "After you" လုပ်ရမယ်။ "After you" ဆိုတာ ဦးစားပေးခြင်းသဘောအပြင် စာနာခြင်း၊ နားလည်ပေးခြင်းတွေ ပါနေတယ်၊ မေတ္တာတရားတွေ ပါနေတယ်၊ အတွနည်းခြင်းသဘောတွေ ပါဝင်နေတယ်။

အဖေက ဝင်ပြောတယ်။

"After me ဆိုတာ အများအားဖြင့် လူငယ်တွေမှာ ဖြစ်တတ်ကြတယ်။ ကလေးတွေမှာ ဖြစ်တတ်ကြတယ်။ "After me" ဆိုတဲ့ စိတ်ရှိနေတဲ့သူဟာ လူကြီး မဖြစ်သေးဘူး။ စိတ်အရွယ်မရောက်ခြင်းရဲ့ အမှတ်သင်္ကေတဟာ "After me" ပဲ။ 'အသက်တွေကြီးလေလေ တပ်မက်မှုတွေနည်းလေလေ' ဖြစ်ရမှာ။ 'အသက်တွေကြီးလေလေ တပ်မက်မှုတွေ များလေလေ' ဆိုရင် ဒါဟာ တော်တော်ရှက်စရာကောင်းတဲ့ "After me" ပဲ။ "After me" ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတွေ ရင်ထဲမှာ အများကြီးရှိနေခြင်းကို ဖော်ပြလိုက်ခြင်းပဲ။ "After me" သမားဟာ မိဘဆိုရင်လည်း မိဘမပီသတဲ့သူပေါ့၊ ဆရာဆိုရင်လည်း ဆရာမပီသတဲ့သူပေါ့၊ သူငယ်ချင်းဆိုရင်လည်း သူငယ်ချင်းမပီသတဲ့သူပေါ့၊ မိတ်ဆွေဆိုရင်လည်း မိတ်ဆွေမပီသတဲ့သူပေါ့။ ဒါကြောင့် လူကြီးလူကောင်းဖြစ်ချင်ရင် "After me" ကိုလျှော့၊ "After you" ဖြစ်အောင် ကြိုးစားပေါ့ သားရယ်"

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ "After me" သမားတွေ နည်းလာပြီး "After you" သမားတွေများလာရင်တော့ အရမ်းပျော်စရာကောင်းမှာပဲနော်။


သူကလည်း ကိုယ့်အပေါ် "After you"<br>
ကိုယ်ကလည်း သူ့အပေါ် "After you"<br>
မိဘကလည်း သားသမီးအပေါ် "After you"<br>
သားသမီးကလည်း မိဘအပေါ် "After you"<br>
လူကြီးတွေကလည်း လူငယ်တွေအပေါ် "After you"<br>
လူငယ်တွေကလည်း လူကြီးတွေအပေါ် "After you"<br>
ဆရာကလည်း တပည့်အပေါ် "After you"<br>
တပည့်ကလည်း ဆရာ့အပေါ် "After you"<br>
အပြန်အလှန် "After you" ဆိုတဲ့...<br>
ဝန်းကျင်တစ်ခုကို ကျွန်တော်တို့ ထူထောင်ကြရအောင်ဗျာ။

*ရွှေမန္တလေးဂျာနယ်*<br>
*အမှတ်စဉ် (၂၇၁)၊ ၂၁-၇-၂၀၀၈*

■

လင်းလွန်းခင်စာပေ

## ပရဲဇင့်



‘လက်ဆောင်’ ဆိုတာ

ပေးသူဘက်က တန်ဖိုးသတ်မှတ်လို့ မရဘူး။

ရယူသူဘက်ကသာ ‘လက်ဆောင်’ ရဲ့တန်ဖိုးကို

သတ်မှတ်လို့ ရနိုင်ပါတယ်။

ကိုယ်ချစ်တဲ့သူ၊ ကိုယ်ခင်တဲ့သူ၊

ကိုယ် လေးစားတဲ့သူကပေးတဲ့ ‘လက်ဆောင်’ ဆိုရင်

ရယူသူဘက်က မြတ်မြတ်နိုးနိုး သိမ်းထားတတ်တယ်။

ဒါကြောင့် ‘လက်ဆောင်’ တစ်ခုရဲ့တန်ဖိုးဆိုတာ

‘လက်ဆောင်’ ကို လက်ခံသူရဲ့

‘အတွေးဉာဏ်’ ပေါ်မှာပဲ မူတည်တယ်။

# ပရဲဇင့်

သူငယ်ချင်းတစ်ယောက်က အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်တယ်။ သူ့သင်တန်းဖွင့်ပွဲကို ဖိတ်တယ်။ သူငယ်ချင်းဆိုတော့ သွားရတာပေါ့။ ဖွင့်ပွဲဆိုတော့ 'လက်ဆောင်' တစ်ခုခုပေးမှ ကောင်းမယ်။ ဘာပေးရရင် ကောင်းမလဲ။ စကားပြောသင်တန်းဆိုတော့ ပန်းချီကားလည်း ပေးဖို့မသင့်လျော်ဘူး။ ကျွန်တော့်သူငယ်ချင်းက အဆင်ပြေနေတဲ့သူဆိုတော့ အဝတ်အစားပေးဖို့ ဆိုတာလည်း မသင့်လျော်ဘူး။ ဒီဂျစ်တယ်နာရီတစ်လုံးလောက် ပေးရရင် ကောင်းမလားလို့ စဉ်းစားမိတယ်။ ဒါလည်း မဖြစ်သေးပါဘူး။ နောက်ဆုံးတော့… သူငယ်ချင်းအတွက် 'ဦးဇောတိက' ရဲ့စာအုပ်တွေ တစ်ထပ်ကြီး ဝယ်ပြီး ပေးမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

သူ့သင်တန်းဖွင့်ပွဲနေ့က တော်တော်စည်ကားပါတယ်။ 'လက်ဆောင်' တွေ ပေးလိုက်ကြတာ။ ကျွန်တော်ကလည်း ကျွန်တော့်လက်ဆောင်ကို သူ့လက်ထဲ ကိုယ်တိုင် ထည့်ပေးလိုက်တယ်။ သူက ကျွန်တော့်ကို အင်္ဂလိပ်လို ပြန်ပြောတယ်။

"Thank you for your present."

"မင်းပေးတဲ့ 'လက်ဆောင်' အတွက် ကျေးဇူးတင်ပါတယ်" လို့ အဓိပ္ပာယ်ရပါတယ်။ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သူငယ်ချင်းကို ကျွန်တော်က ပြန်ပြီး ညှဉ်းတယ်။

"မင်း ငါတို့ ငယ်သူငယ်ချင်းတွေကို ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စားသောက်ဆိုင်မှာ တစ်ခုခုကျွေးရမယ်"

ဒီလိုနဲ့ အဲဒီညမှာ သူငယ်ချင်းတွေ စုမိကြတယ်။ ဆုံမိကြတယ်။ စကားတွေ ပြောဖြစ်ကြတယ်။ သူငယ်ချင်းတွေ စုမိကြတယ် ဆိုတော့…

ငယ်ကျိုးငယ်နာတွေ ပြောကြ၊ ငယ်အကြောင်းတွေ ပြောကြနဲ့ ပျော်စရာကောင်းပါတယ်။ အဲဒီညက ကျွန်တော့်ကို သူငယ်ချင်းတွေက ကျေးဇူးတင်စကားပြောဖို့ တောင်းဆိုလာပါတယ်။ ကျွန်တော် ပြောခဲ့တဲ့ စကားလေးကို ဝေမျှပါရစေ။

Present ဆိုတာ 'လက်ဆောင်' လို့ အဓိပ္ပာယ်ရတယ်။

Present ဆိုတာ 'ပစ္စုပ္ပန်' 'လက်ရှိအချိန်' လို့လည်း အဓိပ္ပာယ်ရပါတယ်။

ဒီတော့ "Present is present" ဆိုရင် ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ။ လက်ရှိအချိန်ဟာ 'လက်ဆောင်' ပဲပေါ့။

ကျွန်တော်တို့ဟာ "Present" ကို "Present" လို့ မမြင်ကြဘူး။ လက်ရှိအချိန်ကို 'လက်ဆောင်' လို့ မမြင်ကြဘူး။ မွေးနေ့ပွဲတွေ၊ မင်္ဂလာဆောင်ပွဲတွေ၊ အထိမ်းအမှတ်ပွဲတွေမှာပေးတဲ့၊ ရတဲ့ပစ္စည်းတွေကိုသာ 'လက်ဆောင်' လို့ မြင်ကြတယ်။ "Present" ကို "Present" လို့ မတွေးမိကြဘူး။

အိမ်မှာရှိတဲ့ 'အဖေနဲ့အမေ' ဟာ သဘာဝက ပေးထားတဲ့ "Present" ပဲ။ ဒီလိုပါပဲ··· သူငယ်ချင်းတွေဟာလည်း ကျွန်တော့် အတွက်တော့ "Present" ပါပဲ။ ကျွန်တော့်ရဲ့မိတ်ဆွေတွေ၊ ကျွန်တော့်ရဲ့အပေါင်းအသင်းတွေ၊ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ကျွန်တော့်အတွက်တော့ "Present" ပါ။ အိမ်မှာရှိတဲ့ သားတွေ၊ သမီးတွေနဲ့ ဇနီးမယားဟာလည်း ကျွန်တော့်အတွက် "Present is present" ပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့တစ်တွေဟာ "Present time" ကို "Present" လို့ မြင်တဲ့သူ၊ တွေ့တဲ့သူ ရှားပါတယ်။

ငါတို့ သူငယ်ချင်းတွေ ကျန်းကျန်းမာမာနဲ့ အခုလိုတွေ့ဆုံရတာ ဝမ်းသာစရာကောင်းပါတယ်။ သူငယ်ချင်း 'ခိုင်ဝင်း' ဆိုရင် မရှိတော့ဘူး၊ ဆုံးသွားပြီ။ ဒီတော့··· အခု ဒီမှာဆုံတွေ့ခွင့်ရနေတဲ့ သူငယ်ချင်းတွေဟာ အပြန်အလှန် "Present" တွေပဲလို့ ခံစားကြည့်ကြရအောင်။

'လက်ဆောင်' ဆိုတာ မြတ်နိုးဖွယ်ရာကောင်းတဲ့ ပစ္စည်း။

'လက်ဆောင်' ဆိုတာ ခင်မင်မှုရဲ့ အမှတ်သင်္ကေတ။

'လက်ဆောင်' ဆိုတာ တန်ဖိုးထားအပ်တဲ့ ပစ္စည်း။

'လက်ဆောင်' ဆိုတာ ပေးသူဘက်က တန်ဖိုးသတ်မှတ်လို့ မရဘူး။ ရယူသူဘက်ကသာ 'လက်ဆောင်' ရဲ့တန်ဖိုးကို သတ်မှတ်လို့ ရနိုင်ပါတယ်။ ကိုယ်ချစ်တဲ့သူ၊ ကိုယ်ခင်တဲ့သူ၊ ကိုယ် လေးစားတဲ့သူကပေးတဲ့ 'လက်ဆောင်' ဆိုရင် ရယူသူဘက်က မြတ်မြတ်နိုးနိုး သိမ်းထားတတ်တယ်။ ဒါကြောင့် 'လက်ဆောင်' တစ်ခုရဲ့တန်ဖိုးဆိုတာ 'လက်ဆောင်' ကို လက်ခံသူရဲ့ 'အတွေးဉာဏ်' ပေါ်မှာပဲ မူတည်တယ်။

'လက်ရှိအချိန်' ဟာ ကျွန်တော်တို့အားလုံးအတွက် 'လက်ဆောင်' ပါ။ ဒီ 'လက်ဆောင်' ကို ကျွန်တော်တို့ ဘယ်လိုတန်ဖိုးထားပြီး လက်ခံမိနေသလဲ။ စဉ်းစားကြည့်ကြရအောင်။

အခုတော့···

"Present" လို့ခေါ်တဲ့ လက်ရှိအချိန်မှာ "Present" လို့ခေါ်တဲ့ သူငယ်ချင်းတွေကို လက်ဆောင်လို့မမြင်ဘဲ ပြိုင်ဘက်လို့မြင်တယ်၊ ရန်သူလို့ မြင်တယ်။ ကိုယ့်ရဲ့အောင်မြင်မှု၊ ကိုယ့်ရဲ့ပိုင်ဆိုင်မှုတွေကို သူငယ်ချင်းအချင်းချင်း နှိုင်းယှဉ်ပြီး ငါကသာတယ်၊ သူကနိမ့်တယ်ဆိုပြီး မခေါ်နိုင်၊ မပြောနိုင် မဖြစ်သင့်ဘူး။ ဘာကြောင့်လဲဆိုတော့ "Present is present" ဖြစ်နေလို့ပါပဲ။

ဒီလိုပဲ···။

ကျွန်တော်တို့ အသက်ရှင်နေတာ၊ ကျွန်တော်တို့ ကျန်းမာနေတာ၊ ကျွန်တော်တို့ အလုပ်လုပ်နိုင်နေတာ ဘယ်လောက်ကောင်းတဲ့ 'လက်ဆောင်' လဲဗျာ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ လုပ်နိုင်စွမ်းဟာ ခင်ဗျားရဲ့ လုပ်နိုင်စွမ်းကို မီချင်မှတော့ မီမယ်။ ကြိုးစားအားထုတ်မှုကတော့ အတူတူပါပဲ။

ပျော်စရာကောင်းတဲ့ လက်ရှိအချိန်ကို 'လက်ဆောင်' လို့ မြင်ကြည့်ကြရအောင်နော်။

ချစ်သူဆိုတာ··· မြားနတ်မောင်ပေးတဲ့ 'လက်ဆောင်'။

သူငယ်ချင်းဆိုတာ··· ဘုရားပေးတဲ့ 'လက်ဆောင်'။

မြားနတ်မောင်ပေးတဲ့ 'လက်ဆောင်' ကို ငြင်းပယ်ချင်ရင် ငြင်းပယ်လို့ရတယ်။ ဘုရားပေးတဲ့ 'လက်ဆောင်' ကိုတော့ မငြင်းပယ်သင့်ဘူး။

ကျွန်တော့်မှာ 'လက်ဆောင်' တွေ အများကြီးရှိတယ်။

လင်းလွန်းခင်စာပေ

ကျွန်တော့်အဖေနဲ့အမေ အသက်ထင်ရှား ရှိနေတယ်။ ဒါဟာ တန်ဖိုး ဖြတ်လို့မရတဲ့ 'လက်ဆောင်' ပဲ။ အခု ကြုံတွေ့နေရတဲ့ သူငယ်ချင်းတွေဟာ လည်း ကျွန်တော်ပိုင်တဲ့ အကောင်းဆုံး 'လက်ဆောင်' တွေပဲ။ ကျွန်တော် နေကောင်း၊ ကျန်းမာနေတယ်။ ဒါဟာလည်း တန်ဖိုးရှိတဲ့ 'လက်ဆောင်' ပဲ။ ကျွန်တော် အလုပ်တွေ လုပ်နိုင်တယ်၊ ကောင်းတာတွေ လုပ်နိုင်တယ်၊ မကောင်းတာတွေလည်း လုပ်နိုင်တယ်။ ဒါဟာ ကျွန်တော်က လောကကြီးကို ပြန်ပြီးပေးတဲ့ 'လက်ဆောင်' တွေပဲ။

ဒီတော့…။

ကျွန်တော်တို့မှာ အများကပေးတဲ့ လက်ဆောင်တွေ ရှိတယ်။ တန်ဖိုး ထားမိရဲ့လားလို့ တွေးကြည့်ကြရအောင်။

ဒီလိုပဲ…။

ကျွန်တော်တို့က အများကို ပြန်ပေးနိုင်တဲ့ 'လက်ဆောင်' တွေလည်း ရှိနေတယ်။ အကောင်းဆုံးတွေကို ပေးနိုင်ရဲ့လားလို့ တွေးကြည့်ကြရအောင်။


တကယ်တော့…။

"Present is present" ပါပဲဗျာ။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၇၂)၊ ၂၀-၇-၂၀၀၀*

■

# လိပ်စာကတ်



ကျွန်တော် နေတဲ့အိမ်ဟာ ကျွန်တော် နှစ်ပေါင်းအစိတ်၊

သုံးဆယ်လောက်သာ ပိုင်ဆိုင်မယ့်အိမ်ပဲ။

ဒီလိုပဲ ကျွန်တော်တို့မှာ ဘာမှ အမြဲ ပိုင်တယ်ဆိုတာ မရှိဘူး။

ယာယီသဘောတွေပဲ။

ကျွန်တော်တို့ အသုဘပို့တိုင်း အသုဘယပ်တောင်မှာ

မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ 'ဧည့်သည်' ဆိုတဲ့ ကဗျာလေး။

ဒါကြောင့် ကျွန်တော်က လိပ်စာကတ်မှာ

'တည်းခိုသည့်နေရာ' လို့ ရေးတာ။

# လိပ်စာကတ်

'မဟာ' လက်ဖက်ရည်ဆိုင်မှာ မြန်မာစာဆရာ ကောင်းဆုသစ်က ဘိုင်အိုမင်းသူနဲ့ မိတ်ဆက်ပေးတယ်။

"ဒါ ဘိုင်အိုဘာသာရပ်ကို သင်ကြားနေတဲ့ ကိုမင်းသူပဲ"

ထုံးစံအတိုင်း စကားတွေ ပြောကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ဆိုတော့ ရောက်တတ်ရာရာတွေ ပြောကြတယ်။ ပညာရေးအကြောင်းလည်း ပါတယ်။ မိသားစုအကြောင်းလည်း ပါတယ်။ စီးပွားရေးအကြောင်းလည်း ပါတယ်။ ဘာသာရေးအကြောင်းလည်း ပါတယ်။ မြန်မာစာဆရာက ယူရို ၂၀၀၈ ဘောလုံးပွဲအကြောင်းကို ဦးဆောင်ပြီး ပြောတယ်။ ကျွန်တော်က ဘောလုံးပွဲကို သိပ်စိတ်မဝင်စားပါဘူး။ သူပြောတာ သိပ်နားမလည်ဘူး။ သူပြောတဲ့ ဘောလုံးသမားတွေ၊ သူပြောတဲ့ ဘောလုံးကစားနည်းစနစ်တွေ၊ နည်းပြတွေအကြောင်း အလိုက်အထိုက်ပဲ ကျွန်တော် နားထောင်နေမိတယ်။

ဘိုင်အိုမင်းသူက သူ နွေရာသီမှာ ရဟန်းဝတ်ခဲ့တဲ့အကြောင်း၊ ပုပ္ပားဘက်မှာ သီတင်းသုံးခဲ့တဲ့အကြောင်း၊ တရားအကြောင်း၊ ဘုရားအကြောင်း၊ ဝိပဿနာအကြောင်း၊ စိတ်အကြောင်း ပြောပါတယ်။ သူ့စကားတွေကိုလည်းပဲ ကျွန်တော် သိပ်ပြီး နားမလည်ပါဘူး။

ကျွန်တော်က ကျွန်တော် ဖတ်နေတဲ့ လက်ရှိ 'နာဂစ်' မုန်တိုင်းသတင်းအကြောင်း၊ မုန်တိုင်းသဘာဝအကြောင်း၊ အပူချိန်နဲ့ ဖိအားအခြေအနေပေါ်မှာ မုန်တိုင်း ဖြစ်တတ်တဲ့အကြောင်း၊ မုန်တိုင်း အလှူသတင်းတွေအကြောင်း ပြောပြပါတယ်။

ဒီလိုနဲ့ လက်ဖက်ရည်ဆိုင်မှာ တစ်နာရီကျော်လောက် အချိန်ဖြုန်းခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်က အထွက်မှာ ကျွန်တော့်ကို 'ဘိုင်အိုမင်းသူ'

က သူ့ရဲ့လိပ်စာကတ် (Visiting Card) ပေးတယ်။ ကျွန်တော်လည်း ကျွန်တော့်ရဲ့ လွယ်အိတ်ထဲကို အလွယ်တကူပဲ ကောက်ထည့်ခဲ့တယ်။

တစ်နေ့က လွယ်အိတ်ကို ရှင်းရင်းနဲ့ ဘိုင်အိုမင်းသူရဲ့ လိပ်စာကတ်ကို သေချာကြည့်မိတယ်။ သူ့လိပ်စာကတ်မူရင်းအတိုင်း ကျွန်တော် ဖော်ပြပေးပါ့မယ်။ စာဖတ်သူ တွေးကြည့်ဖို့ပါ။

| Bio မင်းသူ |
| --- |
| We are visitors. |
| တည်းခိုသည့်နေရာ<br>ပွတ်တန်းရပ်၊ စိန်ပန်း၊<br>မဟာအောင်မြေမြို့နယ်၊ မန္တလေး။<br>Phone ; 02-63549 |

ကျွန်တော်လည်း သူ့ရဲ့လိပ်စာကတ်ကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားတယ်။ သူဟာ စိန်ပန်း၊ ပွတ်တန်းရပ်ထဲမှာ တည်းခိုနေတဲ့ သဘောလို့ရေးထားတယ်။ ရေးထားတဲ့ အင်္ဂလိပ်စာကလည်း 'ငါတို့ဟာ ခရီးသွားတွေပါ' လို့ အဓိပ္ပာယ်ရတယ်။ စိတ်ထဲမှာ မရှင်းမရှင်းဖြစ်နေတာနဲ့ လိပ်စာကတ်ထဲမှာပါတဲ့ ဖုန်းနံပါတ်ကို ကျွန်တော် ချက်ချင်း ဖုန်းဆက်ကြည့်လိုက်တယ်။

"ကိုမင်းသူ… ရှိလား"

တစ်ဖက်က ဖုန်းလာပြီးကိုင်တဲ့သူဟာ သမီးငယ်လေးတစ်ယောက်အသံ ဖြစ်နေတယ်။

"ဖေဖေ… ဖေဖေ့ဖုန်း လာနေတယ်"

ဒါဆိုရင် ကိုမင်းသူမှာ အိမ်ထောင်ရှိမယ်။ သား၊ သမီးတွေ ရှိမယ်။ ကျွန်တော် တွေးနေတုန်း -

"အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် မင်းသူပါ"

"ကိုမင်းသူရေ… ကျွန်တော်ပါ၊ ဦးဘုန်းပါ။ ခင်ဗျားလိပ်စာကတ်ကိုကြည့်ပြီး ဖုန်းဆက်ချင်စိတ်ပေါက်လာလို့ ဖုန်းကောက်ဆက်လိုက်တာ။ ခင်ဗျားနဲ့ စကားပြောချင်သေးတယ်"

ဒီလိုနဲ့ နောက်တစ်နေ့မှာ စိန်ပန်းရပ်ထဲက 'ယူနီစန်' လက်ဖက်ရည်ဆိုင်မှာ ကိုမင်းသူနဲ့ ချိန်းပြီး စကားပြောဖြစ်တယ်။

"ခင်ဗျားလိပ်စာကတ်ကို ကျွန်တော် စိတ်ဝင်စားလို့ စကားပြောချင်စိတ်၊ ခင်ဗျားပြောမယ့်စကားတွေ နားထောင်ချင်စိတ်ဖြစ်လာလို့ ကျွန်တော် ဒီနေရာကို ချိန်းလိုက်တာ"

ကိုမင်းသူက ဘာမှ ပြန်မပြောပါ။

"ခင်ဗျားရဲ့လိပ်စာကတ်မှာ လိပ်စာကို တည်းခိုသည့်နေရာလို့ ဘာလို့ရေးတာလဲဗျ။ ပြီးတော့ 'We are visitors' လို့လည်း ရေးထားတယ်။ စိတ်ဝင်စားစရာကောင်းတယ်။ ရှင်းပြနိုင်ရင် ရှင်းပြစမ်းပါ"

"ဒီလိုပါ ဆရာ၊ ကျွန်တော့်တို့ဆီမှာ လိပ်စာကတ်လို့ ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Visiting Card လို့သုံးတယ်။ Visit ဆိုတာက 'လှည့်လည်သွားလာနေသည်' လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ လိပ်စာကတ်လို့ အလွယ်သုံးနေပေမယ့် Visiting Card ရဲ့ အဓိပ္ပာယ်ကိုက လူတွေက 'သံသရာခရီးသည်' လို့ ပေါ်လွင်နေတယ်။ ဒါကြောင့် ကျွန်တော်နေတဲ့အိမ်ဟာ ကျွန်တော် နှစ်ပေါင်း အစိတ်၊ သုံးဆယ်လောက်သာ ပိုင်ဆိုင်မယ့်အိမ်ပဲ။ ဒီလိုပဲ ကျွန်တော်တို့မှာ ဘာမှ အမြဲ ပိုင်တယ်ဆိုတာ မရှိဘူး။ ယာယီသဘောတွေပဲ။

ဆရာလည်း ကြားဖူးမှာပါ။ ကျွန်တော်တို့ အသုဘပို့တိုင်း အသုဘယပ်တောင်မှာ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ 'ဧည့်သည်' ဆိုတဲ့ ကဗျာလေး။ ဒါကြောင့် ကျွန်တော်က လိပ်စာကတ်မှာ 'တည်းခိုသည့်နေရာ' လို့ ရေးတာ။ ကျွန်တော်ဟာ ခရီးသွားဧည့်သည်တစ်ယောက်ပဲ"

ကျွန်တော် သူ့စကားတွေကို ဆန်းပြားစွာ အတွေးများစွာဖြင့် နားထောင်နေမိတယ်။ အိမ်ပြန်လာခဲ့တယ်။

အိမ်ကိုပြန်ရောက်တော့… ကျွန်တော့်အိမ်ကို ကျွန်တော် သေချာကြည့်မိတယ်။

ငါ တကယ်ပိုင်ရဲ့လား။

ဧည့်ခန်းထဲက ပစ္စည်းတွေကို သေချာကြည့်မိတယ်။

ငါ တကယ်ပိုင်ရဲ့လား။

အိမ်ထဲမှာရှိတဲ့ ဇနီး၊ သားသမီးတွေကို သေသေချာချာ စဉ်းစားပြီး ကြည့်မိတယ်။

ငါ တကယ်ပိုင်ရဲ့လား။

ကျွန်တော် နင်းနေတဲ့မြေကြီး၊ ကျွန်တော့်နာမည်နဲ့ မြေဂရန်ပေါက်ထားတဲ့ ဟောဒီမြေကြီး…

ငါ… တကယ်ပိုင်ရဲ့လား…

ကြည့်မှန်ထဲမှာ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ကြည့်မိတယ်။

ငါဟာ… ဧည့်သည်တစ်ယောက်လား။

ရှိရှိသမျှ အရာရာအားလုံးဟာ ငါပိုင်တယ်လို့ ငါ ထင်ထားတာပဲ။ ငါ့ပိုင်ဆိုင်မှုဟာ ယာယီသဘောပဲ။ ဒါတွေကို ငါ ဘယ်လောက်ထိ ပိုင်ဆိုင်နိုင်မှာလဲ။ ငါ ဘယ်အချိန်ထိ ပိုင်ဆိုင်နိုင်မှာလဲ။

ငါကိုယ်တိုင် ငါပိုင်ရဲ့လား။

ငါဟာ… ဧည့်သည်တစ်ယောက်ပါလား။

ငါဟာ… ခရီးသွားတစ်ယောက်ပါလား။

မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ကြားတဲ့ 'ဧည့်သည်' ဆိုတဲ့ ကဗျာလေးကို ကျွန်တော်တို့ လေးလေးနက်နက်တွေးဆပြီး ဖတ်ကြည့်ကြရအောင်ဗျာ။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၇၃)၊ ၄-၈-၂၀၀၈*

■

# အမှိုက်ပုံ



ကျွန်တော်တို့ပတ်ဝန်းကျင်မှာ

အမှိုက်ပုံတွေ အများကြီး ရှိပါတယ်။

စာရိတ္တအမှိုက်ပုံကြီးတွေ၊ ကိုယ်ကျင့်တရားအမှိုက်ပုံကြီးတွေ၊

အတွေးအခေါ် အယူအဆ အမှိုက်ပုံကြီးတွေ၊

လောဘအမှိုက်ပုံကြီးတွေ၊ ဒေါသအမှိုက်ပုံကြီးတွေ၊

အတ္တအမှိုက်ပုံကြီးတွေ၊

အဲဒီ အမှိုက်ပုံကြီးတွေကို ကျွန်တော်တို့ ရှင်းခဲ့ပါမှ...

## အမှိုက်ပုံ

လမ်းထိပ်မှာ အမှိုက်ပုံကြီးတစ်ပုံ ရှိတယ်။ အဲဒီ အမှိုက်ပုံကြီးကို စည်ပင်သာယာ အမှိုက်သိမ်းအဖွဲ့က မနက် တစ်ခါ၊ ညနေ တစ်ခါ လာပြီး သိမ်းတယ်၊ သယ်တယ်၊ ရှင်းတယ်။

တစ်ရပ်ကွက်လုံးက အမှိုက်ပုံကြီးမှာ အမှိုက်ပစ်ကြတာ ဆိုတော့... အမှိုက်ပုံကြီးကို နေ့တိုင်းတွေ့နေရတယ်။ အမှိုက်သိမ်းတဲ့ အချိန်လောက်ပဲ အမှိုက်တွေ ရှင်းနေတတ်တယ်။

ဒီလိုပဲ...

ကျွန်တော့်အိမ်ရှေ့ကို ကျွန်တော် မနက်တိုင်း တံမြက်စည်းလှည်းတယ်၊ အမှိုက်သိမ်းတယ်။ သိမ်းပြီးသား အမှိုက်တွေကို ရှင်းရတယ်၊ စွန့်ပစ်ရတယ်။

ဒီလိုပဲ...

အိမ်ကို ဧည့်သည်လာရင် အပျင်းပြေဝါးဖို့ နေကြာစေ့ ဝယ်ထားတယ်။ နေကြာစေ့နဲ့ ဧည့်ခံတယ်။ နေကြာစေ့အခွံထည့်ဖို့ ပန်းကန်ပြားတစ်ချပ် ချထားပေးရတယ်။ ကိုယ့်အမှိုက်ကို ကိုယ်တာဝန်ယူရတဲ့သဘောပေါ့။

ဒီလိုပဲ...

ကျွန်တော်တို့တစ်တွေဟာ အမှိုက်ရှုပ်တတ်တဲ့ သူတွေပါ။ ကိုယ့်အမှိုက်ကို ကိုယ်ရှင်းရတယ်၊ ပြန်သိမ်းရတယ်။ ဒါမှ ပတ်ဝန်းကျင် လှပတော့မှာပေါ့။

■

ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက စီးပွားရေးသမားတစ်ယောက်ပါ။ ပြင်ဦးလွင်မှာ နေတယ်။ ရွှေတောင်ဆိုလည်း သွားလိုက်

တာပဲ။ ရေနံမှော်ဆိုလည်း တူးလိုက်တာပဲ။ ကျောက်စိမ်း ဆိုရင်လည်း အလွတ်မပေးဘူး။ ပြင်ဦးလွင်မှာ ခြံနဲ့ ဝိုင်းနဲ့၊ တိုက်နဲ့ ကားနဲ့၊ သားနဲ့ မယားနဲ့ တော်တော့်ကို ပြည့်စုံနေတဲ့သူပါ။

သူက မန္တလေးမှာလည်း မြေနဲ့အိမ် ဝယ်ထားတယ်။ ငယ်သူငယ် ချင်းတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောကြတယ်။ သူက မန္တလေးမှာ သူ့မိန်းမကြီးမသိအောင် အိမ်ထောင်တစ်ခု ထူထောင်ထားတယ်။ နောက်အိမ်ထောင်နဲ့လည်း သားကြီးတွေ၊ သမီးကြီး တွေရှိတယ်။ ဒီအကြောင်းကို သူ့ရဲ့ ပထမ မိသားစုက မသိကြဘူး။ ကျွန်တော် တို့ ငယ်သူငယ်ချင်းတွေပဲ သိကြတာ။ သူ့ပထမ မိသားစုကို ဖွင့်ပြောလိုက် ရင် မိသားစုဘဝနှစ်ခုလုံး ပျက်စီးသွားမှာစိုးလို့။

ဒီလိုပဲ ကျွန်တော်တို့ ရေငုံနှုတ်ပိတ်ပြီး နေခဲ့ကြတယ်။

ကျွန်တော့်သူငယ်ချင်းမှာ ဆီးချိုရောဂါ ရှိတယ်၊ သွေးတိုးရောဂါ ရှိတယ်၊ ငှက်ဖျားရောဂါလည်း ရှိတယ်။ တစ်နေ့မှာတော့ ကျောက်စိမ်းမှော် ထဲက ဖျားပြီး ပြန်လာတယ်။ တောထဲမှာ နှစ်ပတ်လောက်ဖျားပြီးမှ မန္တလေး ကို ရောက်လာတာ။ ဒီတော့ သူ့ကို အပြင်ဆေးခန်းမှာ တင်ရပါတော့တယ်။ ပြင်ဦးလွင်က သူ့ရဲ့မိသားစုထံကို ကျွန်တော်က အကြောင်းကြားပေးရတယ်။

ဆေးရုံပေါ်မှာ သူ ဖြစ်နေတဲ့အဖြစ်အပျက်ကို ပြောပြချင်တယ်။ နေမကောင်းတာ၊ ဖျားတာထက် သူ့ရဲ့ နောက်အိမ်ထောင်အကြောင်း သူ့ရဲ့ ပထမမိသားစု သိသွားမှာ သူ အရမ်းစိုးရိမ်နေတယ်။ နောက်အိမ်ထောင်နဲ့ မွေးထားတဲ့ သားသမီးနှစ်ယောက်ကလည်း သူ့အဖေဆိုတော့ လာပြီး ပြုစု ကြတယ်။ ပထမအိမ်ထောင်ကမွေးတဲ့ သားသမီးတွေကလည်း သူ့အနားမှာ။ သူ ခံစားနေရတဲ့ အဖျားဝေဒနာထက် သူ ရှုပ်ထားတဲ့ 'အမှိုက်' တွေအတွက် သူ ပိုပြီး စိုးရိမ်နေတယ်။

သူနဲ့ ကျွန်တော် စကားပြောဖြစ်တယ်။

"ငါတော့… နေရတော့မယ် မထင်ဘူး။ သေမယ်ထင်တယ်။ ငှက်ဖျားပိုးက ဦးနှောက်ထဲရောက်နေပြီလို့ ငါသိရတယ်။ ခဏခဏလည်း ဖျားတယ်။ အစာလည်း သိပ်မဝင်ဘူး။ ငါသေရင် ငါရှုပ်ထားတဲ့၊ ငါလုပ် ထားတဲ့ 'အမှိုက်' တွေကို မင်း ရှင်းပေးပါ သူငယ်ချင်း"

ကျွန်တော်လည်း ဘာပြန်ပြောရမှန်း မသိဘူး။

သူ့ရဲ့ပထမမိသားစုကိုလည်း သနားတယ်။ ဒုတိယမိသားစုကိုလည်း အားနာတယ်။ သူ့ 'အမှိုက်' ကို သူရှင်းတာပဲ ပိုကောင်းမယ်ထင်တယ်။

''ငါ… မင်းတို့မသိအောင် လုပ်ထားတဲ့ စီးပွားရေးတွေ ရှိတယ်။ အဲဒါတွေကလည်း အကြွေးတွေနဲ့။ ငါ သေရမှာ မကြောက်ဘူး။ ငါ့ကြောင့် ငါ့မိသားစုတွေ ဒုက္ခရောက်မှာကို တွေးပြီး ငါ ကြောက်တယ်ကွာ''

တိုတိုနဲ့ လိုရင်းပဲ ပြောကြပါစို့ဗျာ။

ကျွန်တော့်သူငယ်ချင်းဟာ ဆေးရုံကဆင်းပြီး ပြင်ဦးလွင်ကို ပြန်ခေါ်သွားတယ်။ တစ်လလောက်နေတော့ ကွယ်လွန်သွားပါတယ်။ သူ့နာရေးကို ကျွန်တော် ရောက်သွားတယ်။ စိတ်ပျက်စရာ ကောင်းလိုက်တာ။

မယားကြီးကလည်းငို၊ မယားငယ်ကလည်းငို။ ဟိုဘက်သားသမီး… ဒီဘက်သားသမီးတွေကလည်း ငို။ သူသေမှ သူ ရှုပ်ထားတဲ့ 'အမှိုက်' တွေ ဘယ်သူမှ မရှင်းနိုင်ဘူး ဖြစ်ကုန်တယ်။ အကြွေးရှင်တွေကလည်း နာရေးကို လာကြတယ်။

အိမ်ထောင်နှစ်ဆက်နဲ့၊ သားသမီးတွေနဲ့၊ သူပိုင်တဲ့ ပစ္စည်းတွေနဲ့၊ အမွေကိစ္စတွေ၊ ပိုင်ဆိုင်ခွင့်ကိစ္စတွေနဲ့ တော်တော့်ကို ဇာတ်လမ်းရှုပ်သွားတယ်။ သူ ရှုပ်ထားတဲ့ 'အမှိုက်' ကို သူမှမရှင်းရင် ဘယ်သူရှင်းလို့ ရမှာလဲဗျာ။

■

ကျွန်တော်တို့တစ်တွေ အမြဲတွေးတဲ့ အတွေးတစ်ခု ရှိတယ်၊ ပြောတဲ့ စကားတစ်ခွန်း ရှိတယ်။

**''သေသွားရင် ဘာမှ ယူသွားနိုင်တာ မဟုတ်ဘူး''**

ဟုတ်ပါတယ်။

သေသွားရင်တော့ ဘယ်သူမှ ဘာမှ မယူသွားနိုင်ပါဘူး။ ဒါပေမဲ့ သေသွားတဲ့သူတိုင်း ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်အသိုင်းအဝိုင်းအတွက် အကောင်း၊ ဒါမှမဟုတ် အဆိုးတစ်ခုခုတော့ ထားခဲ့ကြရစမြဲပါ။

မိမိ အသက်ရှင်သန်နေထိုင်စဉ်မှာ ယူထားတဲ့ တာဝန်တွေကျေဖို့ လိုတယ်။ ကိုယ့်အမှိုက်ကို ကိုယ်ရှင်းသွားဖို့တော့ လိုတယ်။ သေသွားရင် ဘာမှယူမသွားနိုင်ဘူး ဆိုပြီး စိတ်ထင်တိုင်း လုပ်ချင်ရာတွေလုပ်၊ ရှုပ်ချင်ရာ

တွေရှုပ်ပြီး နောက်လူတွေ ရှင်းလို့ မရနိုင်တဲ့ အမှိုက်ပုံကြီးကိုတော့ မထားခဲ့သင့်ဘူး။

နောက်လူတွေက ရှေ့လူတွေရှုပ်ခဲ့တဲ့ အမှိုက်ပုံကြီးကိုလည်း ရှင်းရ၊ ကိုယ်ရှုပ်ထားတဲ့ အမှိုက်ပုံကြီးကိုလည်း ရှင်းရနဲ့ လောကအတွက် အလုပ်လုပ်ချိန် ဘယ်ကျန်တော့မှာလဲ။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အမှိုက်ပုံတွေ အများကြီးရှိပါတယ်။ စာရိတ္တအမှိုက်ပုံကြီးတွေ၊ ကိုယ်ကျင့်တရားအမှိုက်ပုံကြီးတွေ၊ အတွေးအခေါ် အယူအဆအမှိုက်ပုံကြီးတွေ၊ လောဘအမှိုက်ပုံကြီးတွေ၊ ဒေါသအမှိုက်ပုံကြီးတွေ၊ အတ္တအမှိုက်ပုံကြီးတွေ၊ အဲဒီ အမှိုက်ပုံကြီးတွေကို ကျွန်တော်တို့ ရှင်းခဲ့ပါမှ ကျွန်တော်တို့ရဲ့ သားသမီးတွေ သူတို့အလုပ် သူတို့ လုပ်နိုင်ကြတော့မှာပေါ့။

ကျွန်တော့်သူငယ်ချင်းရဲ့ 'ကိုယ်ကျင့်တရားအမှိုက်ပုံ' ကြောင့် သူနဲ့ပတ်သက်တဲ့ မိသားစု ဒုက္ခရောက်ခဲ့ကြတာကို တွေးပြီး လမ်းထိပ်က အမှိုက်ပုံနဲ့နှိုင်းယှဉ်လို့ ကျွန်တော် ခံစားရတာလေးကို စာဖတ်သူတို့ကို ဝေမျှလိုက်ပါတယ်။

အမှိုက်တွေ ရှုပ်ထားရင်တော့…
ကိုယ့်အမှိုက်ကို ကိုယ် ရှင်းခဲ့ကြနော်…။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၇၄)၊ ၁၁-၈-၂၀၀၈*

■

# သားသမီး ပခုံးထက်က



လူငယ်တစ်ယောက်ဟာ

အမှတ်နည်းခြင်း၊ များခြင်းကလည်း အရေးမကြီးဘူး။

ဘယ်ဘာသာရပ်ကို ရခြင်း၊ မရခြင်းကလည်း အရေးမကြီးဘူး။

ဘယ်သူ့သားသမီးဖြစ်တယ် ဆိုတာလည်း အရေးမကြီးဘူး။

ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း ဆိုတာလည်း အရေးမကြီးဘူး။

ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဆိုတာလည်း အရေးမကြီးဘူး။

ဘယ်လို မွေးလာသလဲ ဆိုတာလည်း အရေးမကြီးဘူး။

ဘယ်လို သေသွားသလဲ ဆိုတာလည်း အရေးမကြီးဘူး။

တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုရင်...

## သားသမီး ပခုံးထက်က...

တက္ကသိုလ်ဝင်တန်း ရမှတ် အမှတ်စာရင်းတွေကိုယ်စီနဲ့ တပည့်တွေ ကျွန်တော့်ဆီကို ရောက်လာကြတယ်။ အမှတ်နည်းသူက နည်း၊ များသူက များ၊ မျှော်လင့်ချက်ကိုယ်စီ၊ ရည်မှန်းချက်ကိုယ်စီနဲ့ပေါ့။ ဒီဖြစ်ရပ်ဟာ နှစ်တိုင်း ကျွန်တော် ကြုံတွေ့နေကျပါ။

ဘဝအတွက် ဆုံးဖြတ်ရမယ့်အချိန်၊ ဘဝအတွက် ရွေးချယ်ရမယ့် အချိန်မှာ သူတို့အတွက် မိဘတွေ၊ ဆရာတွေက အကြံဉာဏ်ပေးကြတယ်။ ရမှတ် အနည်း၊ အများနဲ့ ဘဝအတွက် အောင်မြင်မှုရှိသူတွေဖြစ်ဖို့ အကြံဉာဏ် ပြုပါရစေ။

### အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့

လူဆိုတာ ငယ်စဉ်ကလေးဘဝမှာ တော်တယ်၊ ညံ့တယ်ဆိုတဲ့ဖြစ်ရပ် ဟာ သိပ်အရေးမကြီးဘူး။ အသက်ကြီးလေလေ တော်လေလေဖြစ်ဖို့က ပိုပြီး အရေးကြီးတယ်။ ကိုယ် ဝါသနာပါတဲ့အလုပ်၊ ကိုယ် စိတ်ဝင်စားတဲ့အလုပ် ကို လုပ်ခွင့်ရသူတိုင်းဟာ ကြီးလေ တော်လေပဲ။

ကိုယ့်အလုပ်ပေါ်မှာ ယုံကြည်ကြတယ်၊ စေတနာပါကြတယ်။ ယုံကြည်တဲ့အလုပ်၊ စေတနာပါတဲ့အလုပ်ဟာ အောင်မြင်တဲ့လူတစ်ယောက် ဖြစ်ဖို့အတွက် အခြေခံပဲ။ ဒီတော့ ဘဝအတွက် ရွေးချယ်ဆုံးဖြတ်တဲ့နေရာမှာ ကိုယ်ဝါသနာပါတဲ့၊ ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုသာ ရွေးချယ်သင့်တယ်။

မိဘတော်တော်များများဟာ သားသမီးဝါသနာ ပါတာထက် မိဘ ဝါသနာပါတာကိုဖြစ်ဖို့ တွန်းအားပေးတယ်၊ ဖိအားပေးတယ်။ တွန်းရင်းဖိရင်းနဲ့ အောင်မြင်မှုတွေ လွဲချော်ကုန်တော့တာပါပဲ။ တကယ်တော့ ဝါသနာပါတဲ့

အလုပ်ကသာ စေတနာပါပါ လုပ်ရင်းကိုင်ရင်းနဲ့ လူ့လောကအလယ်မှာ နေရာတစ်ခု ရသွားတတ်တာ ကျွန်တော်တို့လူကြီးတွေ ကိုယ်တွေ့ပဲ မဟုတ်ပါလားဗျာ။ ဒီတော့ ကိုယ့်သားသမီးကို အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်စေချင်ရင် သားသမီးရဲ့ဝါသနာကို ပံ့ပိုးပေးတဲ့ မိဘဖြစ်ဖို့ လိုအပ်မယ်လို့ ကျွန်တော် ထင်ပါတယ်။

## သားသမီးပခုံးထက်က မိဘအတ္တ

မိဘတွေဟာ သားသမီးတွေကို ချစ်ကြတယ်၊ သူများထက် သာစေချင်တယ်။ ဒီအတွက် ပညာတွေ သင်ပေးကြတယ်။ ဒီလိုနဲ့ မိဘတွေရင်ထဲမှာ ကိုယ်ဖြစ်စေချင်တဲ့ဆန္ဒတွေကို သားသမီးတွေရဲ့ပခုံးပေါ် တာဝန်အဖြစ် တင်ပေးလိုက်ကြပါတော့တယ်။ သားသမီးဆိုတာကလည်း မိဘရဲ့ အနစ်နာခံမှု၊ မိဘရဲ့မေတ္တာတရားတွေကြောင့် မိဘဖြစ်စေချင်တာကို ကြိုးစားပြီး လုပ်ပေးတတ်ကြပါတယ်။ လူဆိုတာ ကြိုးစားတိုင်း ဖြစ်ချင်မှ ဖြစ်တတ်တာ။ မိဘဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကြိုးစားရင်းနဲ့ မိဘဖြစ်ချင်တာကို လုပ်မပေးနိုင်တဲ့ အခါ စိတ်ထွက်ပေါက်တွေ မှားသွားတတ်တယ်။ မိဘတွေရဲ့ အတ္တနဲ့ဆန္ဒကို သားသမီးတွေဟာ သူတို့ရဲ့ပခုံးပေါ်မှာတင်ရင်း ထမ်းရင်းနဲ့ လောကအလယ်မှာ သူများထက် နောက်ကျသူတွေ ဖြစ်သွားတတ်ပါတယ်။ တကယ်တော့ မိဘဆိုတာ သားသမီးအတွက်လား၊ သားသမီးဆိုတာ မိဘအတွက်လား ဆိုတာ စဉ်းစားကြည့်သင့်ပါတယ်။

## ရွေးချယ်စရာတွေ များမှများ

ယနေ့ခေတ် ဆယ်တန်းအောင်တယ် ဆိုတာ ဘဝရဲ့ လွတ်မြောက်မှုကြီး တစ်ခုပါ။ ဆယ်တန်းအောင်ပြီ ဆိုတာနဲ့ ရွေးချယ်ခွင့်တွေ အများကြီး ပိုင်ဆိုင်ခွင့် ရလိုက်ပြီ။ ရိုးရိုးတက္ကသိုလ် ရွေးမလား။ ဥပဒေ၊ စီးပွားစီမံ၊ ပထဝီ၊ သမိုင်း၊ ဓာတု၊ ရူပ၊ သတ္တ၊ ရက္ခ၊ စိတ်ပညာ၊ ဘူမိ၊ သင်္ချာ၊ မြန်မာ ကြိုက်ရာရွေးလို့ရတယ်။ ပညာရပ်တိုင်းဟာ သူ့ဟာနဲ့သူ တန်ဖိုးရှိကြတာပါပဲ။ ရိုးရိုးတက္ကသိုလ် မရွေးချင်ဘူးဆိုရင်လည်း နိုင်ငံခြားဘာသာ၊ ကွန်ပျူတာသိပ္ပံ၊ စက်မှု၊ သူနာပြု၊ ဆေးဝါးကျွမ်းကျင် ရွေးချယ်မလား၊ ဒါလည်း ရနိုင်တာပါပဲ။

ဒါမှမဟုတ် ယောက်ျားလေးတွေဆိုရင် စစ်တက္ကသိုလ်၊ တပ်မတော်အင်ဂျင်နီယာ၊ တပ်မတော် ဆေးတက္ကသိုလ်၊ ရေကြောင်းသိပ္ပံ ရွေးချယ်မလား၊ ရွေးချယ်စရာတွေ အများကြီးပါပဲ။ ဒါမျိုးမှ မရွေးချယ်ချင်ရင် တိုင်းရင်းဆေးသိပ္ပံ တက်မလား၊ ပညာရေးကောလိပ် တက်မလား။ စိုက်ပျိုး၊ သစ်တော၊ တိ/မွေးကုတက်မလား။ ဒါမှမဟုတ် ဆေးတက္ကသိုလ်တက်မလား၊ အားလုံးဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ရွေးချယ်ကြတဲ့အခါ ကိုယ်ဝါသနာပါတာကို မရွေးကြဘဲ အမှတ်မီတာကို ဝါသနာမပါဘဲ ရွေးချယ်လိုက်ကြတယ်။ ဒီလိုနဲ့ စိတ်မပါတဲ့ပညာရပ်ကို ဝင်ရွေးသဖွယ် လေ့လာရင်း၊ သင်ယူရင်းနဲ့ အသက်တွေ ကြီးလာတယ်။ အောင်မြင်မှုနဲ့ ဝေးကွာသွားတော့တယ်။ ဒါကြောင့် ရွေးချယ်ခွင့် အခွင့်အလမ်းကို အသုံးချတဲ့အခါ အမှတ်က ကိုယ့်ကိုရွေးချယ်တာထက် ကိုယ်က ဝါသနာပါတာကို ရွေးချယ်သင့်တယ်။ မိဘတွေကလည်း ကိုယ့်သားသမီး စိတ်ဝင်စားတဲ့ပညာရပ်ကိုသာ တွန်းအားပေးသင့်တယ်။

## ဘဝနှင့် အလွဲများ

ကြိုးစားခြင်းနဲ့ ရွေးချယ်ခြင်း ဘယ်ဟာက ပိုအရေးကြီးသလဲ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တလွဲတချော် အောင်မြင်မှုတွေ အများကြီးတွေ့ရတယ်။ ဆရာဝန်ဖြစ်ပြီး ဆေးကုသခြင်းမရှိတဲ့ ဆရာဝန်တွေ အများကြီးပါပဲ။ ဆရာဝန်ကျောက်ပွဲစား၊ ဆရာဝန်စက်မှုပညာရှင်၊ ဆရာဝန်စာရေးဆရာ၊ ဆရာဝန်ကုန်သည်။ ဒီလိုပဲ စက်မှုတက္ကသိုလ်ကဆင်းပြီး စက်မှုနဲ့ အသက်မမွေးတဲ့သူတွေ တစ်ပြုံကြီး ရှိတယ်။ ဥပဒေနဲ့ဘွဲ့ရပြီး ဥပဒေပညာရပ်နဲ့ ရပ်တည်သူ ရှားပါတယ်။ စီးပွားရေးတက္ကသိုလ်ကဆင်းပြီး ဘဝကို အဆင်ပြေသလို ဖြတ်သန်းနေရတဲ့သူတွေလည်း အများကြီးပါ။ ရိုးရိုးတက္ကသိုလ်ဆင်းပြီး ဆရာ၊ ဆရာမ ဖြစ်နေသူတွေ အများကြီးပါ။ မိဘတွန်းအားကြောင့် မိဘဖြစ်ချင်တာကို လုပ်ပေးတယ်။ ပြီးတော့မှ ကိုယ်ဝါသနာပါတာကို ဖွတ်လုပ်တယ်။ ဒီလိုနဲ့ ဘဝမှာ အလွဲတွေ အလွဲတွေ အများကြီးပဲ။

ကျွန်တော်တို့ဆီမှာ အမှတ်ကောင်းရင် ဆေးကျောင်း။ ဒီအယူအဆကြီးက တော်တော့်ကို အရိုးစွဲနေပြီ။ ဆေးပညာရပ်လိုပဲ တခြားပညာရပ်တွေကလည်း အရေးကြီးတာပါပဲ။ အသုံးတည့်တာပါပဲ။ ဒါကြောင့် ကိုယ့်ရင်းနှီး

စိုက်ထုတ်မှုနဲ့ တလွဲတချော် မဖြစ်အောင် ဝါသနာပါတာကို ရွေး။ စိတ်ဝင်စားတာကို ရွေးချယ်သင့်တယ်။ ရွေးချယ်မှုမှန်ကန်မှ ကြိုးစားခြင်းဟာ အဓိပ္ပာယ်ရှိပါမယ်။

**လူတန်ဖိုး**

ဆရာဝန်ဖြစ်မှ၊ အင်ဂျင်နီယာဖြစ်မှ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်တာ မဟုတ်ပါဘူး။ လူရာဝင်တာ မဟုတ်ပါဘူး။

လူငယ်တစ်ယောက်ဟာ…

အမှတ်နည်းခြင်း၊ များခြင်းကလည်း အရေးမကြီးဘူး။

ဘယ်ဘာသာရပ်ကို ရခြင်း၊ မရခြင်းကလည်း အရေးမကြီးဘူး။

ဘယ်သူ့သားသမီးဖြစ်တယ် ဆိုတာလည်း အရေးမကြီးဘူး။

ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း ဆိုတာလည်း အရေးမကြီးဘူး။

ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဆိုတာလည်း အရေးမကြီးဘူး။

ဘယ်လို မွေးလာသလဲ ဆိုတာလည်း အရေးမကြီးဘူး။

ဘယ်လို သေသွားသလဲ ဆိုတာလည်း အရေးမကြီးဘူး။

တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်ဖို့ဆိုရင်…


မိမိ အသက်ရှင်သန်နေစဉ်မှာ မိမိဝါသနာပါတဲ့အလုပ်ကို ထူးချွန်ထက်မြက်အောင် ကြိုးစားပြီး လူသားအကျိုး ဘယ်လောက် သယ်ပိုးမှာလဲ၊ ဘယ်လို နေထိုင်ပြုမူမှာလဲ၊ လောကအတွက် ဘာတွေ ချန်ရစ်ထားခဲ့ချင်သလဲ ဆိုတာက ပိုအရေးကြီးပါတယ်။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၇၆)၊ ၂၅-၈-၂၀၀၈*

■

အတ္တဥခွံ



အတ္တစိတ်ဟာ ကြောက်စရာကောင်းလိုက်တာ။

မီးလောင်တဲ့ဖြစ်ရပ်က အတူတူပဲ။

ငါ့အိမ်ဆိုတဲ့စိတ် ပူးကပ်နေချိန်မှာ အတ္တဟာ ဥခွံထဲက

ဖောက်ထွက်လာပါတော့တယ်။

ငါ့အိမ် မဟုတ်တော့ဘူးဆိုတဲ့ အသိစိတ်ဖြစ်သွားချိန်မှာ

အတ္တဟာ ဥခွံထဲမှာ ငုံ့လျှိုးပြီး နေပြန်တယ်။

## အတ္တဥခွံ

အတ္တစိတ်ဆိုတာ 'အရှေ့' တစ်မျိုး ဖြစ်တယ်။

ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ကိုယ်တွေ့ကြုံတဲ့ ဖြစ်ရပ်ကလေး ပြောပြပါရစေ။ ဒီဖြစ်ရပ်ကြောင့် ကျွန်တော့်ရဲ့အတ္တစိတ်ကို ကျွန်တော် ပြန်ကြည့်တတ်တဲ့ အလေ့အကျင့် ရလာခဲ့တယ်။ ဒီဖြစ်ရပ်ကြောင့် ကျွန်တော့်ရင်ထဲက အတ္တစိတ်ဆိုတဲ့ 'အကောင်' ဥခွံထဲက ပေါက်ထွက်လာတာ သတိပြုမိတတ်လာတယ်။

■

လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းကပေါ့။

နယ်မြို့လေးတစ်မြို့ကို ကျွန်တော် စာသွားသင်ဖြစ်တယ်။ အိမ်တစ်အိမ် မီးလောင်တာကို အစ အဆုံး ကျွန်တော် မြင်တွေ့ခွင့်ရခဲ့တယ်။ အဲဒီ ဖြစ်ရပ်ကို စာဖွဲ့ပြပါရစေ။

အဲဒီအိမ်ဟာ မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာ ရှိတယ်။ မြေကွက်လပ်ကလည်း အကျယ်ကြီးပဲ။ တိုက်အိမ် ဆောက်ထားတာလည်း မကြာသေးဘူး။

ဒီမြို့မှာတော့ အဲဒီ တိုက်အိမ်က အသားနားဆုံးပဲ။ အိမ်ပိုင်ရှင်မှာ သားသုံးယောက်နဲ့ သမီးတစ်ယောက်ရှိတယ်။ သားအကြီးဆုံးက အဲဒီအိမ်မှာပဲ ကျူရှင်ဖွင့်ထားတယ်။ ဓာတုဗေဒဘာသာရပ် အနီးကပ်ပို့ချပေးဖို့ ကျွန်တော့်ကို ဖိတ်ကြားလို့ ကျွန်တော် ရောက်သွားခဲ့တယ်။ ကျွန်တော် ရောက်တဲ့နေ့မှာပဲ အိမ်ပိုင်ရှင် အဖေကြီးက မန္တလေးမြို့ကို ဈေးဝယ်ထွက်သွားတယ်။

သူတို့နေတဲ့အိမ်ဟာ မြို့လယ်ဈေးနဲ့ မလှမ်းမကမ်းမှာရှိတော့ သောက်ရေသန့်ကုမ္ပဏီတစ်ခုက အဲဒီအိမ်ကို ဝယ်ချင်တယ်။ ပေါက်ဈေးထက် နှစ်ဆ

ပေးတယ်။ အိမ်ပိုင်ရှင်အဖေကြီးက မရောင်းဘူး။ သားတွေက ရောင်းချင်တယ်။ သူ့အဖေက ခရီးမထွက်ခင်မှာ ပြောသွားတယ်။ ဒီအိမ်နဲ့မြေကို ပေါက်ဈေးထက် သုံးဆရရင် ရောင်းမယ်တဲ့။

ကျွန်တော်က အဲဒီမြို့မှာ သုံးညအိပ်ပြီး စာသင်ဖို့ ပြင်ဆင်လာတယ်။ ကျွန်တော်ရောက်ပြီး နှစ်ရက်အကြာမှာ အဲဒီအိမ်ကြီး မီးလောင်တော့တယ်။ ဖြစ်ချင်တော့ အိမ်ပိုင်ရှင်အဖေကြီးက မန္တလေးက ခရီးရောက်မဆိုက် ပြန်လာတဲ့အချိန် ဖြစ်နေတယ်။

နယ်မြို့လေး ဆိုတော့ မီးလောင်တဲ့အခါ ရရာရေပုံးတွေနဲ့ ပက်ကြတယ်၊ မီးကို ငြိမ်းသတ်ဖို့ ကြိုးစားကြတယ်။ အိမ်ပိုင်ရှင်အဖေကြီးလည်း ပျာယာကိုခတ်လို့။ ကျွန်တော်လည်း တွေ့တဲ့ရေပုံးတစ်ပုံးကိုဆွဲပြီး မီးလောင်နေတဲ့အိမ်ကြီးကို ရေနဲ့ငြိမ်းသတ်ပေးခဲ့ရတယ်။ ရေတွေလည်း ရွဲလို့၊ ရွှံ့တွေလည်း ပေပွလို့ပေါ့။

"ငါ့အိမ် မီးလောင်နေပြီ၊ ငြိမ်းကြပါဟ၊ လုပ်ကြလေ၊ ဘာလို့ ငါ့အိမ် မီးလောင်တာကို ဝိုင်းကြည့်နေကြတာတုံး"

အဲဒီ အချိန်မှာ ကျွန်တော် တွေးမိတယ်။ ဒီအိမ်ကိုသာ သူ ခရီးမထွက်ခင်က ရောင်းသွားခဲ့ရင် ဒီလိုသောကမျိုး၊ ဒုက္ခမျိုးဖြစ်မှာ မဟုတ်ဘူး။

အခုတော့ သူ့အိမ်ကြီး မီးလောင်နေတာ သူ့ကို လောင်နေသလိုပဲလို့ ကျွန်တော် ခံစားနေမိတယ်။ အဲဒီ အချိန်မှာ သားအကြီးက သူ့အဖေနားကို ကပ်လာတယ်။

"အဖေ၊ စိတ်မပူနဲ့ အဖေ။ ဒီအိမ်ကို ပေါက်ဈေးထက် သုံးဆပေးမယ်လို့ မနေ့ကပဲ ကျွန်တော် အရောင်းအဝယ်စာချုပ် ချုပ်ထားပြီးပြီ အဖေရ။ အဖေ စိတ်ကို အေးအေးထားပါ၊ ဒါ အဖေ့အိမ် မဟုတ်တော့ဘူး"

ချက်ချင်းဆိုသလိုပဲ ဒီလူကြီးရဲ့မျက်နှာမှာ သောကတွေ ပျောက်သွားတာ တွေ့လိုက်ရတယ်။ ရင်ထဲမှာ ပူလောင်မှုတွေ ငြိမ်းသွားတာ တွေ့ရတယ်။ မီးလောင်တာကို ဝိုင်းကြည့်နေတဲ့ လူတွေထဲက လူတစ်ယောက်လိုပဲ သူ့မျက်နှာဟာ ချက်ချင်း ဖြစ်သွားတယ်။ ငါ့အိမ်ကို မီးလောင်နေတာ မဟုတ်ဘူးလို့ ခံစားချက် ချက်ချင်းဖြစ်သွားတယ်။

အဲဒီ အချိန်မှာ ဒုတိယသားက သူ့အဖေကို ဝင်ပြောတယ်။

"အဖေရေ… အရောင်းအဝယ်စာချုပ်သာ ချုပ်ထားတာ၊ စရန်ကလည်း နည်းနည်းလေးပဲ ပေးထားသေးတယ်၊ မဝယ်တော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော့်အထင်တော့ စရန်အဆုံးခံမယ် ထင်တယ်"

သားအလတ်ရဲ့စကားကိုလည်းကြားရော အဲဒီ အဖေကြီးဟာ ချက်ချင်းပဲ ပျာယာခတ်သွားပြန်တယ်။ ငါ့အိမ်ကို မီးလောင်နေတယ်လို့ ခံစားသွားရပြန်တယ်။

"လုပ်ကြပါဟ… ငြိမ်းကြပါဟ၊ ဘာလို့ ဝိုင်းကြည့်နေကြတာလဲ။ ကူညီကြပါဦး၊ ငါ့အိမ်ကြီး မီးလောင်နေပြီ၊ ဝိုင်းကြပါ၊ ပက်ကြပါ"

အဲဒီ အချိန်မှာ တတိယသားက အဝေးကနေပြီး သူ့အဖေဆီကို ပြေးလာတယ်။

ပြီးတော့ သူ့အဖေကို ဒီလို ပြောတယ်။

"အဖေရေ… အဲဒီကုမ္ပဏီက မန်နေဂျာနဲ့ သားနဲ့က သူငယ်ချင်း။ အခုလေးတင် အဲဒီမန်နေဂျာနဲ့တွေ့ခဲ့ပြီ။ သူ့ရဲ့ 'ဘော့စ်' ဆီကို ဖုန်းဆက်တယ်တဲ့။ သူ့ရဲ့ 'ဘော့စ်' က ပြန်ပြောတယ်။ အိမ်မီးလောင်တာ၊ မြေမီးလောင်တာ မဟုတ်ဘူး။ ဝယ်မယ်လို့ ဆုံးဖြတ်ထားတဲ့ကိစ္စ၊ ဝယ်မယ်တဲ့။ အဲဒီမြေပေါ်မှာ အဆောက်အအုံအသစ် ပြန်ဆောက်မယ်လို့ပြောတယ် အဖေ"

"မင်းဟာက သေချာရဲ့လားကွ"

"သေချာပါတယ် အဖေရ၊ သား အခုလေးတင် မန်နေဂျာနဲ့ စကားပြောလာတာ၊ သားရှေ့မှာတင် သူ ဖုန်းဆက်ပြီး မေးတာ။ အဖေ စိတ်အေးအေးထားပါဗျာ"

အဲဒီ အချိန်မှာ အိမ်ကြီးက မီးတော်တော် ကျွမ်းနေပါပြီ။ အိမ်နောက်ပိုင်းတစ်ပိုင်းလုံး မရှိတော့ဘူး။ ဘာပစ္စည်းမှလည်း မသယ်ဖြစ်ကြဘူး။ သားငယ်ရဲ့စကားကိုလည်းကြားရော သူ့အဖေဟာ မျက်ရည်တွေကို သုတ်လိုက်တယ်၊ ပုဆိုးကို ပြင်ဝတ်လိုက်တယ်၊ မြေကြီးပေါ်ကို ထိုင်ချလိုက်တယ်။ သူများအိမ် မီးလောင်နေသလိုအကြည့်မျိုးနဲ့ အေးဆေးသက်သာစွာပဲ သက်ပြင်းချလိုက်ပါတယ်။

"တော်ပါသေးရဲ့၊ ဒီလို ကတိတည်တဲ့သူနဲ့ တွေ့ရတာ အဖေတို့ ကံကောင်းတာပဲ"

မီးလောင်နေတဲ့အိမ်ကြီးကို သားအဖတစ်တွေ ထိုင်ပြီး ကြည့်နေကြတယ်။ ကိုယ့်အိမ်မဟုတ်ဘူး ဆိုတဲ့အသိကြောင့် ရင်ထဲမှာ အေးသွားတယ်။ လူတွေကလည်း ဘာမှမတတ်နိုင်တော့ မီး သူ့ဘာသာသူ ငြိမ်းမယ့်အချိန်ကိုပဲ စောင့်ကြည့်နေသလို ဖြစ်နေတယ်။ ဒီလိုနဲ့ အိမ်ကြီးဟာ ပြာပုံဖြစ်ခါနီးနေပြီ။ အဲဒီအချိန်မှာ အငယ်ဆုံးသမီးက ငိုပြီးတော့ သူတို့ရှိရာကို ပြေးလာတယ်။

"အဖေရေ… ဒီအိမ်ကြီးကို ဝယ်လက်က စရန် အဆုံးခံမယ်တဲ့"

သားအငယ်က ဝင်ပြောတယ်။

"နင်ကလည်း မဟုတ်တာ၊ ငါ အခုလေးတင် မန်နေဂျာနဲ့ တွေ့ခဲ့တာဟ။ သူ့ရဲ့ဘော့စ်က မြေကို မီးလောင်တာ မဟုတ်ဘူးတဲ့၊ ပေးထားတဲ့ ကတိအတိုင်း ဝယ်မယ်တဲ့၊ ငါ နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ"

အဲဒီ အချိန်မှာ သူတို့အဖေဟာ သွေးတိုးသလိုလို ဖြစ်လာတယ်၊ မောသလိုလို ဖြစ်လာတယ်။

"အငယ်မ၊ နင် ဘာတွေပြောတာလဲ၊ အဖေ့ကို သေချာရှင်းပြစမ်း။ ငါ သေလိမ့်မယ်။ အကြီးကောင်က တစ်မျိုး၊ အလတ်ကောင်က တစ်မျိုး၊ အငယ်ကောင်က တစ်မျိုး၊ နင်က တစ်မျိုးနဲ့"

"ဟုတ်တယ် အဖေရ၊ သမီးရှေ့မှာ မန်နေဂျာဆီ ဖုန်းထပ်လာတယ်။ ဒီတစ်ခါ ဖုန်းဆက်တာက ဘော့စ်ရဲ့မိန်းမက ဆက်တာတဲ့။ ဒီလို မီးလောင်မှတော့ ဘယ်လိုလုပ်ပြီး 'လာဘ်' ရှိမှာလဲတဲ့။ ဒီလို အတိတ်နိမိတ် မကောင်းတဲ့မြေကို မဝယ်ရဘူးတဲ့။ စရန်ကို အဆုံးခံမယ်တဲ့ အဖေရ"

သမီးစကားလည်းဆုံးရော အဲဒီ အဖေကြီးဟာ သတိမေ့သွားပါတော့တယ်။

■

အတ္တစိတ်ဟာ ကြောက်စရာကောင်းလိုက်တာ။

မီးလောင်တဲ့ဖြစ်ရပ်က အတူတူပဲ။

ငါ့အိမ်ဆိုတဲ့စိတ် ပူးကပ်နေချိန်မှာ အတ္တဟာ ဥခွံထဲက ဖောက်ထွက်လာပါတော့တယ်။

ငါ့အိမ် မဟုတ်တော့ဘူးဆိုတဲ့ အသိစိတ် ဖြစ်သွားချိန်မှာ အတ္တဟာ ဥခွံထဲမှာ ငုံ့လျှိုးပြီး နေပြန်တယ်။

ကျွန်တော့်စိတ်ထဲမှာ အဲဒီဖြစ်ရပ်ကိုကြည့်ပြီး အတ္တစိတ်ရဲ့ ရွှေလျားမှုတွေကို အတိုင်းသား မြင်တွေ့လိုက်ရတယ်။

ငါ့ဟာ… ငါ့ဥစ္စာ… ငါ့ပစ္စည်း…

ငါ့မြေ… ငါ့သား… ငါ့မယား…

ငါ… ငါ… ငါ… ဆိုတဲ့ အတ္တစိတ်ဟာ ကျွန်တော်တို့ကို သံသရာတစ်လျှောက်လုံး ဒုက္ခပေးနေတာ၊ ပူလောင်မှုတွေ ပေးနေတာကို အတိုင်းသား မြင်လိုက်ရပါတော့တယ်။

အတ္တစိတ်ဆိုတဲ့ 'အကောင်' ဥစ္စံထဲက ပေါက်ထွက်လာတာကို သတိနဲ့၊ ဉာဏ်နဲ့ ကြည့်ကြရအောင်ဗျာ။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၇၀)၊ ၁-၉-၂၀၀၀။*

■

# မုန်လာဥနှင့် ကြက်ဥ



နှစ်စတုန်းက ခံယူချက်တွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။

နှစ်လယ်မှာ အားပျော့၊ နှစ်ဆုံးမှာ အားကုန်၊

ဒီလိုနဲ့ စာမေးပွဲကြီးဖြေ။

အောင်စာရင်းထွက်ခါနီးမှာ မော်ဒရေးရှင်းနဲ့များ

အောင်လေမလား စဉ်းစား။

အဲဒီလို ကျောင်းသားတွေကို...

## မှန်လာဥနှင့် ကြက်ဥ

၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းတွေ ထွက်ခဲ့ပြီ။ မန္တလေးတိုင်းမှာ ဖြေဆိုသူ (၁၀၀၄၆၄) ဦး ရှိခဲ့တယ်။ (၂၈၁၃၈) ဦး အောင်မြင်ခဲ့တယ်။ အောင်ချက်ရာခိုင်နှုန်း ၂၈.၀၁ ရာခိုင်နှုန်းရှိတယ်။ ဒီ အောင်ချက်ရာခိုင်နှုန်းကို သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။

ဒါပေမဲ့ သင်တန်းကျောင်းတွေ၊ ကျူရှင်ကျောင်းတွေ၊ ဘော်ဒါဆောင် ကြီးတွေရဲ့ ကြော်ငြာတွေထဲမှာတော့ အောင်ချက်ရာခိုင်နှုန်းကို (၈၀) ရာခိုင်နှုန်းကျော်၊ (၉၀) ရာခိုင်နှုန်းကျော်တွေ ရေးထားတာ တွေ့ရပြန်တယ်။ စဉ်းစားစရာ ကောင်းလိုက်တာ။

တချို့လည်း ကိုယ်လိုချင်တဲ့ ဂုဏ်ထူးအရေအတွက်မရလို့ စိတ်ညစ် နေတဲ့ ကျောင်းသားတွေလည်း တွေ့ရတယ်။ တချို့ကျတော့ ကျရှုံးလို့ ဝမ်းနည်း နေကြပြန်တယ်။ တချို့မိဘများကျတော့ ကိုယ့်သားသမီးကို သူများသားသမီးနဲ့ နှိုင်းယှဉ်ပြီး အားမလိုအားမရဖြစ်တဲ့စိတ်နဲ့ ဆူကြတယ်။ စိတ်မကောင်းစရာပါ။ စာမေးပွဲဆိုတာ ကျွန်တော်တို့ကြည့်နေတဲ့ ဘောလုံးပွဲတွေလိုပါပဲ။ နိုင်မယ်၊ ရှုံးမယ်။ ရှုံးခဲ့မယ်ဆိုရင်တောင် နောက်တစ်ကြိမ် ပြန်ဖြေခွင့် ရှိနေသေးတာပဲ။

သတင်းစာတွေထဲမှာ ထူးချွန်သူတွေကို ဂုဏ်ပြုတဲ့ ဂုဏ်ပြုလွှာတွေ မြင်ရ၊ တွေ့ရ၊ ဖတ်ရတာ ဝမ်းသာစရာပါ။ ဒါပေမဲ့ ကျရှုံးတဲ့ကလေးတွေ၊ ကျောင်းသားတွေ၊ လူငယ်တွေအတွက် အားပေးတဲ့စာတွေ၊ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်တဲ့ ခွန်အားဖြည့်စကားတွေ ပြောဖို့တာဝန် ကျွန်တော်တို့ ဆရာတွေ၊ မိဘတွေမှာ ရှိနေတယ်ဆိုတာကိုတော့ မေ့နေကြပြန်တယ်။

ဒီအတွက် ကျွန်တော် ဆယ်တန်းကျောင်းသားဘဝ၊ 'ဘိုင်အိုဘာသာ ပြဆရာမ ဒေါ်ခင်ဆွေဝင်း' ရဲ့ ဆုံးမပုံလေးကို သတိရမိပါတယ်။

လင်းလွန်းခင်စာပေ

ဆရာမ ဒေါ်ခင်ဆွေဝင်းဟာ ယခု ပြင်ဦးလွင် အထက (၄) မှာ တာဝန်ထမ်းဆောင်ဆဲပါ။ ဆရာမအိမ်နဲ့ ကျွန်တော့်အိမ်ဟာ ကပ်ရက်ရှိပါတယ်။ ဆရာမ ကျောင်းသွားတိုင်း၊ ကျောင်းပြန်တိုင်း ကျွန်တော်က လိုအပ်တာ ကူညီရစမြဲပါ။ တစ်ရက်တော့ ဆရာမ ခြင်းတောင်းထဲက မုန်လာဥ တစ်စည်းနဲ့ ကြက်ဥနှစ်လုံး ပါလာတာကို ကျွန်တော် သတိပြုမိတယ်။ ဘိုင်အို ဘာသာရပ်ဆိုတော့ မုန်လာဥအကြောင်းများ သင်လေမလားလို့ ကျွန်တော် တွေးနေမိတယ်။

စာသင်ခန်းထဲရောက်တော့ ဆရာမက ဒီလို စကားစပါတယ်။

"ဒါ မုန်လာဥပဲ။ ဟောဒါက ကြက်ဥ၊ တွေ့ကြသလား"

မုန်လာဥနဲ့ ကြက်ဥဆိုတာ ကျွန်တော်တို့ မြင်နေကျပစ္စည်းတွေပဲ။ ဘာဆန်းတာမှတ်လို့။ ဆရာမက မုန်လာဥနဲ့ကြက်ဥကို အရေးတယူလုပ်ပြီး ဘာလို့များ ပြောနေပါလိမ့်လို့ တစ်တန်းလုံး စဉ်းစားနေမိတယ်။

"ဒီလိုပဲ၊ ကျောင်းသားနှစ်မျိုး ရှိတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆယ်တန်းအောင်စာရင်း ထွက်တယ်၊ မုန်လာဥတွေ စာမေးပွဲကျကြတယ်၊ ကြက်ဥတွေ စာမေးပွဲ အောင်ကြတယ်"

ကျွန်တော်တို့တစ်တန်းလုံး တဝါးဝါးနဲ့ ရယ်လိုက်ကြတယ်။

"ဘာမှ နားမလည်ဘဲ ရယ်မနေကြနဲ့။ မုန်လာဥလို ကျောင်းသားတွေရှိတယ်။ ကြက်ဥလို ကျောင်းသားတွေ ရှိတယ်။ သိကြရဲ့လား"

ဆရာမ ပြောတာကို ဘယ်သူမှ နားမလည်ကြပါ။

"ကဲ... အတန်းခေါင်းဆောင် ထွက်ခဲ့စမ်း၊ ရေနွေးအိုး တည်လိုက်"

ပြင်ဦးလွင် ဆိုတာ အေးတော့ စာသင်ခန်းတိုင်းမှာ လျှပ်စစ်ရေနွေးအိုး ရှိကြပါတယ်။ အတန်းခေါင်းဆောင်ဟာ ရေနွေးအိုးတည်ဖို့ ပြင်ဆင်ပါတော့တယ်။

"ကဲ... မုန်လာဥကို လာကိုင်ကြည့်စမ်း"

ရှေ့ဆုံးခုံက ကျောင်းသူတစ်ယောက် ဘုမသိ ဘမသိနဲ့ မုန်လာဥကို လက်နဲ့ သွားပြီး ကိုင်ပါတော့တယ်။

"မုန်လာဥက မာသလား၊ ပျော့သလား"

"မာပါတယ် ဆရာမ"

"ကဲ… ရော့၊ ဒီကြက်ဥကို ကိုင်ထား၊ ပြီးရင် ကြမ်းပြင်ပေါ် ပစ်ချလိုက်၊ ဘာဖြစ်သွားမယ် ထင်သလဲ"

"ကွဲသွားမှာပါ ဆရာမ"

အဲဒီ အချိန်မှာ ရေနွေးအိုးက ပွက်ပွက်ဆူနေပါပြီ။ အဲဒီ ရေနွေးအိုး ထဲကို မုန်လာဥနဲ့ ကြက်ဥ ထည့်လိုက်ပါတယ်။

ပြီးတော့ ဆရာမဟာ သူ သင်စရာရှိတဲ့စာတွေကို ကြိုးစားပမ်းစား သင်ပြပါတယ်။ မိနစ် ၂၀ လောက်ကြာမှ ဆရာမက မုန်လာဥနဲ့ ကြက်ဥကို ဆယ်ခိုင်းပါတယ်။ မုန်လာဥက ပျော့နေတယ်။ ကြက်ဥကတော့ မာလာတယ်။

ဆရာမက ပျော့နေတဲ့ မုန်လာဥကိုကိုင်ပြီး ဒီလို ဆုံးမစကား ပြောပါတယ်။

"မုန်လာဥလို ကျောင်းသားတွေ အများကြီးရှိတယ်။ ကျောင်းဖွင့်စမှာတော့ မိုးတစ်လုံး လေတစ်လုံးနဲ့ အပြောကြီးလိုက်တာ။ ဒီနှစ် ငါးဘာသာ၊ ခြောက်ဘာသာ ပါရမယ်၊ စာကြိုးစားမယ်၊ မိဘစကား နားထောင်မယ်၊ ရည်းစား မထားဘူး၊ ကျောင်း မပြေးဘူး၊ ကျောင်းမှန်မှန် တက်မယ်၊ စည်းကမ်း လိုက်နာမယ်၊ အိမ်စာပေးရင် လုပ်မယ်၊ မပျင်းဘူး။ ရည်မှန်းချက်က ဘယ်လို၊ ဘယ်လောက်ထိ အောင်မြင်မှုတွေ ရအောင်ယူမယ်။ ဒီလိုနဲ့ နှစ်လယ်လည်း ရောက်ရော ရည်းစားက ထားချင်လာပြီ၊ ကျောင်းက ပြေးတတ်လာပြီ။ မိဘစကား၊ ဆရာစကား နားမထောင်ချင်တော့ဘူး။ ညဆိုရင်လည်း အစောကြီးအိပ်တယ်။ မနက်လည်း မထချင်ဘူး။ စာသင်ခန်းထဲမှာလည်း စာကို စိတ်မဝင်စားဘူး။ သီတင်းကျွတ် ပထမအစမ်းမှာ ဂုဏ်ထူးထွက်ဖို့ နေနေသာသာ နှစ်ဘာသာ၊ သုံးဘာသာ ကျကုန်ရော။

ဒီလိုနဲ့ ဒုတိယအစမ်း ရောက်လာ၊ စာမေးပွဲကြီး ရောက်လာ။ မုန်လာဥ လိုပဲ၊ ရေနွေးထဲ မိနစ် ၂၀ လောက် ထည့်လိုက်တာ၊ ချက်ချင်း ပျော့သွားကြတယ်။ နှစ်စတုန်းက ခံယူချက်တွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။ နှစ်လယ်မှာ အားပျော့၊ နှစ်ဆုံးမှာ အားကုန်၊ ဒီလိုနဲ့ စာမေးပွဲကြီးဖြေ၊ အောင်စာရင်း ထွက်ခါနီးမှာ မော်ဒရေးရှင်းနဲ့များ အောင်လေမလား စဉ်းစား၊ အဲဒီလို ကျောင်းသားတွေကို မုန်လာဥလို ကျောင်းသားတွေလို့ ခေါ်တယ်"

ကျွန်တော်တို့အားလုံး ကျိတ်ပြုံးလေး ပြုံးမိကြတယ်။

"ကဲ… ကြက်ဥကို ကြည့်လိုက်စမ်း၊ ရေနွေးနဲ့ထိလေလေ မာလေလေပဲ။ တချို့ကျောင်းသားတွေဟာ ကြက်ဥလိုကျောင်းသားတွေ။ စာတွေများလာလေလေ ဝီရိယရှိလေလေ၊ ကြိုးစားလေလေပဲ။ စာမေးပွဲကြီး နီးလေလေ အလုပ်လုပ်လေလေပဲ။ စာမေးပွဲဖြေတဲ့အချိန်ထိ စာကို မကြောက်ဘူး၊ ခွဲရှိတယ်။ ကြက်ဥလို ကျောင်းသားတွေကတော့ ဂုဏ်ထူးတွေနဲ့ အောင်သွားကြတာပေါ့"

ကျွန်တော်တို့ တစ်တန်းလုံး ဆရာမရဲ့စကားကို သဘောပေါက်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေမိတယ်။

"မုန်လာဥလား၊ ကြက်ဥလား၊ ကိုယ့်ကိုယ်ကိုယ် စဉ်းစား။ မုန်လာဥ မလုပ်နဲ့၊ ဒါပဲ"

အဲဒီ အချိန်ကစပြီး ကျွန်တော်တို့ သူငယ်ချင်းတွေရဲ့ကြားမှာ မာချင်ယောင်ဆောင်ပြီး ရေနွေးနဲ့တွေ့ရုံနဲ့ ပျော့ဖပ်သွားတဲ့ 'မုန်လာဥ' လို့ အပြောခံရမှာ သိပ်ရှက်တတ်လာတယ်။ စာမကြိုးစားတဲ့သူ၊ ခွဲမရှိတဲ့သူ၊ ဝီရိယမရှိတဲ့သူကို 'မုန်လာဥ' လို့ စကြတယ်။

ကဲ… ဒီတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ မနှစ်က 'မုန်လာဥ' လုပ်လို့ ကျရှုံးခဲ့ပြီ။ ဒီနှစ်တော့ 'မုန်လာဥ' မလုပ်ကြပါနဲ့တော့။

ရေနွေးနဲ့တွေ့လေလေ မာလေလေဖြစ်တဲ့ ကြက်ဥလို စာနဲ့တွေ့လေလေ ကြိုးစားလေဆိုတဲ့ စိတ်ဓာတ်ရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ဖို့ ဒီစာနဲ့ တွန်းအားပေးလိုက်ပါတယ်။


ဒီစာကိုဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် မုန်လာဥလား၊ ကြက်ဥလားဆိုတာ စဉ်းစားကြည့်ကြရအောင်။

*ရွှေမန္တလေးဂျာနယ်*

*အမှတ်စဉ် (၂၈၁)၊ ၂၉-၉-၂၀၀၈*

■

# ဂွတ်… မောနင်း



'အောင်ပင်လယ်ကန်ပေါင်ပေါ်' က

လေနုအေးအေးလေးတွေ ရှူရှိုက်မိတိုင်း

မန္တလေးသား ဖြစ်ရတာကို ကျေနပ်မိတယ်။

လယ်ကွင်းစိမ်းစိမ်းတွေနဲ့ လှချင်တိုင်းလှနေတဲ့ နံနက်ခင်းဟာ

ကျွန်တော့်ရဲ့ သူငယ်ချင်းပါပဲ။

ကျွန်တော်နေတဲ့ မန္တလေးကို ကျွန်တော် သိပ်ချစ်တယ်။

မန္တလေးမှာ ချစ်စရာကောင်းတဲ့

မြန်မာ့ယဉ်ကျေးမှုတွေ၊ မြန်မာ့ဓလေ့တွေ

အများကြီး ကျန်ရှိနေသေးတယ်။

## ၀ွတ်... မောနင်း

နံနက် ၅ နာရီဆိုရင် ကျွန်တော် လမ်းလျှောက်ထွက်တတ်တယ်။ အသက်ကလေးရလာတော့ ငွေရှာတဲ့အလုပ်ကိုလျှော့ပြီး ကိုယ့်ဘ၀အတွက် အရေးကြီးတာတွေကို လုပ်ချင်လာတယ်။ ကိုယ် ဝါသနာပါတာတွေ လုပ်ချင်လာတယ်။ အောင်မြင်မှုနောက်၊ ငွေနောက်လိုက်ရတာ ကြာလာတော့ ငြီးငွေ့လာတယ်။ နံနက်မိုးလင်းကနေပြီး မိုးချုပ်တဲ့ထိ ပိုက်ဆံနောက် တကောက်ကောက် လိုက်ခဲ့တာတွေကို ပြန်တွေးကြည့်ရင် ရင်မောလိုက်တာ။

အသက် (၅၀) နား နီးလာတော့ ငွေနဲ့ကျန်းမာရေး၊ အောင်မြင်မှုနဲ့ ကျန်းမာရေး တစ်ခုခုကို ရွေးချယ်ရတော့မယ်ဆိုတဲ့ အသိလေး ဝင်လာတယ်။ ဒီအသက် ဒီအရွယ်မှာ ကျန်းမာရေးကလည်း သိပ်ပြီး မဟုတ်ချင်ဘူး။ ညာဘက်ကျောက်ကပ်ကို ခွဲပြီး ကျောက်ထုတ်ထားတာ နှစ်ခါရှိပြီ။ ဒီတော့ လမ်းလျှောက်ရင် ညာဘက်ခြေထောက်က သိပ်မသွက်ဘူး။

လမ်းလျှောက်တယ် ဆိုတော့ လမ်းကောင်းကောင်းကို ရွေးရတာပေါ့။ ကျွန်တော် နေတာက အရှေ့ကျွဲဆည်ကန်မှာ။ ကျွန်တော်တို့အရပ်က လမ်းလျှောက်လို့ သိပ်မကောင်းဘူး။ ဒါကြောင့် နံနက် နံနက်ဆိုရင် ဆိုင်ကယ်ကို စီးပြီး ထွက်ခဲ့တယ်။

သိပ္ပံလမ်းနဲ့ (၆၂)လမ်းထောင့်က ရွှေဥယျာဉ် လက်ဖက်ရည်ဆိုင်မှာ ဆိုင်ကယ်ကို အပ်တယ်။ သိပ္ပံလမ်းအတိုင်း တစ်ခါတလေ အရှေ့ဘက်ကို လမ်းလျှောက်ဖြစ်တယ်။ တစ်ခါတလေတော့လည်း အနောက်ဘက်ကို လမ်းလျှောက်ဖြစ်တယ်။

ငယ်ငယ်တုန်းက လမ်းအလွန် လျှောက်ခဲ့ရတယ်။ ကျောင်းသွားရင်လည်း ခြေကျင်ပဲ။ ဈေးသွားရင်လည်း ခြေကျင်ပဲ။ တက္ကသိုလ်ကျောင်းတက်

တော့မှ ကိုယ်ပိုင်စက်ဘီး စီးခွင့်ရခဲ့တယ်။ စက်ဘီးစီးရတာကိုက ကျန်းမာရေးလေ့ကျင့်ပြီးသား ဖြစ်နေတော့ မန္တလေးသားဖြစ်ရတာကို ဂုဏ်ယူမိတယ်။ ဒါပေမဲ့ အခုတော့ မန္တလေးသူ၊ မန္တလေးသားတွေလည်း ဆိုင်ကယ်စီးတဲ့သူတွေ ဖြစ်ကုန်ကြပြီ။

ဒါကြောင့် နံနက်တိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်မှ ဖြစ်မယ်ဆိုတဲ့ 'သတိ' ကလေး ဝင်လာတယ်။ နံနက်တိုင်း လမ်းလျှောက်ဖြစ်တော့တယ်။ ကျွန်တော့်မှာ လမ်းလျှောက်ဖော် လမ်းလျှောက်ဖက် မရှိပါ။

လမ်းလျှောက်ဖော် မရှိလည်း အရေးမကြီးပါဘူး။

အရှေ့ဘက်က ရှမ်းရိုးမ တောင်တန်းပြာပြာကြီးဟာ ကျွန်တော့်ရဲ့ မိတ်ဆွေပဲ။ အဲဒီတောင်တန်းကြီးကိုကြည့်ပြီး လမ်းလျှောက်ရတာ အရသာရှိလိုက်တာ။ တစ်ခါတလေ အောင်ပင်လယ်ကန်ပေါင်ပေါ်က လေနုအေးအေးလေးတွေ ရှူရှိုက်မိတိုင်း မန္တလေးသားဖြစ်ရတာကို ကျေနပ်မိတယ်။ လယ်ကွင်းစိမ်းစိမ်းတွေနဲ့ လှချင်တိုင်းလှနေတဲ့ နံနက်ခင်းဟာ ကျွန်တော့်ရဲ့ သူငယ်ချင်းပါပဲ။ ကျွန်တော်နေတဲ့ မန္တလေးကို ကျွန်တော် သိပ်ချစ်တယ်။ မန္တလေးမှာ ချစ်စရာကောင်းတဲ့ မြန်မာ့ယဉ်ကျေးမှုတွေ၊ မြန်မာ့ဓလေ့တွေ အများကြီး ကျန်ရှိနေသေးတယ်။

လမ်းလျှောက်ပြီးအပြန်မှာ ရွှေဥယျာဉ်လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်တယ်။ ရှမ်းခေါက်ဆွဲ မစားဘူး။ မန္တလေးကို ချစ်တဲ့စိတ်အရင်းခံနဲ့ မြီးရှည်စားချင်စားတယ်၊ မုန့်တီ စားချင်စားမယ်။ ပြီးမှ လက်ဖက်ရည် ပုံမှန်တစ်ခွက်ကို သောက်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ နံနက်ခင်းအရသာပါပဲ။

ဒီလိုနဲ့… လမ်းလျှောက်တာ တစ်နှစ်ကျော်ကျော်လောက်ကြာတော့ ရွှေဥယျာဉ်လက်ဖက်ရည်ဆိုင်မှာ လူတစ်ယောက်နဲ့ ခင်မင်မိတယ်။ သူဟာ ကျွန်တော့်လိုပဲ နံနက်တိုင်း လမ်းလျှောက်တတ်သူပါ။ အသားဖြူဖြူ၊ အရပ်ပုပု၊ နဖူးကျယ်ကျယ်၊ နှာခေါင်းပြားပြားနဲ့ ကွာတားဘောင်းဘီအဖြူကို အမြဲဝတ်တယ်။ စကားပြောရင်လည်း မပီဘူး။ သူ့လိုလူတွေ သိပ္ပံလမ်းပေါ်မှာ နံနက်နံနက်ဆိုရင် အုပ်စုဖွဲ့ပြီး လမ်းလျှောက်နေတာမြင်ရတော့ အားကျစရာကောင်းလိုက်တာ။ သိပ္ပံလမ်းမကြီးကလည်း ဖြူးလို့၊ ဖြောင့်လို့၊ ခေါင်မိုးလှလှ အိမ်ကလေးတွေနဲ့ သိပ်လှတဲ့ မန္တလေးမြို့ကြီးပါ။

သူက ကျွန်တော့်ကို ပြန်ပြုံးပြတယ်။ တစ်ခါတလေ ကျွန်တော်က သူ့ကို Good Morning လို့ နှုတ်ဆက်ရင် သူက ကျွန်တော့်ကို လက်ပြန်ပြတယ်။ သူ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိ။ ကျွန်တော် ဘယ်သူလဲ ဆိုတာလည်း သူ မသိ။ သူနဲ့ကျွန်တော်ဟာ နံနက်တိုင်း လမ်းလျှောက်တတ်တဲ့ ကျန်းမာရေးလိုက်စားသူတွေ ဖြစ်တယ်။

တစ်နံနက်မှာတော့ သိပ္ပံလမ်းမကြီးအတိုင်း အရှေ့ဘက်ကို မျက်နှာမူလို့ သူနဲ့ကျွန်တော် အတူတူ လမ်းလျှောက်ခဲ့ကြတယ်။ လမ်းလျှောက်ရင်းနဲ့ ဘာစကားပြောရရင် ကောင်းမလဲလို့ ကျွန်တော် တွေးနေမိတယ်။

စကားဆိုတာ တစ်ဖက်လူ နားလည်တဲ့အကြောင်းအရာကို ပြောမှ အပေါက်အလမ်း တည့်ပေတော့မှာပေါ့။ ဒီရက်ပိုင်းမှာ မန္တလေးကထုတ်တဲ့ ဂျာနယ်တွေထဲမှာ၊ သတင်းစာတွေထဲမှာ မန္တလေးမြို့တည် အနှစ် ၁၅၀ ပြည့်တော့မယ့်အကြောင်း ဆောင်းပါးတွေ၊ သတင်းတွေဖတ်ရတော့ အဲဒီအကြောင်း ပြောရင် ကောင်းမယ်လို့ စဉ်းစားမိတယ်။

*"သိလားဗျ၊ မကြာခင် မန္တလေးမြို့ကြီး စတည်ခဲ့တာ အနှစ် (၁၅၀) ပြည့်တော့မှာ။ ကျွန်တော်တို့ မန္တလေးမြို့ကြီးကို မြန်မာသက္ကရာဇ် ၁၂၂၁ မှာ မြို့တည်ခဲ့တာ။ 'အုတ်-ကျစ်-ကျော်-အေး-မန္တလေး' လို့ စာပြုပြီး မှတ်တမ်းတင်ခဲ့တယ်"*

"အေး"

*"ကျွန်တော်က မြန်မာသက္ကရာဇ် ၁၃၂၁ မှာမွေးတာ။ မန္တလေးမြို့ တည်တဲ့ ရာပြည့်နှစ်မှာ မွေးတဲ့သူပေါ့။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ မန္တလေး အနှစ် (၁၅၀) ပြည့်ကို ဆုံစည်းခွင့်ရတော့မယ်"*

"အေး"

တစ်ဖက်လူဟာ ကျွန်တော် ပြောသမျှကို ဘာမှပြန်မပြောဘူး။ ဒီလိုနဲ့ အောင်ပင်လယ်နတ်ကွန်းနားကို ကျွန်တော်တို့ ရောက်လာခဲ့တယ်။

*"မင်းတုန်းမင်းတရားကြီးက ကျွန်တော်တို့မန္တလေးမြို့ကို စနစ်တကျ အကွက်ချပြီး မြို့သစ်ကြီးတည်ခဲ့တာ။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ တိုင်းပြည်မှာ ပညာရှိသူရဲကောင်းတွေ အများကြီးပဲ သိလားဗျ"*

"အေး"

"ဒီ အောင်ပင်လယ်ရွာနားမှာပေါ့... ရေမြုပ်ဖုံးကို ကနောင်မင်းသားကြီး စမ်းသပ်ခဲ့တာလေ။ ဒီရေမြုပ်ဖုံးသာ အဲဒီအချိန်တုန်းက ခွင့်ပြုခဲ့ရင် ဗြိတိသျှအင်ပါယာကို ကျွန်တော်တို့ ကောင်းကောင်းအန်တုနိုင်တယ်"

"အေး"

"ဒါနဲ့၊ ခင်ဗျား ယောမင်းကြီးဦးဘိုးလှိုင်ကို ကြားဖူးတယ် မဟုတ်လား၊ သူကလည်း ပညာရှိကြီးဗျ။ဟိုတစ်နေ့ကမှ သူ့အကြောင်း၊ သူ့ အတ္ထုပ္ပတ္တိကို ဂယနဏ ဖတ်လိုက်ရမှ ယောမင်းကြီး ဦးဘိုးလှိုင်ဟာလည်း တော်တော့်ကို စံပြုထိုက်တဲ့ ပုဂ္ဂိုလ်ကြီးမှန်း ကျွန်တော် သိလိုက်ရတယ်"

"အေး"

"ပြောရဦးမယ်။ အောင်ပင်လယ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မန္တလေးမှာ ဂုဏ်ယူစရာကောင်းတဲ့ သီချင်းတွေ ရှိတယ်ဗျ၊ မန္တလေးမြို့ရဲ့ ကိုယ်ပိုင်သီချင်းတွေပေါ့။ ကျွန်တော်ဆိုရင် နံနက်တိုင်း မန္တလေးသီချင်းလေးတွေကို ဆိုညည်းပြီး လမ်းလျှောက်တာ"

"အေး"

"ခင်ဗျား... မြို့မငြိမ်းကို သိလား"

"ငေါ်... မတိဘူး"

"ဒါဆိုရင် ခင်ဗျား နန်းတော်ရှေ့ဆရာတင်ကိုတော့ သိလောက်မှာပါ"

"ငေါ်... မတိဘူး"

"ဒါဆိုရင်ကောဗျာ၊ လေဘာတီမမြရင်တို့၊ စိန်ဗေဒါတို့ ခင်ဗျား သိလောက်မှာပါ"

"ဒါလည်း... ငေါ်... မတိဘူး"

မန္တလေးကိုချစ်တဲ့ ကျွန်တော်က မန္တလေးရဲ့ အမှတ်သင်္ကေတတွေကို မေးနေမိတယ်။ သူဟာ ကျွန်တော် ဘာမေးမေး 'မတိဘူး' ပဲ ဖြေနေတယ်။ ကျွန်တော်လည်း သူ့ကို တအံ့တသြကြီး ကြည့်နေမိတယ်။

"ဒါဆိုရင် ခင်ဗျားသိတာ ဘာရှိလဲ"

"ငေါ်... တိတာတွေ အများကြီးရှိတယ်။ ဒီနေ့ ငွေဈေးဘီလောက်ပေါက်တယ်၊ ရွှေဈေး ဘီလောက်ပေါက်တယ်၊ ငေါ်တိတယ်။ အိမ်ဈေး၊

မြေဈေး ဘီလောက်ရှိတယ်၊ ငေါ်တိပါတယ်။ နင်ပြောတဲ့ မြို့မငြိမ်းတို့၊ ဦးဘိုးလှိုင်တို့က ဘီလောက်ဈေးပေါက်လဲ"

"ဗျာ..."

ရွှေမန္တလေးဂျာနယ်

*အမှတ်စဉ် (၂၀၂)၊ ၆-၁၀-၂၀၀၈*

■


ပန်းကန်ပြားတီးတဲ့

သူများအကြောင်း သိဖို့ မကြိုးစားနဲ့။

ကိုယ့်အကြောင်းကို သိဖို့ ကြိုးစား၊

လူမိုက်တွေဟာ သူများအကြောင်းကို စိတ်ဝင်စားတယ်။

လူလိမ္မာတွေက ကိုယ့်အကြောင်းကို ကိုယ် စိတ်ဝင်စားတယ်။

ကိုယ့်အမှား ကိုယ် သိတယ်။ ကိုယ့်အမှား ကိုယ် ပြုပြင်တယ်။

## ပန်းကန်ပြားတီးတဲ့ အရူး

နေကလည်း ပူလိုက်တာ။ အရေးထဲမှာ ဆိုင်ကယ်ကလည်း ဘီး ပေါက်လိုက်သေးတယ်။

ကျွန်တော့်အိမ်က ကျွဲဆည်ကန်အရှေ့မှာပါ။ မွန်းလွဲ ၂ နာရီလောက်မှာ အိမ်က ထွက်ခဲ့တယ်။ လေယာဉ်ကွင်းအဟောင်းနား ရောက်ခါနီးမှာ ဆိုင်ကယ်က ဘီးပေါက်တော့တယ်။ နေပူပူ လေပူပူအောက်မှာ ဆိုင်ကယ်ကို ဆင်းပြီးတွန်းရပါတော့တယ်။ ဆိုင်ကယ်ကို ဂီယာနံပါတ် ဝမ်း ထည့်လိုက်တယ်။ လီဗာကို ဖြည်းဖြည်းလေးတင်ပြီး တွန်းလာခဲ့တယ်။

လေယာဉ်ကွင်းဟောင်းရှေ့မှာ ပန်းကန်ပြားတစ်ချပ်ကို အမြဲ တီးနေတဲ့ အရူးတစ်ယောက် ရှိတယ်။ သူဟာ အမြဲတမ်းပဲ ကြွေးပန်းကန်ပြားကို တုတ်တစ်ချောင်းနဲ့ တီးနေတတ်တယ်။ ညစ်ပေနေတဲ့ ပဝါအနီကို အမြဲ ခြုံထားတတ်တယ်။ သူ့အနားကို ကျွန်တော် ရောက်သွားတယ်။

"ငါ ကူပြီး တွန်းပေးမယ်"

"မလိုပါဘူး၊ ရပါတယ်"

"ငါ ကူညီချင်လို့ကွ"

ဒီလိုနဲ့ ပန်းကန်ပြားတီးတဲ့အရူးက ကျွန်တော့်ဆိုင်ကယ်ကို လေထိုးကျွတ်ဖာဆိုင်ရောက်သည်အထိ တွန်းပေးပါတော့တယ်။ လေထိုးဆိုင်လည်း ရောက်ရော သူက မပြန်သေးဘဲ ပန်းကန်ပြားကို ဆက်ပြီး တီးနေပါတယ်။ ကျွန်တော်က သူ့ကို ပိုက်ဆံ (၅၀၀) ကျပ် ထုတ်ပေးလိုက်ပါတယ်။ ဒီနေရာမှာ သူနဲ့ကျွန်တော် စကားတွေ များခဲ့ကြတယ်။ စကားတွေ ပြောဖြစ်ခဲ့တယ်။ သူ ပြောတဲ့စကားတွေက သိပ်စိတ်ဝင်စားစရာကောင်းတယ်။

"ခင်ဗျားကို ကျွန်တော် မုန့်ဖိုးပေးတာ ယူပါ"

"မင်း ငါ့ကို ပိုက်ဆံနဲ့ ဖျက်ဆီးတာလား။ လူတွေက တော်တော် ခက်တယ်။ ဒီပိုက်ဆံပဲကွ၊ ဒီပိုက်ဆံကြောင့် လင်မယားတွေ ကွဲကြတယ်၊ မိသားစုတွေ မုန်းကြတယ်။ ဒီပိုက်ဆံကြောင့် လူတွေ ပျက်စီးကြတယ်။ ဒီ ပိုက်ဆံကြောင့် စာရိတ္တတွေ ပျက်တယ်၊ ဂုဏ်သိက္ခာတွေ ကျတယ်"

ကျွန်တော် အရမ်းအံ့သြသွားတယ်။ သူ ပြောတဲ့စကားဟာ အဓိပ္ပာယ် တွေ ပါတယ်။ သူက ဆက်ပြောတယ်။

"လူတွေက တော်တော်ခက်တယ်။ ပိုက်ဆံရဖို့ အလုပ်လုပ်တယ်။ အလုပ်ကို လုပ်ချင်လို့ လုပ်နေကြတာ မဟုတ်ဘူး။ ပိုက်ဆံလိုချင်လို့ လုပ်နေ ကြတာ။ ဒါကြောင့် လူ့လောကကြီး ပျက်စီးနေတာ။ ငှက်တွေမှာ ပိုက်ဆံ မလိုဘူး၊ ဒါကြောင့် ငှက်တွေဟာ လူတွေလောက် ဒုက္ခမများဘူး၊ လူတွေ လောက် စာရိတ္တမပျက်ဘူး။ ပိုက်ဆံဆိုတာ ဒုက္ခရဲ့ နောက်ထပ်အဓိပ္ပာယ် တစ်မျိုးကွ"

သူက ကျွန်တော့်ကို ပြောနေတာ မဟုတ်ဘူး။ အရူးသဘာဝအတိုင်း ပြောချင်ရာ ပြောနေတာ။ ကျွန်တော်က သူ့ကို ပိုက်ဆံတစ်ထောင် ထုတ်ပေး လိုက်တယ်။

"ကဲဗျာ… ဒါဆို တစ်ထောင်ယူ၊ ခင်ဗျားက ကျွန်တော့်ကို ကူညီ တာဆိုတော့ ကျေးဇူးတင်လို့ပါ"

"အဲဒါပဲ… ဒါတွေကြောင့် ခက်တယ်ပြောတာ။ စေတနာဆိုတာ ပိုက်ဆံနဲ့ တန်ဖိုးဖြတ်လို့ မရဘူး။ မင်း ငါ့ကို မဖျက်ဆီးနဲ့၊ ငါ့စေတနာကို မင်း တန်ဖိုးမဖြတ်နဲ့။ ငါက ဗိုက်ဆာနေတာ"

ကျွန်တော်လည်း လေထိုးကျွတ်ဖာဆိုင်အနီးက လက်ဖက်ရည်ဆိုင်ကို သွားလိုက်တယ်။ စားစရာလည်း ထူးထူးခြားခြား ဘာမှ မတွေ့ဘူး။ ဒီလိုနဲ့ အဆင်သင့်ရှိတဲ့ ပေါက်စီကြော်နှစ်လုံး ဝယ်လာလိုက်တယ်။

"ကဲ… ခင်ဗျား ဗိုက်ဆာရင် စား… ရော့"

သူ လိုလိုလားလားပဲ ပေါက်စီကြော်နှစ်ခုကို လှမ်းယူလိုက်တယ်။ ပေါက်စီကြော်ကို မစားသေးဘဲ သူ့ခေါင်းပေါ်မှာ လက်နှစ်ဖက်ကိုတင်ပြီး တစ်ခုခုကို ရွတ်ဖတ်နေတယ်။

"ဘာလုပ်နေတာလဲဗျ"

"သေသွားတဲ့ အဖေနဲ့အမေကို ကျွေးနေတာ"

သူ့စကားတွေက တစ်မျိုးပဲ။ ဟုတ်တာပေါ့၊ သူက အရူးကိုး၊ သူက စိတ်ဖောက်ပြန်နေတာကိုး။ သူဟာ ပေါက်စီကြော်နှစ်လုံးကို အားရပါးရ စားနေပါတော့တယ်။

"ခင်ဗျား… ဒီ (၇၈) လမ်းပေါ်မှာ ဘာလုပ်နေတာတုံး။ ခင်ဗျားကို ကျွန်တော် နေ့တိုင်းတွေ့တယ်။ ပန်းကန်ပြားကို အမြဲ တီးတီးနေတာ ကျွန်တော် သတိထားမိတယ်။ ခင်ဗျား ဘယ်မှာနေတာလဲ"

"အဲဒါပဲ၊ ပေါက်စီကြော်ကျွေးပြီး လူကိုစပ်စုပြီ။ သူများအကြောင်း သိဖို့ မကြိုးစားနဲ့၊ ကိုယ့်အကြောင်းကိုသိဖို့ ကြိုးစား။ လူမိုက်တွေဟာ သူများ အကြောင်းကို စိတ်ဝင်စားတယ်။ လူလိမ္မာတွေက ကိုယ့်အကြောင်းကို ကိုယ် စိတ်ဝင်စားတယ်၊ ကိုယ့်အမှား ကိုယ် သိတယ်၊ ကိုယ့်အမှား ကိုယ် ပြုပြင်တယ်"

သူ့စကားက ကျွန်တော့်ရင်ဘတ်ကို လာပြီး မှန်ပါတယ်။

သူက ဆက်ပြောတယ်။

"ဒါ… (၇၈) လမ်း မဟုတ်ဘူးကွ။ (၇၈) လမ်းက စစ်ကိုင်းလမ်းခွဲ ဓာတ်ဆီဆိုင်မှာ ဆုံးခဲ့ပြီ။ စစ်ကိုင်းလမ်းခွဲရဲ့ ဒီဘက်ကို ရန်ကုန်-မန္တလေးလမ်းလို့ ခေါ်တယ်၊ မသိရင် မှတ်ထား"

ကျွန်တော် ရေရေလည်လည် ခံလိုက်ရတယ်။ သူ ပြောတဲ့စကားတွေက မှန်နေတာကိုး။ သူ့ကို စကားဆက်ပြောရင် စပ်စုတယ်လို့ ထင်ဦးမယ်။ ဒါကြောင့် ဘာမှ မပြောဘဲ သူ ပေါက်စီစားနေတာကို ကျွန်တော် စိုက်ကြည့်နေမိတယ်။

"ကျေးဇူးတင်တယ်လို့ မပြောတော့ဘူး၊ ကျေးဇူးဆပ်နေရမှာစိုးလို့။ မင်းက ငါ့ကို မုန့်ကျွေးတယ်။ ငါက မင်းကျွေးတာကို စားတယ်။ မင်းကို ငါက ပြန်ကျွေးချင်မှ ကျွေးနိုင်မယ်။ ငါက မင်းကို ပြန်မကျွေးနိုင်ရင်လည်း မင်းက စိတ်မဆိုးနဲ့။ လူတွေက မျှော်ကိုးပြီး ကူညီချင်ယောင်ဆောင်ကြတာကွ"

သူ ပြောသမျှစကားတွေဟာ ကျွန်တော့်နားထဲမှာ အဆန်းတကြယ် ဖြစ်နေပါတယ်။ ဟုတ်တော့ဟုတ်တယ်။ ကျွန်တော်တို့ လူတွေကို ကူညီ

တယ်။ ပြီးတော့ တစ်ခုခုပြန်တောင်းတယ်။ ရရင်ပျော်တယ်။ မရရင် မကျေနပ်ဘူး။

"စပ်စုတယ် မထင်ပါနဲ့ဗျာ၊ ခင်ဗျားက တကယ်အရူးလား"

သူ့စကားတွေကြောင့် ကျွန်တော်က ဒီလို မေးမိလိုက်တာပါ။

ကျွန်တော့်စကားကိုလည်း ကြားရော တဟားဟားနဲ့ ရယ်ပါတော့တယ်။ အကြာကြီးကို ရယ်မောနေလိုက်တာ။

"ငါ့ကိုများ အရူးလားတဲ့၊ လူတိုင်းက အရူးပဲ ဥစ္စာ"

ကျွန်တော့်စကားနဲ့ ကျွန်တော် ခံလိုက်ရပြန်ပြီ။

သူက ကျွန်တော့်ကို မျက်ထောင့်နီကြီးနဲ့ ပြန်ပြီး စိုက်ကြည့်နေတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း သူ့ကို စကားဆက်ပြီး ပြောချင်နေတယ်။ သူ ဘာတွေ ပြောမလဲ ဆိုတာကို စိတ်ဝင်စားနေမိတယ်။

"ခင်ဗျား ဒီလေယာဉ်ကွင်းရှေ့မှာ ပန်းကန်ပြားကြီးကို တီး… တီးပြီး ဘာလုပ်နေတာတုံး"

"အချက်ပြနေတာဟေ့၊ အချက်ပြနေတာ"

"ဘာ အချက်ပြတာလဲဗျ"

"ဒီလမ်းက မန္တလေးမှာ လူတိုင်း သွားရမယ့်လမ်း"

သူ့စကားကို ကျွန်တော် နားမလည်ဘူး။ သူက ဆက်ပြောတယ်။

"ငါ မော်တော်ကားတွေကို ရေတွက်နေတာ"

"ဒီလောက်များတဲ့ကားတွေ ခင်ဗျား ရေတွက်နိုင်လို့လား"

"ငါက အသုဘကားတွေကိုမှ ရွေးပြီး ရေတွက်တာကွ၊ နေ့တိုင်း အစီး ၅၀ လောက်ရှိတယ်"

■

သူ့စကားတွေကို စာဖတ်သူအား ဝေမျှလိုက်ပါတယ်။
စဉ်းစားကြည့်ကြရအောင်ဗျာ။

*ရွှေမန္တလေးဂျာနယ်*
*အမှတ်စဉ် (၂၈၆)၊ ၈-၁၁-၂၀၀၈*

■

လင်းလွန်းခင်စာပေ